မြန်မာ့အလင်း
၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၅ ခုနှစ်၊ တပို့တွဲလပြည့်နေ့၊ ၂၀၀၄ ခုနှစ်၊ ဖေဖော်ဝါရီ ၅ ရက်၊ ကြာသပတေးနေ့၊ အတွဲ(၉၁)၊ အမှတ်(၁၂၈)

နိုင်ငံတော်၏ဦးဆောင်မှုကိုခံယူပြီး တက်ညီလက်ညီပူးပေါင်းပါဝင်မည် ဟိုမိန်းဒေသတိုင်းရင်းသားခေါင်းဆောင်များ ရှင်းလင်းတင်ပြ

ရန်ကုန် ဖေဖော်ဝါရီ ၄

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဦးမဟာဂျာ ခေါင်းဆောင်သော ဟိုမိန်းဒေသ တိုင်းရင်းသားအဖွဲ့အား ယနေ့ ညနေ ၅ နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး တင်လှိုင်၊ သတ္တုတွင်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်၊ ဝန်ကြီးချုပ်ရုံးဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ ဒုတိယတပ်မတော် ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်း၊ သစ်တောရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် တင်နိုင်သိန်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီး ဖေငြိမ်း၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်နှင့် တပ်မတော်ထောက်လှမ်းရေး ဌာနချုပ်ရုံးမှ အရာရှိကြီးများ တက်ရောက်ကြသည်။

ပူးပေါင်းပါဝင်မည်

တွေ့ဆုံပွဲတွင် တိုင်းရင်းသား ခေါင်းဆောင်များက မိမိတို့အဖွဲ့အနေဖြင့် နိုင်ငံတော်၏ ဦးဆောင်မှုကို ခံယူ၍ တက်ညီလက်ညီ ပူးပေါင်းပါဝင် ဆောင်ရွက်ကြမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းရင်းသား ခေါင်းဆောင်များက ဒေသဖွံ့ဖြိုးရေးအတွက် ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် စီးပွားရေး လုပ်ငန်းများကို နိုင်ငံတော်က ကူညီပံ့ပိုးပေးရေး တင်ပြဆွေးနွေးသည်။

(သတင်းစဉ်)

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဦးမဟာဂျာ ခေါင်းဆောင်သော ဟိုမိန်းဒေသ တိုင်းရင်းသားအဖွဲ့အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)



အင်အားစုသုံးရပ် လက်တွဲကြိုးပမ်းမှုကြောင့် ဖွံ့ဖြိုးတိုးတက်မှုအသီးအပွင့်များပေါ်ထွက်လာပြီဖြစ်

နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးအဖြာဖြာတို့ သိသာလျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာစေရန် အခြေခံကျသည့် ဦးတည်ချက်များ ချမှတ်၍ တိုင်းကျိုးပြည်ပြု အင်အားစု သုံးရပ်ဖြစ်သော တိုင်းရင်းသားပြည်သူများ၊ တပ်မတော်နှင့် နိုင်ငံတော်အစိုးရလက်တွဲ၍ အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်လျက်ရှိခြင်းကြောင့် ကဏ္ဍအသီးသီး၊ နယ်ပယ်အရပ်ရပ်၌ ဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်များ ပေါ်ထွက်လာပြီဖြစ်ပါသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
(၅၁)နှစ်မြောက် ပြည်ထောင်စုနေ့သဝဏ်လွှာမှ–

"ဒီနိုင်ငံဟာ တိုင်းရင်းသားလူမျိုးပေါင်းစုံ စုစည်းနေထိုင်တဲ့နိုင်ငံ ဖြစ်ပါတယ်။ ဥပမာ တင်စားပြီးပြောရရင် ပန်းပေါင်းစုံ ဖူးပွင့်ဝေဆာနေတဲ့ ပန်းဥယျာဉ်တစ်ခုပါပဲ"
[ပအိုဝ်းတိုင်းရင်းသားခေါင်းဆောင် ဦးအောင်ခမ်းထီနှင့် တွေ့ဆုံမေးမြန်းခန်းကို စာမျက်နှာ (၈–၉)တွင် အကျယ်တဝင့်ဖော်ပြထားပါသည်။]

ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် ချိုင့်ဝှမ်းသုံးခုရှိသည်။ ထိုချိုင့်ဝှမ်း သုံးခုအနက် ပအိုဝ်းဒေသမှ ဟိုပုန်းချိုင့်ဝှမ်းလည်း အပါအဝင်ဖြစ်သည်။ ပအိုဝ်းတိုင်းရင်းသားများနေထိုင်ရာ ဟိုပုန်းချိုင့်ဝှမ်းတွင် တဘက်ချောင်းကြီးက အလယ်မှ ဖြတ်သန်းစီးဆင်းနေသဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုအောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။ (အောက်ပုံ)**မှာ တစ်မျှော်တစ်ခေါ် တွေ့ခဲ့ရသည့် ဒေသခံတိုင်းရင်းသားများ စိုက်ပျိုးထားသော ပဲတီစိမ်းစိုက်ခင်းကြီးဖြစ်သည်။** [သတင်းဆောင်းပါး–စာမျက်နှာ(၈–၉)]၊ဓာတ်ပုံ–တင်စိုး(မြန်မာ့အလင်း)

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ဂုဏ်ပြုကြိုဆို

"ပြည်ထောင်စုဟာ ပင်စည်ဖြစ်ပြီးတော့ ကျန်တဲ့ တိုင်းရင်းသားညီအစ်ကိုတွေဟာ အကိုင်းအခက်တွေပဲဖြစ်တယ်။ ပင်စည်ကြီး ခိုင်မာမြဲမြံမှသာလျှင် အကိုင်းအခက်တွေ ဝေဆာလာမှာဖြစ်တယ်"

မောင်မောင်ကျော်၏ (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုဆောင်းပါး **"တောင်ပေါ်မြေပြန့် မခွဲခြား အားလုံးတစ်ပြေးညီ တိုးတက်လာ"**ကို စာမျက်နှာ(၈–၉)၊ မောင်ရွှေနွယ်(အင်းလေး)၏ **"တို့ပြည်ထောင်စု"**(တျာချင်း) ကဗျာကို စာမျက်နှာ(၃)နှင့် ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်မှုမြင်ကွင်းတို့ကို စာမျက်နှာ(၇)တွင် ဝေဝေဆာဆာ ဖော်ပြထားပါသည်။

(မြန်မာ့အလင်း)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်)

ကျန်းမာရေးဆိုင်ရာအခြေခံများတိုးပွားစေရေး သုတေသနလုပ်ငန်း တိုးတက်ဖြစ်ထွန်းအောင် စွမ်းဆောင်

နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်မြှင့်တင်ပေးရာတွင် သုတေသနနှင့် ဖွံ့ဖြိုးမှု (Research and Development)သည် အဓိကကျသည့်အခန်းကဏ္ဍက ပါဝင်အထောက်အကူပြုလျက်ရှိသည်။ ထို့ကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးသည် အဆင့်မြင့်သုတေသနလုပ်ငန်းများကို အပြိုင်အဆိုင်ကြိုးပမ်းဆောင်ရွက်ရင်း မိမိနိုင်ငံ၊ မိမိလူမျိုး၏အကျိုးစီးပွား ဖော်ဆောင်မြှင့်တင်ပေးရေးကို အားထုတ်ကြိုးပမ်းဆောင်ရွက်နေကြသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အနေဖြင့်လည်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု နယ်ပယ်ကဏ္ဍစုံတွင် သိပ္ပံနှင့်နည်းပညာ ဖွံ့ဖြိုးတိုးတက်မှုများနှင့်ယှဉ်တွဲပြီး အဆင့်မြင့်သုတေသနလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းစေရန် အားပေးဆောင်ရွက်လျက်ရှိရာ၌ ကျန်းမာရေးကဏ္ဍတွင်လည်း ကျန်းမာရေးဆိုင်ရာ သုတေသနနှင့် ဖွံ့ဖြိုးမှုတို့ကို အလေးထား အားပေးမြှင့်တင်ဆောင်ရွက်လျက် ရှိသည်။

ကျန်းမာရေးဝန်ကြီးဌာန မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီလ ၃ ရက်နေ့ နံနက်ပိုင်းက ရန်ကုန်မြို့ ဒဂုံမြို့နယ် ဇီဝကလမ်းရှိ ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) အစည်းအဝေးခန်းမ၌ကျင်းပရာ အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ အမှာစကားပြောကြားသည်။

အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကား ပြောကြားရာတွင်–

"တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်သန်စွမ်းရေးဆိုသည့် မွန်မြတ်မြင့်မားသော အမျိုးသားရေးဦးတည်ချက်ကိုချမှတ်ပြီး အမျိုးသားကျန်းမာရေး အဆင့်အတန်း တိုးတက်မြင့်မားစေရအောင် ဘက်စုံကဏ္ဍစုံက အားထုတ်ကြိုးပမ်းဆောင်ရွက်နေသည့် ယနေ့အချိန်အခါတွင် ယခုလို ကျန်းမာရေးကဏ္ဍနယ်ပယ်စုံက သုတေသီပညာရှင်များ စုံစုံညီညီ ပါဝင်တက်ရောက်ဆွေးနွေးကြမည့် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံကြီးကို နှစ်စဉ် အစဉ်အလာမပျက် ကျင်းပနိုင်ခြင်းသည် ကျန်းမာရေးဆိုင်ရာ သုတေသီပညာရှင်များ၏ ပညာရပ်ဆိုင်ရာ စွမ်းဆောင်ရည်ထက်မြက်မြင့်မားမှုနှင့် အမျိုးသားရေး အကျိုးစီးပွား တိုးတက်ဖော်ဆောင်မှုတို့ကို များစွာအကျိုးဖြစ်ထွန်းစေမှာ ဖြစ်သည်"

ဟု ပြောကြားသွားသည်။

မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံများ နှစ်စဉ်မပျက် ကျင်းပနိုင်လျက်ရှိခြင်းကြောင့် ကျန်းမာရေးဆိုင်ရာ သုတေသန ပြုလုပ်တွေ့ရှိချက်များကို သုတေသီပညာရှင်အချင်းချင်း အတွေ့အကြုံများ နီးနှောဖလှယ်နိုင်မှုနှင့် သုတေသနပြုလုပ်တွေ့ရှိချက်များကို ကျန်းမာရေးစောင့်ရှောက်မှု နယ်ပယ်အသီးသီးတွင် အကျိုးရှိ ထိရောက်စွာအသုံးချနိုင်မှုတို့အပါအဝင် အကျိုးရလဒ်ကောင်းများစွာကို ရရှိဖြစ်ထွန်းစေမည် ဖြစ်သည်။

ယခုအခါ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်မှုနှင့်အညီ ကျန်းမာရေးဆိုင်ရာ သုတေသနလုပ်ငန်းများ အထူးပြုဆောင်ရွက်မည့် ဆေးသုတေသနဦးစီးဌာနများကို ရန်ကုန်မြို့တော်တွင်သာမက အထက်မြန်မာပြည်နှင့် မြန်မာပြည်အလယ်ပိုင်းတို့မှာပါ တိုးချဲ့ပြီး ဦးစီးဌာနသုံးခုအထိ ထူထောင်ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး ဖြစ်သည်။

တိုးပွားဆန်းပြားလာသော ကျန်းမာရေးဆိုင်ရာ စိန်ခေါ်မှုအမျိုးမျိုးနှင့် လိုက်လျောညီထွေစွာ ကျန်းမာရေးဆိုင်ရာ သုတေသနလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရေးအတွက် အမျိုးသား သွေးသုတေသနဌာန(National Blood Research Center)၊ အမျိုးသားအဆိပ်ထိန်းချုပ်မှုဌာန(National Poison Control Center)နှင့် အသည်းရောင် အသားဝါ(ဘီ) ကာကွယ်ဆေးစက်ရုံတို့ကဲ့သို့သော အထူးပြုဌာနများကို နိုင်ငံတော်အစိုးရက တိုးချဲ့ဖွဲ့စည်း တည်ဆောက်ပေးထားပြီးလည်း ဖြစ်သည်။

နိုင်ငံတကာအဆင့်မီ သုတေသနလုပ်ငန်းများဆောင်ရွက်နိုင်စေရန် သုတေသနလုပ်ငန်းကဏ္ဍများ အလိုက် လိုအပ်သော အဆင့်မြင့်လုပ်ငန်းသုံး ပစ္စည်းကိရိယာများ၊ ခေတ်မီဓာတ်ခွဲခန်းသုံးပစ္စည်းကိရိယာများကို နိုင်ငံတော်ဘဏ္ဍာငွေမြောက်မြားစွာကုန်ကျခံပြီး ဖြည့်ဆည်းတပ်ဆင်ပေးထားပြီးလည်း ဖြစ်သည်။ ၂၀၀၁ ခုနှစ်နှင့် ၂၀၀၂ ခုနှစ် နှစ်နှစ်အတွင်းမှာပင် နိုင်ငံတော်ဘဏ္ဍာငွေက အမေရိကန်ဒေါ်လာ ခုနစ်သိန်းနီးပါး ကျခံသုံးစွဲခဲ့ပြီးဖြစ်ကြောင်း သိရသည်။

အထူးသဖြင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ တိုင်းရင်းဆေး သုတေသနလုပ်ငန်းများကို အဆင့်အတန်းမြင့်မြင့်မားမားနှင့် တိုးမြှင့်ဆောင်ရွက်လျက်လည်း ရှိသည်။ ဦးစားပေးရောဂါကြီးခြောက်မျိုးကို တိုင်းရင်းဆေးဖြင့် ထိရောက်စွာကုသပေးနိုင်ရေး ဦးတည်ချက်ထားပြီး တိုင်းရင်းဆေး သုတေသနလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာတွင် အောင်မြင်ဖြစ်ထွန်းနေပြီဖြစ်သည့်အတွက် ယင်းရောဂါကြီးခြောက်မျိုးအတွက် အာနိသင်ထက်မြက်သော တိုင်းရင်းဆေးများ သိပ္ပံနည်းကျထုတ်လုပ်သွားရန် စီစဉ်ဆောင်ရွက်နေပြီလည်း ဖြစ်သည်။

သို့ဖြစ်ရာ တာဝန်ရှိပုဂ္ဂိုလ်များနှင့် သုတေသီပညာရှင်များအနေဖြင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အခြေခံကောင်းများကို အမျိုးသားအကျိုးစီးပွားဖြစ်ထွန်းရေးတွင် အကျိုးရှိစွာအသုံးချပြီး ကျန်းမာရေးဆိုင်ရာအခြေခံများ တိုးပွားစေရေး သုတေသနလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းအောင် စွမ်းဆောင်ရင်း ဆေးသိပ္ပံပညာရပ်များ၊ သုတေသနနည်းပညာများ ဖွံ့ဖြိုးတိုးတက်ရေး အားထုတ်ကြိုးပမ်းသွားကြရန် တိုက်တွန်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ကွမ်းခြံကုန်းမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၄

ကွမ်းခြံကုန်းမြို့နယ် အသင်း (ရန်ကုန်)၏ နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး၊ အသက်(၇၅) နှစ်နှင့်အထက် သက်ကြီးပူဇော်ပွဲ၊ နိုင်ငံတော်အဆင့် ဆုရပုဂ္ဂိုလ်များအား ဂုဏ်ပြုပွဲနှင့် ၂၀၀၂–၂၀၀၃ ပညာရေးနှစ်အတွက် တက္ကသိုလ်ဝင်တန်းတွင် ဂုဏ်ထူးရပုဂ္ဂိုလ်များအားပညာရည်ချွန်ဆုပေးပွဲတို့ကို ဖေဖော်ဝါရီ ၁ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီက ဗဟန်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်းရှိ စွမ်းအင်ဝန်ကြီးဌာနခမ္မာရုံ၌ကျင်းပသည်။

ပူဇော်ကန်တော့

ရှေးဦးစွာ ပထမ အသင်းနာယက (အငြိမ်းစား–အရှေ့တိုင်းပညာဌာန)မှ ကထိက ဦးအောင်ထွဋ်က နှုတ်ခွန်းဆက်စကား ပြောကြားပြီး အသက် ၇၅ နှစ်နှင့်အထက် အသင်းသားများအား ပူဇော်ကန်တော့ကြသည်။

ထို့နောက် နိုင်ငံတော်အဆင့် ဂုဏ်ပြုဆုရ ပုဂ္ဂိုလ်များ ဖြစ်ကြသော ဦးသောင်းမြင့် (စာပေဗိမာန်စာမူဝတ္ထုရှည်/တတိယဆု)၊ လူမှုထူးချွန် (ဒုတိယဆင့်)ရသူ ဦးတင်ဦးနှင့် နိုင်ငံတော်အဆင့် (ဆို၊က၊ရေး၊တီး) ပြိုင်ပွဲများတွင်ဆုရရှိသော အနုပညာရှင်များအား အသင်းနာယကများက ဂုဏ်ပြုချီးမြှင့်ကြသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ၂၀၀၃ ခုနှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ကြသူများအား ပညာရည်ချွန်ဆုများ ချီးမြှင့်ကြသည်။ ထို့နောက် အသင်း၏ နှစ်ပတ်လည် အစီရင်ခံစာကို အမှုဆောင် ဒေါ်သန့်စင်နှင့် ဒေါ်ရင်ရင်စိုးတို့က လည်းကောင်း၊ ငွေစာရင်းရှင်းတမ်းကို အသင်းဘဏ္ဍာရေးမှူး ဦးကျော်စိုးက လည်းကောင်း ဖတ်ကြားအစီရင်ခံပြီး အစည်းအဝေးက အတည်ပြုပေးသည်။

ရွေးချယ်

ထို့နောက် ဥက္ကဋ္ဌ ဦးကျော်ခိုင်၊ အတွင်းရေးမှူး ဦးမြင့်ကြည်၊ ဘဏ္ဍာရေးမှူး ဦးကျော်စိုးတို့ ပါဝင်သော အမှုဆောင်အဖွဲ့သစ်ကို ရွေးချယ်အတည်ပြုကြသည်။ **(က–ပ)**

အမျိုးသမီးရေးရာ လုပ်ငန်းများ ဟောပြော

ရန်ကုန် ဖေဖော်ဝါရီ ၄

ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့၏ ရန်ကုန်အနောက်ပိုင်းခရိုင် အမျိုးသမီးရေးရာ အဖွဲ့ဝင်များအား အမျိုးသမီးရေးရာ လုပ်ငန်းများနှင့် ပတ်သက်၍ ဟောပြောပွဲကို ဖေဖော်ဝါရီ ၂ ရက် မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ အလုံမြို့နယ် မြို့နယ်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းအမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ချယ်ရီရဲခေါင်က အဖွင့်အမှာစကား ပြောကြားပြီး ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ ယဉ်ကျေးမှုအဖွဲ့ခေါင်းဆောင် ဒေါ်သီဂီလှိုင်၊ ပြန်ကြားရေးနှင့် ဆက်သွယ်ရေး လုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်ဖြူဖြူညွန့်နှင့် တိုင်းရင်းသားရေးရာ လုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်နန်းဝင်းဝင်းမြင့်တို့က ကဏ္ဍအလိုက် ဟောပြောကြသည်။ **(သတင်းစဉ်)**

ဇန်နဝါရီ ၂၅ ရက်က စမ်းချောင်းမြို့နယ် အမက(၂) မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးတင်ထွန်းက ပထမတန်းမှ ပထမဆုရ မဟန်နီဇော်အား ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (၁၂၉)

၂၀၀၉ ခုနှစ် ဖေဖော်ဝါရီလထုတ် မြဝတီမဂ္ဂဇင်းဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၄

၂၀၀၉ ခုနှစ် ဖေဖော်ဝါရီလထုတ် မြဝတီမဂ္ဂဇင်းတွင် မောင်လှိုင်သင်း (စကု)၊ မြတ်လွမ်းနောင်(ပုတီးကုန်း)၊ ပြေဦး၊ စစ်ကိုင်းဝင်းရွှေ၊ မင်းမောင်နွယ်(မွန်ဌာနီ)၊ ခန့်ဝေယံ(ဧရာဝတီ)၊ ဝေမှိုင်း၊ ညောင်ရွှေခင်မောင်မြ၊ ဇလွန်ကျော်ဦးတို့၏ ကဗျာများ၊ မောင်တင်ယု၊ အောင်ကျော်၊ လွမ်းမောင်၊ ကိုဋ္ဌေးလေးတို့၏ ဟာသ တစ်မျက်နှာကာတွန်းများ၊ မြတ်ဘုရားဒေသနာတော်ကဏ္ဍတွင် သာသနဓဇသိရီပဝရဓမ္မာစရိယ တစ်ဘဝသာသနာ ကျမ်းပြုဆရာတော် ဦးဃောသိတ၏ တေဝိဇ္ဇသုတ်တရားတော်၊ ဆောင်းပါးကဏ္ဍတွင် တက္ကသိုလ်သခ်၊ ချစ်စံဝင်း၊ သာရဝေါ စိုးကြည်၊ သာဂဒိုး၊ ပြည့်စုံ(သွေးသောက်)၊ အုံးဖေ(ပခုက္ကူ)၊ ခင်မောင်ကြီး၊ ဗိုထိပ်၊ စိုးဝင်း(မြစ်ခြေ)၊ မောင်နီအောင်နှင့် ပုသိမ်မြင့်ဝေတို့၏ သုတ–ရသဆောင်းပါးများ၊ ဝတ္ထုတိုဝတ္ထုရှည်ကဏ္ဍတွင် ကျွန်းစဉ်မြေစောခက်၊ မောင်မြင့်မား(ဗိုလ်ကလေး)၊ မင်းသိင်္ခ၊ တင်အောင်(စက်မှုတက္ကသိုလ်)၊ ခင်ကြူကြူတင်၊ ရွှေမြိတ်သောင်းတင်နှင့် စိုးမြိုင်၏ 'သို့သော်ဦးမညွတ်' အခန်းဆက် ဘာသာပြန်ဝတ္ထုရှည်တို့ဖြင့် ဝေဝေဆာဆာ ဖော်ပြထားသည်။ (ဝဲပုံ) (က–ပ)

ဖေဖော်ဝါရီ ၄ ရက်က နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဦးမဟာဂျာခေါင်းဆောင်သော ဟိုမိန်းဒေသ တိုင်းရင်းသားအဖွဲ့အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဧယျာဝတီရိပ်သာနှင့် ဖေယျာသီရိဗိမာန်ခန်းမ၌ တွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်း-ရှေ့ဖုံး) (သတင်းစဉ်)

၂၀၀၄ ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့

အမျိုးသားရေးဦးတည်ချက်များ

- ☆ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး။
- ☆ တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန် ထွန်းကားရေး။
- ☆ ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး။
- ☆ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်းပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး။
- ☆ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။

ကွက်ကျားမိုး

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့မွန်းလွဲညနေပိုင်းတို့တွင် နေရာကွက်ကျား မိုးရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

၂၀၀၄ ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ပြပွဲ

နေ့ရက် - ၈-၂-၂၀၀၄ မှ ၁၆-၂-၂၀၀၄

အချိန် - နံနက် (၀၉း၀၀)နာရီမှ ညနေ(၁၇း၀၀)နာရီ

နေရာ - တပ်မတော်ခန်းမ၊ ဦးဝိစာရလမ်း၊ ရန်ကုန်မြို့

(မည်သူမဆို အခမဲ့လာရောက်လေ့လာကြည့်ရှုနိုင်ပါသည်။)

၂၀၀၂ ခုနှစ် ပခုက္ကူဦးအုံးဖေစာကြည့်တိုက်စာအုပ်ဆုများထုတ်ပြန်ကြေညာ ပခုက္ကူဦးအုံးဖေစာပေဆုနှင်းသဘင်တွင်ချီးမြှင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၄

ပခုက္ကူမြို့၌ ဖွင့်လှစ်ထားသော ပခုက္ကူဦးအုံးဖေ စာကြည့်တိုက်သည် စာပေဖြင့် ဘဝအမြင်ရှင်သန်တိုးတက် အောင်မြင်ရေးဟူသော အလှူရှင်၏ ကိုယ်တွေ့သင်ခန်းစာကို တိုးချဲ့သောအားဖြင့် စာကြည့်တိုက်သို့ ရောက်ရှိသော ပြီးခဲ့သည့် တစ်နှစ်အတွင်း နိုင်ငံတော်၏ ခွင့်ပြုချက်ဖြင့် ထုတ်ဝေခဲ့သည့် စာအုပ်များမှ စာကြည့်တိုက် ကြီးကြပ်ရေးကော်မတီ၏ အဆုံးအဖြတ်ဖြင့် စာကြည့်တိုက်က စာဖတ်သူများသတိမူဖတ်ရှုဖြစ်ရန် ဂုဏ်ပြုအားပေးသောအားဖြင့် "စာကြည့်တိုက်စာအုပ်ဆု"ကို ၂၀၀၁ ခုနှစ်အတွက်ကစ၍ တီထွင်ချီးမြှင့်ခဲ့သည်။

ထုတ်ပြန်ကြေညာ

၂၀၀၂ခုနှစ်အတွက် ရွေးချယ်ခံရသည့် "ပခုက္ကူဦးအုံးဖေစာကြည့်တိုက် စာအုပ်ဆု"များကို စာကြည့်တိုက်ကော်မတီက ယမန်နေ့က ထုတ်ပြန်ကြေညာသည်။

ပခုက္ကူဦးအုံးဖေစာကြည့်တိုက်သို့ ရောက်ရှိသည့် ၂၀၀၂ ခုနှစ်ထုတ်စာအုပ်များအနက် ရွေးချယ် ချီးမြှင့် ခံရသော စာအုပ်များမှာ စာရေးဆရာ နီမင်းဆွေ ရေးသားပြီး နိုင်ငံ့ဂုဏ်ရည်စာပေတိုက်က ထုတ်ဝေသည့် "ငွေနှင်းမှုန်မှုန်ထဲက ပန်းဂျူ"၊ စာရေးဆရာ အောင်စည်ဟိန်း ရေးသားပြီး စန်းရောင်ရှိန်စာပေက ထုတ်ဝေသည့် "စာတတ်ဖို့၊ ဝင်ငွေကောင်းဖို့၊ အသက်ရှည်ဖို့"နှင့် စာရေးဆရာဦးဟန်ညွန့်(ဥပဒေ) ရေးသားပြီး ချိုတေးသံစာပေက ထုတ်ဝေသည့် "ဥပဒေဝန်ထမ်းတစ်ဦး၏ ဘဝခရီး" စာအုပ်တို့ ဖြစ်ကြသည်။

ချီးမြှင့်မည်

ယင်းဆုများကို ဖေဖော်ဝါရီ ၂၂ ရက် (တနင်္ဂနွေနေ့)တွင် နိုင်ငံတော်က ပခုက္ကူမြို့၌ အလှည့်ကျကျင်းပမည့် ပခုက္ကူဦးအုံးဖေစာပေဆုနှင်း သဘင် အခမ်းအနား၌ တစ်ပေါင်းတည်း ချီးမြှင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဇန်နဝါရီ ၃ ရက်က ဒဂုံမြို့သစ်(မြောက်ပိုင်း) အမက(၈)တွင် ပညာရေးစုံညီပွဲတော် ကျင်းပရာ တတိယတန်းမှ သိပ္ပံဘာသာထူးချွန် ပထမဆုရ မခင်သူဇာအား တာဝန်ခံကျောင်းအုပ်ဆရာမကြီးက ဂုဏ်ပြုဆု ချီးမြှင့်စဉ်။ (က-ပ)

(၅၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲ ယှဉ်ပြိုင်ရန်နှိုးဆော်

ရန်ကုန် ဖေဖော်ဝါရီ ၄

၂၀၀၄ ခုနှစ် (၅၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စာပေနှင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီက ရောင်စုံဓာတ်ပုံပြိုင်ပွဲများကို ကျင်းပပေးမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာသည်။ ရောင်စုံဓာတ်ပုံပြိုင်ပွဲအတွက် "ဖွံ့ဖြိုး သာယာ ပြည်မြန်မာ"နှင့် "ယဉ်ကျေးမှုအမွေ စောင့်ထိန်းလေ" ဟူ၍ ခေါင်းစဉ်နှစ်မျိုး သတ်မှတ်ပေးထားသည်။ ရောင်စုံဓာတ်ပုံပြိုင်ပွဲသို့ ဓာတ်ပုံဝါသနာရှင်တိုင်းသည် ခေါင်းစဉ်တစ်မျိုးလျှင် လေးပုံစီအထိ ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။

ပြိုင်ပွဲဝင်ရောင်စုံဓာတ်ပုံများကို ၁၀ လက်မ x ၁၂ လက်မနှင့် အထက်အရွယ် Printပုံဖြင့် ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။ ယခင်နှစ်များက အလားတူပြိုင်ပွဲများ၌ ပထမ၊ဒုတိယ၊တတိယ ရရှိခဲ့ကြသူများအား သီးသန့်အုပ်စု သတ်မှတ်၍ ဆုချီးမြှင့်မည်ဖြစ်ရာ ဆုမရသေးသူများအတွက် ဆုရရှိမည့် အခွင့်အလမ်းပိုမိုရရှိလာမည်ဖြစ်သည်။

ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် ဆုရရှိပါက နဂ္ဂတစ်ကို တင်ပြနိုင်ရမည်။ ဓာတ်ပုံနှင့် ဆိုင်ရာ အချက်အလက်များ (Data)နှင့် ဓာတ်ပုံအကြောင်းအရာ (Caption) ကို သီးခြားစာရွက်ပေါ်တွင် ရေးသား၍ ပူးတွဲပေးပို့ရမည်။ သရုပ်ဆောင်သူများပါရှိလျှင် ၎င်းတို့၏ သဘောတူခွင့်ပြုချက် ပါရှိရမည်ဖြစ်သည်။ ပြိုင်ပွဲဝင်သော ဓာတ်ပုံသည် မည်သည့်စာစောင်တွင်မှ ပုံနှိပ်ဖော်ပြခဲ့ခြင်းမရှိကြောင်း၊ ပြည်တွင်း ပြည်ပ ပြိုင်ပွဲများတွင် ဆုရရှိခဲ့ခြင်းမရှိကြောင်း ဝန်ခံဖော်ပြချက်ပါရှိရမည်။ Digital ကင်မရာဖြင့် ရိုက်ကူးထားသောပုံများ ပေးပို့ ယှဉ်ပြိုင်ရန် မလိုကြောင်း ကြေညာထားသည်။ ရောင်စုံဓာတ်ပုံပြိုင်ပွဲများတွင် ပြိုင်ပွဲတစ်မျိုးစီအတွက် ပထမ၊ ဒုတိယနှင့် တတိယဆုများ အပြင် အထူးဆုများကိုပါ ထိုက်ထိုက်တန်တန် ချီးမြှင့်မည်ဖြစ်သည်။

ရောင်စုံဓာတ်ပုံပြိုင်ပွဲများ၌ ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသူများအား ၂၀၀၄ ခုနှစ် မတ် ၂၇ ရက်တွင် ကျင်းပမည့်(၅၉)နှစ်မြောက်တပ်မတော်နေ့၌ ရန်ကုန်မြို့တွင် ဆုချီးမြှင့်မည်ဖြစ်သည်။ ကျန်အထူးဆုရရှိသူများကို သက်ဆိုင်ရာတိုင်း၊ တပ်မဌာနချုပ်များတွင် ကျင်းပသော (၅၉)နှစ်မြောက် တပ်မတော်နေ့ အခမ်းအနားများ၌ ဆုချီးမြှင့်မည်ဖြစ်သည်။

ပြိုင်ပွဲဝင် ရောင်စုံဓာတ်ပုံများကို ဦးထွန်းမင်း ညွှန်ကြားရေးမှူး (ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန (၂၂-၂၄) ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့သို့ လိပ်မူ၍ ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီ ၂၉ ရက်မတိုင်မီ ပေးပို့ယှဉ်ပြိုင်ကြရန် သက်ဆိုင်ရာက ကြေညာချက် ထုတ်ပြန်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အဝိဇ္ဇာမှဝိဇ္ဇာသို့ တရားအလှူတော်

ရန်ကုန် ဖေဖော်ဝါရီ ၄

ဗုဒ္ဓဘာသာ၏ အနှစ်သာရနှင့် ချမ်းသာအစစ်ဖြစ်သော နိဗ္ဗာန်ခရီးအတွက် ရှင်းလင်းလွယ်ကူသော ဝိပဿနာ အားထုတ်နည်းများ ပြန့်ပွားစေရန် ရည်ရွယ်၍ အမှတ် ၁၂၆ သုံးလွှာ ၃၈လမ်း ရန်ကုန်မြို့ ဖုန်း-၂၅၀၇၀၀ ၌ တည်ရှိသော အဝိဇ္ဇာမှ ဝိဇ္ဇာသို့ တရားအလှူတော်လုပ်ငန်း၏ လုပ်ငန်းခွဲ(၁၈)ကို သစ်ရောင်းစက်ဝင်း ပညာရိပ်သာလမ်း ဗန်းမော်မြို့၌ လည်းကောင်း၊ လုပ်ငန်းခွဲ (၁၉)ကို ကောင်းပဒေသာစတိုး အမှတ် ၆၆ ပင်းတယလမ်းခွဲထောင့် အောင်ပန်းမြို့ ဖုန်း-၀၈၁-၆၀၀၅၂ ၌ လည်းကောင်း၊ လုပ်ငန်းခွဲ(၂၀)ကို ဖူးပွင့်လွှာ ဗီဒီယို အမှတ် ၁၃ ဒေါနလမ်း (၂)ရပ်ကွက် လားရှိုးမြို့ ဖုန်း-၀၈၂-၂၃၈၄၇ ၌ လည်းကောင်း၊ လုပ်ငန်းခွဲ(၂၁)ကို ဣန္ဒိတသုခဆေးတိုက် စက်မှုလယ်ယာ (ရုံးဟောင်း) တံတားတော်ကြီးရပ် အမှတ်(၅)၊မတ္တရာမြို့၌လည်းကောင်း၊ လုပ်ငန်းခွဲ (၂၂)ကို စန်းငွေရောင် ပုံနှိပ်တိုက် (၁)လမ်း တောင်ငူမြို့ ဖုန်း-၀၅၄-၂၁၅၂၉၌ လည်းကောင်း၊ လုပ်ငန်းခွဲ (၂၃)ကို သစ္စာအောင်မြေ ဆရာတော် ဦးဝိမလ မင်္ဂလာတိုက် မိုးကုတ်မြို့ ဖုန်း-၆၅၌ လည်းကောင်း၊ လုပ်ငန်းခွဲ(၂၄)ကို ဗဟိုစာပေနှင့် ဗီဒီယို ခွေအငှားဆိုင် မ/၄၅ ဈေးတန်းရပ် ရပ်ကွက်(၁) သိန္နီမြို့၌လည်းကောင်း ဖွင့်လှစ်ထားရှိသည်။ ယင်းနေရာများ၌ သစ္စာတရားခွေနှင့် တရားစာအုပ်များကို မည်သူမဆို ဓမ္မဒါန အခမဲ့ ငှားရမ်းနိုင်ကြောင်း သိရသည်။

(က-ပ)

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုကြိုဆို

တို့ပြည်ထောင်စု

(တျာချင်း)

★ တစ်ကိုးလေးခွန်နစ်၊ ဆယ့်နှစ် ဖေဖော်ဝါရီ
မြန်ပြည်တစ်လွှား၊ တိုင်းရင်းသားစုံညီ
ပင်လုံမြို့ဆီ၊ ကိုယ်စီစုဝေး
လွတ်လပ်ရမည်၊ တို့မြန်ပြည်
ခိုင်ကျည်စိတ်ဓာတ်မွေးသည်နှင့်လေး။

★ လူမျိုးမရွေး၊ တစ်သွေးတည်းစိတ်တွင်
ကချင် ကယား၊ အင်းသား မကျန်ပင်
ရှမ်း ချင်း ကရင်၊ နွယ်ပင်စုခက်
ပအိုဝ်း မွန် ဗမာ၊ ရခိုင်ပါ
ညီညာလက်ချင်း ယှက်သည်နှင့်လေး။

★ ရှေးရိုးစဉ်ဆက်၊ မပျက်မိတ်သဟာ
တောင်ပေါ်မြေပြန့်၊ ကန့်သတ်မခွဲပါ
လွတ်လပ်ရေးမှာ၊ တူစွာအကျိုး
လက်တွဲမဖြုတ်၊ ရှေ့ဆက်လုပ်
စာချုပ်လက်မှတ် ထိုးသည်နှင့်လေး။

★ ပြည်သူ့ အကျိုး၊ သယ်ပိုးထမ်းရွက်သည်
ခေတ်သစ်သမိုင်း၊ ဆစ်ပိုင်းမော်ကွန်းတည်
လွတ်လပ်လေပြီ၊ တို့ပြည်ထောင်စု
အေးတူပူမျှ ကြည်ဖြူစွ
ရန်စဘယ်မမှုသည်နှင့်လေး။

★ အစဉ်ရှေးရှု၊ ပြည်ထောင်စု ခိုင်မြဲရန်
တွဲလက်ယှက်ထား၊ တိုင်းရင်းသားအားမာန်
စုစည်းတော်လှန်၊ အန္တရာယ်အဝဝ
အမျိုးသားရေး၊ ကာကွယ်ပေး
မနှေးစောင့်ရှောက်ကြသည်နှင့်လေး။

★ ညီအောင်ပြုက...ဘေးမသန်းရန်ကွာ နိုင်ငံ့အကျိုး
ဝေဖြာစည်။ ။

★ ပြည်ထောင်စုအလှ... အေးချမ်းသာယာ ဖွံ့ဖြိုး
စေမှာအတည်။ ။

မောင်ရွှေနွယ်(အင်းလေး)

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုရေးဖွဲ့ပါသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် နယ်သာလင်နိုင်ငံဆိုင်ရာ မြန်မာဂုဏ်ထူးဆောင်ကောင်စစ်ဝန်ချုပ်အား လက်ခံတွေ့ဆုံ

ရန်ကုန် ဖေဖော်ဝါရီ ၄

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နယ်သာလင်နိုင်ငံဆိုင်ရာ မြန်မာဂုဏ်ထူးဆောင်ကောင်စစ်ဝန်ချုပ် Mr.Herman Johan Stevens အား ယနေ့ညနေ ၄ နာရီခွဲတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ (အပေါ်ပုံ)

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

▼ တွင်းသစ်မှ

ထုတ်လုပ်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ အဆိုပါ တွင်းသစ် အမှတ်(၂၁)မှ နေ့စဉ်သဘာဝဓာတ်ငွေ့ ကုဗပေ ၆ဒသမ၉၇၄ သန်းနှင့် လေဆီ Condensate ၇၂ စည်ခန့်ကို နေ့စဉ်ထုတ်လုပ်လျက်ရှိသည်။

ယခုအခါ ညောင်တုန်း ရေနံနှင့် သဘာဝဓာတ်ငွေ့မြေတွင် တွင်းပေါင်း ၁၆ တွင်းမှ နေ့စဉ် သဘာဝ ဓာတ်ငွေ့ ကုဗပေ ၈၃ သန်းခန့်နှင့် လေဆီ Condensate ၁၁၈၄ စည်ခန့်ကို ထုတ်လုပ်ပေးလျက်ရှိသည်။ ထွက်ရှိလာသော သဘာဝဓာတ်ငွေ့များကို ညောင်တုန်း-ရန်ကုန်သဘာဝ ဓာတ်ငွေ့ပိုက်လိုင်းမှ တစ်ဆင့် ရန်ကုန်ဒေသအတွင်းရှိ စက်ရုံများသို့ ပေးပို့ဖြန့်ဖြူးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဖေဖော်ဝါရီ ၄ ရက်က နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဝင်းအောင်နှင့်ဇနီးတို့ သီရိလင်္ကာ ဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ အမျိုးသားနေ့အထိမ်းအမှတ်ညစာစားပွဲသို့ တက်ရောက်လာရာ မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံသံအမတ်ကြီး H.E Mr. D.M.M. Ranaraja နှင့်ဇနီးတို့က ကြိုဆိုနှုတ်ဆက်ကြစဉ်။

(သတင်းစဉ်)

ဘူမိဗေဒကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၄

ရန်ကုန်တက္ကသိုလ် (၁၉၇၁) ဘူမိဗေဒ ကျောင်းသား ကျောင်းသူဟောင်းများ၏ ဒုတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၇ ရက် နံနက် ၉နာရီတွင် တက္ကသိုလ်များဗိမာန်၌ ပြုလုပ်မည်ဖြစ်၍ အလှူငွေထည့်ဝင်လိုသူများသည် ဦးတင်ဌေး ဖုန်း-၂၉၆၆၄၉ ၊ ဦးလင်းမြင့် ဖုန်း-၀၉၉၉-၂၇၆၇၅၊ ဦးလှမြင့်(ရွှေမန်း) ဖုန်း-၅၃၇၉၆၀၊ ဦးတင်မောင်ညွှန့် ဖုန်း-၅၃၄၁၁၂၊ ဦးထွန်းဝင်း ဖုန်း-၂၈၁၅၇၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

ရန်ကုန် ကုန်စည်ပြပွဲ-၂၀၀၄အထူးစည်ကား

ရန်ကုန် ဖေဖော်ဝါရီ ၄

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ရန်ကုန်ကုန်စည်ပြပွဲ-၂၀၀၄ကို ရန်ကုန်မြို့ အထက်ပုဇွန်တောင်လမ်းမရှိ ရန်ကုန်ကုန်သွယ်မှုဇာဟိုဌာန၌ ဖေဖော်ဝါရီ ၁ ရက်က တတိယနေ့အဖြစ် ဆက်လက်ခင်းကျင်းပြသလျက်ရှိရာ ကျောင်းသားကျောင်းသူများ၊ ပြည်သူများ၊ လုပ်ငန်းရှင်များ၊ လာရောက်လေ့လာကြည့်ရှုသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ယင်းပြပွဲတွင် ရန်ကုန် ကမာရွတ်မြို့နယ် မာလာလမ်းသွယ်၌ ပင်ရင်းဌာန ဖွင့်လှစ်ထားသော (Great Summit Int'l Co.,Ltd.)နှင့် ဝင်းရွှေရည်ကုမ္ပဏီတို့မှ တင်သွင်းဖြန့်ချိသော အရည်အသွေးမြင့်မားသည့် ကိုရီးယားလာမီနိတ်ကြမ်းခင်းပြားများပြခန်း၊ M.K Trading Co.,Ltd. မှ ထုတ်လုပ်ဖြန့်ဖြူးသော Sonia Shampoo (Acacia) အစိမ်းရောင်နှင့် Sonia (အပြာရောင်) (Sapindus Emarqinatus) Shampoo ပြခန်း၊ အခြားကုန်ပစ္စည်းမျိုးစုံနှင့် ဝန်ဆောင်မှုလုပ်ငန်းများကို ဖေဖော် ဝါရီ ၂ ရက်အထိ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၆ နာရီအထိ ခင်းကျင်းပြသ ရောင်းချခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုနေ့ပြခန်းများ လယ်/ ယာသုံးပစ္စည်းများရောင်းချမည်

ရန်ကုန် ဖေဖော်ဝါရီ ၄

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အဖြစ် ရန်ကုန်တိုင်းလေးခရိုင်၌ ဖေဖော်ဝါရီ ၈ ရက်မှ ၁၂ရက်အထိ ခင်းကျင်းပြသထားမည့် စက်မှု(၂) အရောင်းပြခန်းတွင် ဒွဲထွန်စက် 50 HP ငွေကျပ် ၁၇ သိန်း၊ 80 HP ငွေကျပ် ၂၄ သိန်း၊ ဧရာ-၁ လက်တွန်းထွန်စက် ငွေကျပ် ၆၅၀၀၀၀၊ စပါးခြွေလှေ့စက် ငွေကျပ် ၃၈၅၀၀၀၊ ရေစုပ်စက် ငွေကျပ် ၁၂၀၀၀၀ တို့ကို လက်ငင်းငွေချေစနစ်ဖြင့် ရောင်းချပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဇန်နဝါရီ ၃၁ ရက်က ဗဟန်းမြို့နယ် အခြေခံပညာအလယ်တန်းကျောင်း အမှတ်(၃)၏ ၂၀၀၂-၂၀၀၃ မိဘဆရာအသင်းနှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးစိန်ဝင်းက အင်္ဂမတန်းမြို့နယ် ဘက်စုံထူးချွန်ဆုရ မမေသရဖီကိုအား ဆုချီးမြှင့်စဉ်။ (က-ပ)

▼ ရွှေနိုင်ငံဂျာနယ်အတွဲ(၂)၊အမှတ်(၂၁)ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၄

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဌာနချုပ် ပညာရေးရာအဖွဲ့ကထုတ်ဝေသည့် ရွှေနိုင်ငံဂျာနယ် အတွဲ(၂)၊ အမှတ်(၂၁)ကို ထုတ်ဝေဖြန့်ချိထားသည်။ **(အောက်ပုံ)**

အဆိုပါဂျာနယ်တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ လာအိုဒုတိယဝန်ကြီးချုပ် ခေါင်းဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံသည့် သတင်း၊ မြန်မာနိုင်ငံ ကွန်ပျူတာ ပညာဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တတိယအကြိမ်မြောက် မြန်မာ့ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာဆိုင်ရာ ရက်သတ္တပတ်-၂၀၀၄ အခမ်းအနားသို့ တက်ရောက်ဖွင့်လှစ်ပေးသည့် သတင်း၊ မြန်မာ ICT ရက်သတ္တပတ်-၂၀၀၄၊တက္ကသိုလ်မြတ်သူ၏ အဘယ့်ကြောင့်လူငယ် (၆)၊ ချစ်နိုင်(စိတ်ပညာ)၏ လူတိုင်းရှိအပ် ပြည်ထောင်စုစိတ်ဓာတ်၊ စန်းနီလာဝင်း၏ လောကကို စောင့်ရှောက်အပ်သော ကိုယ်ကျင့်တရားနှစ်ပါး၊ ဒေါက်တာလှမောင်၏ လူငယ်များအတွက် စီးပွားရေးပညာရပ်(၈)၊ ကျော်လေးစိန်(ပုတီးကုန်း)၏ ပြည်ထောင်စုစိတ်ဓာတ် ရင်ဝယ်အပ်၊ တင်နွဲ့(ထွေ/အုပ်)၏ ဘဝတစ်ခွင်အသိနှင့်ယှဉ်၊ ညွှန့်ဟံ(ကြူတော)၏ အစွမ်းအစနှင့် ထိုးထွင်းသိမြင်စိတ်၊ အောင်စိုး (တိရစ္ဆာန်ဆေးကုဆရာဝန်)၏ အမှားအမှန် အသိပိုင်မှ လောကခံကို ရင်ဆိုင်နိုင်မည်၊ ပင်လယ်ပျော်မော်ခင် (သို့မဟုတ်) ဆလုံတိုင်းရင်းသားရိုးရာပွဲတော်၊ နှင်းသစ္စာကျော် (ယဉ်ကျေးမှုတက္ကသိုလ်)၏ မြန်မာတိုင်းရင်းသားတို့၏ ရိုးရာတူရိယာများက ဖော်ပြနေသော ပြည်ထောင်စုစိတ်ဓာတ်၊ မောင်မောင်စိုးသက်၏ ပါဒကြီးကျေးရွာမှအပြန်၊ ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းများ၏ နယ်မြေဒေသဖွံ့ဖြိုးရေး အကောင်အထည်ဖော်မှု သတင်းများ၊ နိုင်ငံတကာသတင်းများ စုံလင်စွာပါရှိသည်။

(သတင်းစဉ်)

ပန့်ကျက်တိုင်ရိုက်

ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် အမှတ်(၃၅)ရပ်ကွက် တေဇလမ်း ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းခင်းရန်အတွက် ပန့်ကျက်တင်မင်္ဂလာအခမ်းအနားကို ဖေဖော်ဝါရီ၄ ရက်က အဆိုပါလမ်းထိပ်တွင် ကျင်းပ ပြုလုပ်ရာ မြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစိုးဝင်း၊ ရပ်ကွက်ဥက္ကဋ္ဌ ဦးသန်းဝေနှင့် လမ်းဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌ ဦးအေးကျော်တို့က ပန့်ကျက်တိုင်များ ရိုက်သွင်းပေးစဉ်။

(၄၀၀)

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

ထောက်လှမ်းရေးသတင်း မှားသည်ဆိုသောကိစ္စ စုံစမ်းရန် ဖိအားပေးမှုကို သမ္မတဘုရှ် လိုက်လျောဖွယ်ရှိ

ဖေဖော်ဝါရီ ၃ရက်က ဘဂ္ဂဒက်မြို့ စစ်ဆေးရေးစခန်းတစ်ခုတွင် အမေရိကန်တပ်ဖွဲ့ဝင်များက အီရတ်တို့ကို ရှာဖွေစစ်ဆေးနေစဉ်။ (ဓာတ်ပုံ–အင်တာနက်)

ဝါရှင်တန် ဖေဖော်ဝါရီ ၂

အီရတ်စစ်ပွဲမတိုင်မီကရရှိသော အီရတ်နိုင်ငံမှ လက်နက်များဆိုင်ရာ ထောက်လှမ်းရေးသတင်းမှားယွင်းမှု ဖြစ်ခဲ့သည်ဆိုသောကိစ္စကို စုံစမ်းစစ်ဆေးမှုပြုလုပ်ရန် ဖိအားပေးနေခြင်းကို အမေရိကန်သမ္မတ ဘုရှ်က လိုက်လျောရဖွယ်ရှိကြောင်း သမ္မတအိမ်ဖြူတော်မှ အရာရှိများက ပြောကြားလိုက်သည်။

လွတ်လပ်သည့် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်သွားရန် တောင်းဆိုရာတွင် အီရတ်နိုင်ငံကိုသွားရောက်ပြီး လက်နက်များကိုရှာဖွေစစ်ဆေးခဲ့သော ထိပ်တန်းလက်နက် စစ်ဆေးရေးမှူးဟောင်း ဒေးဗစ်ကေးက ရှေ့ဆုံးမှပါဝင်လျက်ရှိကြောင်း သိရသည်။

သတ်မှတ်ပေး

ထောက်လှမ်းရေးသတင်းများနှင့် ပတ်သက်သည့် လွတ်လပ်သော စုံစမ်းရေးကော်မရှင်အဖွဲ့၌ ပါဝင်ရမည့် အဖွဲ့ဝင်စာရင်းကို သမ္မတ ဘုရှ်က သတ်မှတ်ပေးမည်ဖြစ်ကြောင်း အစိုးရသတင်းများအရ သိရသည်။

အဖွဲ့ဝင်ကိုးဦးပါ ၎င်းစုံစမ်းရေးကော်မရှင်ဖွဲ့စည်းရေးအတွက် သမ္မတဘုရှ်က ယခု သီတင်းပတ်အတွင်း လက်မှတ်ရေးထိုးမည် ဖြစ်ကြောင်း၊ ၎င်းအဖွဲ့မှ လွှတ်တော်အမတ်များ၊ စုံစမ်းထောက်လှမ်းရေး ကျွမ်းကျင်သူများနှင့် သမ္မတဘုရှ် ခန့်အပ်သော အခြားအဖွဲ့ဝင်များလည်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

စစ်ဆေးမည်

အီရတ်နိုင်ငံဆိုင်ရာ လက်နက်စစ်ဆေးရေးမှူး ဒေးဗစ်ကေးက အီရတ်နိုင်ငံတွင် လက်နက်အမြောက်အမြားနှင့် အဖျက်စွမ်းအား ကြီးမားသော လက်နက်များမရှိဟု ဆက်လက် ပြောကြားလျက်ရှိသည်။ သမ္မတဘုရှ် အနေဖြင့် စုံစမ်းစစ်ဆေးရေးကော်မရှင် တစ်ရပ် ဖွဲ့စည်းပြီးပါက လုပ်ပိုင်ခွင့်များ သတ်မှတ်ကာ စစ်မဖြစ်မီက ၎င်းလက်နက် စုံစမ်းစစ်ဆေးရေး လုပ်ငန်းများနှင့် ပတ်သက်သည့် အထောက်အထား အချက်အလက်များကို အချိန်နှင့်အညီ သတ်မှတ် စစ်ဆေးသွားမည်ဖြစ်သည်။

စုံစမ်းစစ်ဆေးရေး ကော်မရှင်အနေဖြင့် အချိန်တစ်နှစ် သတ်မှတ်ကာ ၂၀၀၅ ခုနှစ်၌ စုံစမ်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးသုံးသပ်ချက်များကို အပြီးသတ် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။ **(စီအင်န်အင်န်)**

လက်ဦးမှုယူသည့် ဘုရှ်၏အယူဝါဒ ပျက်ပြားဖွယ်ရှိဟု ဒေးဗစ်ကေးပြောဆို

ဝါရှင်တန် ဖေဖော်ဝါရီ ၃

လွန်ခဲ့သည့်နှစ်တွင် အီရတ်ကိုကျူးကျော်တိုက်ခိုက်ခြင်းမပြုမီက ရရှိခဲ့သော ထောက်လှမ်းရေးသတင်း၏ အရည်အသွေးနှင့်စပ်လျဉ်း၍ အငြင်းပွားမှုသည် ရန်သူဖြစ်ရန် အလားအလာရှိသူများအပေါ် လက်ဦးမှုယူသည့် သမ္မတဂျော့ဒဗလျူဘုရှ်၏ အယူဝါဒကို အတွင်းလိုက်ပြီး ပျက်ပြားစေဖွယ်ရှိကြောင်း ယခင် အမေရိကန်လက်နက်စစ်ဆေးရေးမှူး ဒေးဗစ်ကေးက ဖောက်စ်နယူးစ်ရုပ်မြင်သံကြားနှင့် တနင်္ဂနွေနေ့၌ တွေ့ဆုံမေးမြန်းရာတွင် ပြောကြားလိုက်သည်။

အီရတ်တွင် အဖျက်စွမ်းအားကြီးသောလက်နက်များ ရှာမတွေ့ခြင်းသည် ဘုရှ်၏ အမျိုးသားလုံခြုံရေးမူဝါဒ၏ အဓိကဖြစ်သော လက်ဦးမှုယူသည့် အယူဝါဒကို အယုံအကြည်မဲ့စေခဲ့ကြောင်း ဒေးဗစ်ကေးက ပြောကြားသည်။

အမေရိကန်ပြည်သူများနှင့် ပြည်ပအားထားယုံကြည်လောက်သော တိကျမှန်ကန်သည့် ထောက်လှမ်းရေးသတင်းအပေါ် အားမထားနိုင်လျှင် လက်ဦးမှုယူသည့် မူဝါဒကိုမရနိုင်ကြောင်း ဒေးဗစ်ကေးက ပြောဆိုသည်။

အီရတ်နိုင်ငံသည် ယင်းလက်ဦးမှုယူသည့် မူဝါဒ၏ ပထမဆုံး အစမ်းသပ်ခံဖြစ်ကြောင်း၊ စစ်မဖြစ်မီက ဘုရှ်သည် ဆက်ဒမ်ဟူစိန်၏ ဇီဝလက်နက်များသည် အန္တရာယ်အနေအထား၌ရှိသည်ဟု ငြင်းခုံပြောဆိုခဲ့ကြောင်း၊ သူတိုက်ခိုက်မှုအတွက် ကုလသမဂ္ဂ၏ ထောက်ခံမှုရရန် ကြိုးပမ်းခဲ့ကြောင်း၊ သို့ရာတွင် ထောက်ခံမှုမရသည့်အခါ ဆက်လုပ်ခဲ့ကြောင်း ၎င်းက ပြောဆိုသည်။ နျူကလီးယား၊ ဓာတုနှင့်

အီရတ်ကို စစ်တိုက်ရန်ဆုံးဖြတ်ခြင်းသည် ထောက်လှမ်းရေးသတင်းနှင့် ဘာမျှမဆိုင်ကြောင်း အစိုးရအဖွဲ့အတွင်းရှိ အတွေးအခေါ်သမားများက စစ်ဆင်နွှဲရန် ဆုံးဖြတ်ခဲ့ကြခြင်းဖြစ်ပြီး ၎င်းတို့၏အယူဝါဒကို ယုံကြည်လက်ခံနေဆဲဖြစ်ကြောင်းလည်း မူဝါဒလေ့လာရေး လစ်ဘရယ်အဖွဲ့မှ ဖီးလစ်ဘင်းနစ်က ပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ**

အာဘီလ်၌ ဗုံးခွဲတိုက်ခိုက်မှု သေဆုံးသူအရေအတွက် ၁၀၁ ဦးအထိရှိလာ

အာဘီလ် ဖေဖော်ဝါရီ ၃

အာဘီလ်တွင် ကာ့ဒ်ပါတီနှစ်ခု၏ ရုံးခန်းများကို တနင်္လာနေ့က အသေခံဗုံးခွဲတိုက်ခိုက်ခဲ့မှုတွင် သေဆုံးခဲ့သောအရေအတွက်သည် ၁၀၁ ဦးထိ ရှိသွားပြီဖြစ်ကြောင်း အမေရိကန်စစ်ဘက်အရာရှိများက ပြောဆိုကြသည်။

ဖေဖော်ဝါရီ ၁ ရက်ကဖြစ်ပွားခဲ့သော တိုက်ခိုက်မှုနှင့်စပ်လျဉ်း၍ မည်သည့်အဖွဲ့အစည်းကမျှ မိမိတို့လက်ချက်ဖြစ်ကြောင်း ပြောဆိုကြခြင်းမရှိပေ။ ထိုတိုက်ခိုက်မှုသည် ခြောက်လအတွင်း လူအသေအပျောက် အများဆုံးဖြစ်ခဲ့သည်။

တနင်္ဂနွေနေ့၌ တိုက်ခိုက်မှုများ ဆက်တိုက်ဖြစ်ပွားခဲ့ရာတွင် ပါတီအဖွဲ့အစည်းနှစ်ခုမှ ထိပ်တန်းခေါင်းဆောင်အများအပြား သေဆုံးခဲ့ကြရသည်။ ယင်းပါတီနှစ်ဖွဲ့၏ ရုံးများသည် အီရတ်လူနည်းစု ကာ့ဒ်ဒေသမှ ရှစ်မိုင်အကွာတွင် ရှိသည်။

ထို့ပြင် တနင်္ဂနွေနေ့၌ ဘာလက်ရှိ အမေရိကန်ထောက်ပံ့ရေးအခြေစိုက်စခန်းကို ဒုံးကျည်ဖြင့် တိုက်ခိုက်ခဲ့ရာတွင် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးပြီး အမေရိကန်တပ်ဖွဲ့ဝင် နှစ်ဦးမှာ ဒဏ်ရာပြင်းထန်စွာ ရရှိခဲ့သည်။ တစ်ဖန် တနင်္ဂနွေနေ့၌ပင် ဟမ်းဗီးယာဉ်တစ်စီး ဟာဒီသာအနီး၌ တိမ်းမှောက်သဖြင့် နောက်ထပ် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးပြီး နှစ်ဦးဒဏ်ရာရခဲ့သည်။ **(အင်တာနက်)**

ကန်စစ်ယာဉ်တစ်စီး ဒုံးပစ်လောင်ချာဖြင့် ပစ်ခတ်ခံရ

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၃

အမေရိကန် စစ်ဘက်ယာဉ်တစ်စင်းသည် အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ ဒုံးပစ်လောင်ချာဖြင့် ယမန်နေ့က ပစ်ခတ်တိုက်ခိုက်ခြင်းခံရကြောင်း၊ သေကျေဒဏ်ရာရရှိမှုမရှိခဲ့ကြောင်း သိရသည်။ အီရတ်ပြည်သူများထံ အာဏာ ပြန်လည် လွှဲပြောင်းပေးနိုင်ရေးအတွက် အီရတ်နိုင်ငံ၏ လုံခြုံရေးအခြေအနေကို လေ့လာသုံးသပ်သွားမည်ဖြစ်ကြောင်း သိရသည်။ လွန်ခဲ့သည့်နှစ် အောက်တိုဘာလက အယ်ရာရှီးဟိုတယ်ကို ဒုံးကျည်များဖြင့် စုပြုပစ်ခတ်တိုက်ခိုက်ခြင်းခံရခြင်းကြောင့် လူတစ်ဦးသေဆုံးသွားခဲ့ပြီး အများအပြားဒဏ်ရာရရှိခဲ့သည်။ **(စီအင်န်အင်န်)**

အယ်လ်ဂျာဇီရာသတင်းထုတ်ပြန်မှု ပိတ်ပင်သည့်ကိစ္စ သတင်းစာဆရာများ အကာအကွယ်ပေးရေးကော်မတီ ပြစ်တင်ရှုတ်ချ

နယူးယောက် ဖေဖော်ဝါရီ ၃

အီရတ်အုပ်ချုပ်မှုကောင်စီ သတင်းများကို ရယူခြင်းမှ အာရပ်ရုပ်မြင်သံကြားသတင်းဌာနဖြစ်သည့် အယ်လ်ဂျာဇီရာကို ပိတ်ပင်ရန် ဆုံးဖြတ်ချက်ကို သတင်းစာဆရာများ အကာအကွယ်ပေးရေးကော်မတီက တနင်္လာနေ့တွင် ပြစ်တင်ရှုတ်ချလိုက်သည်။

တားမြစ်

အယ်လ်ဂျာဇီရာက မကြာသေးမီက ထုတ်လွှင့်ခဲ့သည့် သတင်းများသည် အီရတ်ပြည်သူများကို မလေးစားကြောင်း ပြသခဲ့သည့်ပြင် ထင်ရှားသော ဘာသာရေးနှင့် အမျိုးသားရေးခေါင်းဆောင်များကို ထိခိုက်စေသည့်အတွက် အယ်လ်ဂျာဇီရာအား သတင်းထုတ်လွှင့်မှုကို တားမြစ်မည်ဖြစ်ကြောင်း ကောင်စီ ပြောခွင့်ရှိသူ အမျိုးသမီး မာရွတ်ဟေဒါက စနေနေ့တွင် ပြောကြားသည်။

ပိတ်ပင်

လုံခြုံရေးကောင်စီက ကာတာအခြေစိုက် ရုပ်မြင်သံကြားဌာနနှင့် ယင်း၏ ယှဉ်ပြိုင်ဘက် ဒူဘိုင်းအခြေစိုက် အယ်လ်အာရေဘီယာတို့ကို အကြမ်းဖက်မှု လှုံ့ဆော်သည်ဆိုကာ ယင်းတို့၏ လုပ်ငန်းဆောင်ရွက်မှုများကို ယခင်က ယာယီပိတ်ပင်ထားခဲ့သည်။ **(အင်တာနက်)**

ဖေဖော်ဝါရီ ၂ ရက်က အာဘီလ်မြို့တွင် ကားဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားပြီးနောက် ပျက်စီးသွားသော ကားတစ်စီးကို တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

အမေရိကန်နှင့်အပေါင်းပါတို့၏ ကျူးကျော်မှုအောက်မှ အီရတ်မြင်ကွင်း

စစ်ပွဲကြောင့်အီရတ်အခြေခံအဆောက်အအုံများပျက်စီးခဲ့ရ၊ ပြန်လည်ထူထောင်ရေးစရိတ်စကကြီးမားနေ

၂၀၀၃ခုနှစ် မတ် ၂၀ရက်မှစတင်ပြီး အမေရိကန်နှင့်အပေါင်းပါတပ်များက အီရတ်နိုင်ငံအား မတရားကျူးကျော်တိုက်ခိုက်မှုကြောင့် အီရတ်နိုင်ငံအနှံ့အပြားရှိ အခြေခံအဆောက်အအုံများ ပျက်စီးခဲ့ရသည်။ ထို့အပြင် အီရတ်ပြည်သူများ၏ ကျန်းမာရေး၊ ပညာရေး၊ စားဝတ်နေရေး၊ စီးပွားရေးစသောလုပ်ငန်းအရင်းအမြစ်များ ပျက်စီးခဲ့ရသည်။ အီရတ်နိုင်ငံ ပုံမှန်ပြန်ဖြစ်ရေးအတွက် အနည်းဆုံး ၁၀နှစ်ကြာမျှ အချိန်ယူဆောင်ရွက်ရမည်ဖြစ်ကြောင်း နိုင်ငံရေး၊ စီးပွားရေးပညာရှင်များက သုံးသပ်ခန့်မှန်းထားကြသည်။

အီရတ် ပြည်သူများ၏ အဓိက စီးပွားရေးမှာ ရေနံလုပ်ငန်းဖြစ်သည်။ အပေါ်ပုံမှာ ၂၀၀၃ခုနှစ် ဧပြီ ၂၂ ရက်က အမေရိကန်တို့၏ ကျူးကျော်တိုက်ခိုက်စဉ်အတွင်း ပျက်စီးသွားသော ဘာဆာရာမြို့မှ ရေနံစက်ရုံတစ်ရုံကို ပြန်လည် လည်ပတ်နိုင်ရေး အီရတ်အလုပ်သမားတစ်ဦးက ဆောင်ရွက်နေစဉ်။ (ဓာတ်ပုံ–အင်တာနက်)

၂၀၀၃ခုနှစ် မေ ၂၄ ရက်က အမေရိကန်တို့၏ တိုက်ခိုက်မှုကြောင့် ဘဂ္ဂဒက်မြို့ရှိ အီရတ်ဆက်သွယ်ရေး အဆောက်အအုံ ပျက်စီးမီးလောင်ကျွမ်းနေစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အမေရိကန်တို့၏ ကျူးကျော်စစ်ကြောင့် ပညာရေးဆိုင်ရာ အခြေခံအဆောက်အအုံများ ပျက်စီးကာ အီရတ်ကလေးငယ် အများအပြား ပညာသင်ကြားရေးအတွက် အခက်အခဲများနှင့်ရင်ဆိုင်ခဲ့ကြရသည်။ ယာပုံမှာ ၂၀၀၃ခုနှစ် ဇွန် ၁ ရက်က ဘဂ္ဂဒက်မြို့ရှိ ကျောင်းတစ်ကျောင်း၌ ယူနီဆက်မှပေးပို့သည့် စာအုပ်စာတမ်းများကို အီရတ်ကလေးငယ်များအား ပေးအပ်နေစဉ်။ (ဓာတ်ပုံ–အင်တာနက်)

အီရတ်စစ်ပွဲကြောင့်ပျက်စီးခဲ့ရသော အခြေခံအဆောက်အအုံလုပ်ငန်းများ ပြန်လည်ထူထောင်ရန် ငွေကြေးလိုအပ်ချက်

စဉ်	လုပ်ငန်းကဏ္ဍများ	ကုန်ကျမည့်ငွေကြေး
၁။	လျှပ်စစ်ဓာတ်အားပေးရေးစနစ်	ဒေါ်လာ ၁၂ ဘီလီယံ
၂။	ရေနှင့်သန့်ရှင်းရေးလုပ်ငန်းစနစ်များ	ဒေါ်လာ ၆ ဘီလီယံ
၃။	ပညာရေး	ဒေါ်လာ ၄ ဒသမ ၈ ဘီလီယံ
၄။	ဆက်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေး	ဒေါ်လာ ၃ ဒသမ ၄ ဘီလီယံ
၅။	လယ်ယာစိုက်ပျိုးရေး	ဒေါ်လာ ၃ ဘီလီယံ
၆။	အိုးအိမ်နှင့်မြို့ပြတည်ဆောက်ရေး	ဒေါ်လာ ၁ ဒသမ ၈ ဘီလီယံ
၇။	ကျန်းမာရေး	ဒေါ်လာ ၁ ဒသမ ၆ ဘီလီယံ
၈။	မြို့ပြလုံခြုံရေး	ဒေါ်လာ ၅ ဘီလီယံ
၉။	သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်း	ဒေါ်လာ ၃ ဒသမ ၅ ဘီလီယံ
၁၀။	ရေနံထုတ်လုပ်ရေးလုပ်ငန်းများ	ဒေါ်လာ ၈ ဘီလီယံ
	စုစုပေါင်း	**ဒေါ်လာ ၄၉ ဒသမ ၁ ဘီလီယံ**

အမေရိကန်တို့ တိုက်ခိုက်မှုကြောင့် ဘဂ္ဂဒက် ဆင်ခြေဖုံးရပ်ကွက်တစ်ခု၌ အီရတ်ပြည်သူများပိုင်ဆိုင်သော မော်တော်ယာဉ် အများအပြား ပျက်စီးနေသည်ကို ၂၀၀၃ခုနှစ် မေ ၂၅ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

(၁၇)နှစ်ပြောက် ပြည်ထောင်စုနေ့အကြို

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီလက်ထက် ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်မှု မြင်ကွင်း

ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍ	၁၉၈၈	၂၀၀၄
စိုက်ပျိုးရေး		
အသားတင်စိုက်ဧက	၈၆၁၀၀၀	၁၀၈၀၆၇၄
ဆည်/တမံ	၁	၄
လမ်းပန်းဆက်သွယ်ရေး		
ရန်ကုန်-စစ်တွေ (လမ်းမိုင်)	-	၆၂၈
သံတွဲ-တောင်ကုတ်-ရန်ကုန်လမ်း(လမ်းမိုင်)	-	၃၂၃
သံတွဲ-ဂွ-ငသိုင်းချောင်း-ရန်ကုန် (လမ်းမိုင်)	-	၂၃၅
ကျောက်ဖြူ-ရန်ကုန် (လမ်းမိုင်)	-	၅၄၈
အခြား (လမ်းမိုင်)	၄၈၈	၇၄၃
ပေ (၁၈၀) အထက် တံတား	၁၀	၃၅
ပေ (၁၈၀) အောက် တံတား	၆၆၄	၁၂၅၅
လေယာဉ်ကွင်း	၃	၄
သင်္ဘောဆိပ်	၁၈	၁၉
ပညာရေး		
တက္ကသိုလ်	-	၁
ကောလိပ်	၁	၃
ကျန်းမာရေး		
ဆေးရုံ	၃၆	၄၀
တိုင်းရင်းဆေးရုံ	-	၁
ကျေးလက်ကျန်းမာရေးဌာန	၃၈၀	၃၉၅

ဟင်းရှက် ရေလှောင်တမံ

ရခိုင်ပြည်နယ် အမ်းမြို့ ပြည်သူများအတွက် တစ်နှစ်ပတ်လုံးသောက်သုံးရေပေးဝေလျက်ရှိသည့် ဟင်းရှက် ရေလှောင်တမံကို တွေ့ရစဉ်။



ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍ	၁၉၈၈	၂၀၀၄
ပြန်ကြားရေး		
မြန်မာ့အလင်း/ကြေးမုံ (ကိုယ်ပွားသတင်းစာတိုက်)	-	၁
ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ	၃	၁၈
ပြန်/ဆက်ရုံး	-	၂၂
စာကြည့်တိုက်	-	၂၂
ဆက်သွယ်ရေး		
စာတိုက်	၄၄	၈၀
ကြေးနန်းရုံး	၂၀	၂၅
တယ်လီဖုန်းအိတ်ချိန်း	၁၆	၄၁
အော်တိုတယ်လီဖုန်း	၈၀၀	၂၃၈၅
လက်လှည့်တယ်လီဖုန်း	၇၀၀	၃၄၂၉
ဂြိုလ်တုဆက်သွယ်ရေးစခန်း	-	၁
မိုက္ကရိုဝေ့ဗ်	၅	၁၀

သဘာဝဓာတ်ငွေ့ ၁၄ တြီလီယံကုဗပေ ထုတ်ယူနိုင်မည့် ရခိုင်ကမ်းလွန်ဒေသ လုပ်ကွက် အမှတ် A-1ရွှေအစမ်းတွင်း သဘာဝဓာတ်ငွေ့ မီးရှို့ထားမှုကို ဝေဟင်မှ တွေ့ရစဉ်။

မအီချောင်း တံတား

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ် ရန်ကုန်-ကျောက်ဖြူလမ်းရှိ မအီချောင်းတံတားကိုတွေ့ရစဉ်။ (မအီချောင်းတံတားသည် အရှည်ပေ ၉၄၀၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ လူသွားလမ်းအကျယ် တစ်ဖက်လျှင် သုံးပေစီရှိပြီး ကုန်ကျငွေစုစုပေါင်းမှာ ကျပ်သိန်းပေါင်း ၇၁၂၉ သိန်း ဖြစ်သည်။)

5-2 (7).p65 12 3/24/05, 11:09 PM



နိုင်ငံတော်အစိုးရသည် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ပြီး အမျိုးသားရေးမူဝါဒများချမှတ် ကျင့်သုံးဆောင်ရွက်ခဲ့ရာတွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အလေးထားကြိုးပမ်း၍ အဓိကလုပ်ငန်း တစ်ရပ်အဖြစ် ဆောင်ရွက်ခဲ့သည်။ ယနေ့ကာလ၌ နိုင်ငံတော်၏ စေတနာမှန်ကို သိမြင်ပြီးတစ်ဦးအပေါ် တစ်ဦးယုံကြည်ကိုးစားမှု၊ အပြန် အလှန်နားလည်စာနာမှုတို့ကြောင့် လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်ပြီး တရားဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ငြိမ်းချမ်းရေးအဖွဲ့ ပေါင်း ၁၇ဖွဲ့ရှိခဲ့ပြီဖြစ်သည်။

နိုင်ငံတော်က တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အလေးထားကြိုးပမ်းခဲ့မှုကြောင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ပိုမိုထိရောက်စွာ လုပ်ကိုင်လာနိုင်ခဲ့သည်။ မည်သည့်ခေတ် မည်သည့်ကာလကမျှ မရှိခဲ့ဖူးသော ငြိမ်းချမ်းရေးအသီးအပွင့်များကို တိုင်းရင်းသားညီအစ်ကိုများ ရရှိခံစားနေကြပြီဖြစ်သည်။

ထိုသို့ ငြိမ်းချမ်းရေးအသီးအပွင့်များရရှိခံစားနေရပုံ၊ ပြည်ထောင်စုစိတ်ဓာတ်ပိုမို ခိုင်ကျည်မြဲမြံစွာဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေပုံများကို ရှမ်းပြည်နယ် (တောင်ပိုင်း) အထူးဒေသ(၆)မှ ပအိုဝ်းတိုင်းရင်းသားခေါင်းဆောင် ဦးအောင်ခမ်းထီအား မြန်မာ့အလင်းသတင်းအဖွဲ့က သွားရောက်တွေ့ဆုံမေးမြန်းခဲ့သည်။

ပအိုဝ်းတိုင်းရင်းသားများသည် စိတ်သဘောထားဖြူစင်သည်။ ရိုးသားသည်။ ပွင့်လင်းသည်။ ပအိုဝ်းတိုင်းရင်းသားတို့နေထိုင်ရာဒေသသည် ရေခံမြေခံကောင်းသည်။ ပအိုဝ်းတိုင်းရင်းသားများ၏ ပင်ကိုသဘာဝဓလေ့စရိုက်နှင့် ရေခံမြေခံကို လေ့လာနိုင်ရန် မြန်မာ့အလင်းသတင်းအဖွဲ့သည် ၂၀၀၄ခုနှစ် ဇန်နဝါရီလ ၁၀ ရက်နေ့က ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးမြို့နယ် ကျောက်တစ်လုံး ဒေသသို့ရောက်ရှိခဲ့ပြီး နိုင်ငံအကျိုး၊ ဒေသအကျိုးဆောင်ရွက်နေသော ပအိုဝ်းတိုင်းရင်းသားခေါင်းဆောင် ဦးအောင်ခမ်းထီနှင့် တွေ့ဆုံခဲ့သည်။ ဦးအောင်ခမ်းထီ ပြောကြားခဲ့သော ဒေသဖွံ့ဖြိုးရေးနှင့် စပ်လျဉ်းသည့်အချက်များကို ပြန်လည်ဖော်ပြလိုက်ရပါသည်။

တောင်ပေါ်မြေပြန့်မခွဲခြား အားလုံးတစ်ပြေးညီတိုးတက်လာ နိုင်ငံတော်နှင့်လက်တွဲ၍ စွမ်းအားရှိသလောက်အလုပ်လုပ်မည် ပအိုဝ်းတိုင်းရင်းသားခေါင်းဆောင် မြန်မာ့အလင်းသို့ပြောကြား

တွေ့ဆုံမေးမြန်းသူ – မောင်မောင်ကျော် ဓာတ်ပုံမှတ်တမ်း–တင်စိုး (မြန်မာ့အလင်း)

လင်း။ ။ အတိတ်ကာလပအိုဝ်းဒေသ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို သိပါရစေ။

ထီ။ ။ ဒေသဖွံ့ဖြိုးတိုးတက်မှုများကို လက်တွေ့ ရုပ်တရားက ဖော်ပြနေ ပါတယ်။ တစ်ချိန်တစ်ခါတုန်းက မိဘပြည်သူတွေ မည်မျှချမ်းသာ သုခရလိုတဲ့ ဆန္ဒရှိပေမယ့် နယ်မြေဒေသ အေးချမ်းမှုမရှိတဲ့အတွက်ကြောင့် ဘာမှ မလုပ်နိုင်ခဲ့ပါဘူး။ ဒေသအတွင်းဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းတွေဖြစ်တဲ့ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေးတွေ မတိုးတက်ခဲ့ပါဘူး။ အရင်က ဆေးရုံကြီးမပြောနဲ့၊ တိုက်နယ်ဆေးရုံမပြောနဲ့၊ သားဖွားခန်းလေးတောင် အနိုင်နိုင်ပါပဲ။

လင်း။ ။ ယခုအခြေအနေကိုလဲ ပြောပြပေးပါဦး။

ထီ ။ ။ အခုတော့ အားလုံးဖွံ့ဖြိုးတိုးတက်နေပါပြီ။ နိုင်ငံတော်ရဲ့ မေတ္တာစေတနာကြောင့် ရုပ်သူရွာသားတွေဟာ စိတ်ရှိသလောက်၊ ဆန္ဒရှိသလောက်၊ ခွဲလုံ့လရှိသလောက် လုပ်နိုင် ကိုင်နိုင်နေပါပြီ၊ ဒါပေမယ့် ဒါဟာ အတော်လေးပြည့်စုံပြီလို့ မဆိုနိုင်သေးပါဘူး၊ စကာစပဲ ရှိပါသေးတယ်၊ တဖြည်းဖြည်း နဲ့တော့ တိုးတက်လာပါလိမ့်မယ်၊ တစ်ချိန်တစ်ခါတုန်းက ဒီဒေသက အသက် ၆၀ ကျော်အရွယ်ရှိတဲ့သူတွေဆို မြို့ကြီးပြကြီး၊ မန္တလေးမပြောနဲ့ တောင်ကြီးတောင် မရောက် ဖူးပါဘူး။ နောက်ပိုင်းကားလမ်း၊ ရထားလမ်းတွေဖြစ်လာတော့ ဒီကရှိတဲ့လူတွေဟာ ကိုယ့်မှာရှိတဲ့ ပိုလျှံတဲ့ထွက်ကုန်တွေကို တောင်ကြီးအထိ တက်ရောင်းနိုင်ပါတယ်။ မြို့ပေါ်မှာလဲ သုံးနိုင်၊ အပိုအလျှံ တွေလဲဖြစ်လာပါတယ်။ တစ်ဆက်တည်းမှာပဲ မြို့ပြနဲ့ အကျွမ်းတဝင်ဖြစ်လာတော့ သူတို့ရဲ့ အတွေးအမြင်တွေ ကြွယ်ဝလာပါတယ်။ အခုဆိုရင် ရထားမပြောနဲ့ ကားတောင် မစီးဖူးတဲ့သူတွေ ကားတွေ၊ ရထားတွေနဲ့ သွားလာနိုင်ပါပြီ။

လင်း။ ။ခုလို ဖွံ့ဖြိုးတိုးတက်ခဲ့တာ ဘာကြောင့်လို့ ထင်ပါသလဲ။

ထီ။ ။ အဓိကကတော့ ပြောရရင် နိုင်ငံတော်ရဲ့ မေတ္တာစေတနာကြောင့်ပါပဲ။ နိုင်ငံတော်ရဲ့စေတနာကြောင့် တောင်ပေါ်မြေပြန့် မခွဲခြား အားလုံးတစ်ပြေးညီတိုးတက်လာပါပြီ၊ ဥဒေါင်းမြတ်ပမာလို တဖြည်းဖြည်း လှပလာပါပြီ၊ မြေကြီးကို အကြောင်းပြုပြီး ချမ်းသာလာပါပြီ၊ အဘတို့ ဒေသမှာပိုပြီး အားသာတာက တဘက်ချောင်းကြီးကစီးဆင်းနေတော့ ပိုပြီးအခွင့်အရေးရလာပါတယ်။ နောက်ပြီးဟိုတုန်းက ဘုန်းတော်ကြီးသင်ကျောင်းသာရှိရာက မူလတန်းကျောင်းတွေ၊ အလယ်တန်းကျောင်းတွေ အထက်တန်း ကျောင်း တွေဖြစ်လာပါပြီ။ ဒီလိုတိုးတက်မှုရဲ့ ရေခံမြေခံက နိုင်ငံတော်ရဲ့ စေတနာမေတ္တာတရားပါပဲ၊

လင်း။ ။မျက်မှောက်ကာလတိုးတက်မှုနဲ့အတူ ပြည်ထောင်စု စိတ်ဓာတ်ပိုမိုတိုးတက်ခိုင်မြဲလာအောင် တိုင်းရင်းသားအားလုံး ခံယူရမယ့်သဘောထားကို သိပါရစေ။

ထီ။ ။ပြည်ထောင်စုစိတ်ဓာတ် ပိုမိုထွန်းကားရေးမှာ တိုင်းရင်းသားတွေအားလုံးမှာ တာဝန်ရှိပါတယ်။ ဒီနိုင်ငံဟာ တိုင်းရင်းသားလူမျိုးပေါင်းစုံ စုစည်းနေထိုင်တဲ့ နိုင်ငံဖြစ်ပါတယ်။ ဥပမာတင်စားပြီးပြောရရင် ပန်းပေါင်းစုံ ဖူးပွင့်ဝေဆာနေတဲ့ ပန်းဥယျာဉ်တစ်ခုပါပဲ၊ စကားအနေအထားအရရော၊ စာပေအနေအထားအရပါ အပြောအဆို အနေအထားအရပါ တစ်မူထူးခြားကွဲပြားတဲ့ အနေအထားရှိပေမယ့် အဘတို့ရဲ့ဘဝကံကြမ္မာအရ တစုတစည်းတည်း ဖြစ်တည်နေတာပါပဲ၊ တစုတစည်းဖြင့် ရပ်တည်နေတာကို တရားစကားနဲ့ ပြောရရင် 'သမဂ္ဂါနံတပေါသုခေါ'တဲ့၊ စုပေါင်းပြီး ဆောင်ရွက်ရင် အေးချမ်းတဲ့ ရလာဒ်ကို ရရှိမှာဖြစ်ပါတယ်။ မိမိတို့မှာ အမြင်ကျဉ်းမြောင်းနေလို့မရဘူး အမြင်ကျယ်ရမယ်၊ အဘတို့ဟာ ပြည်ထောင်စုသားတွေဖြစ်လို့ နိုင်ငံတော်အစိုးရရဲ့ အုပ်ချုပ်မှုအောက်မှာ စုပေါင်းပြီး အေးအတူပူအမျှ နေထိုင်ကြရမယ်။

“ပြည်ထောင်စုစိတ်ဓာတ် ပိုမိုထွန်း... အားလုံးမှာ တာဝန်ရှိပါတယ်။ ဒီနိ... ပေါင်းစုံ စုစည်းနေထိုင်တဲ့ နိုင်ငံဖြ... ပြောရရင် ပန်းပေါင်းစုံ ဖူးပွင့်ဝေဆာ...

ပအိုဝ်...

ကာယ ဉာဏစွမ်းအားရှိသလောက် ... ကြောင်း ကြိုးစားကြရမယ်၊ ပြည်ထေ... ကျန်တဲ့ တိုင်းရင်းသား ညီအစ်ကိုေ... တယ်။ ပင်စည်ကြီး ခိုင်မာမြဲမြံမှသာလျှ... ဖူးပွင့်ဝေဆာမှာဖြစ်တယ်။

လင်း။ ။ အတိတ်က လွဲမှားတဲ့အ... တဲ့အယူအဆကွဲပြားခြား...

ထီ။ ။အဘအနေနဲ့ ပြောလိုတာက... ဘဝရေစက်ဖြစ်တယ်၊ ဘာသာတရား...

ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် ချိုင့်ဝှမ်းသုံးခုရှိသည်။ ထိုချိုင့်ဝှမ်းသုံးခုအနက် ပအိုဝ်းဒေသမှ ဟိုပုန်းချိုင့်ဝှမ်းလည်း အပါအဝင်ဖြစ်သည်။ ပအိုဝ်းတိုင်းရင်းသားများနေထိုင်ရာ ဟိုပုန်းချိုင့်ဝှမ်းတွင် တဘက်ချောင်းကြီးက အလယ်မှ ဖြတ်သန်းစီးဆင်းနေသဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုအောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။ အောက်ပုံမှာ ဒေသခံတိုင်းရင်းသားများ စိုက်ပျိုးထားသော ပဲတီစိမ်းစိုက်ခင်းကြီးကို ဤသို့တမျှော်တခေါ်တွေ့ခဲ့ရသည်။

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းဒေသတွင် ငြိမ်းချမ်းခြင်း၊ တည်ငြိမ်ခြင်းမှသည် ဒေသဖွံ့ဖြိုးတိုးတ... ဒေသခံတိုင်းရင်းသား တို့၏ လူမှုစီးပွားဘဝ မြင့်မားတိုးတက်ခဲ့ရာ ကျောက်တစ်လုံးဒေသရှိ ဖုန်ဆွေပင်ကျေး... အဆောက်အအုံများ ပေါ်ထွန်းနေသည်ကို ဤသို့ တွေ့ခဲ့ရသည်။

လင်း။ ။တိုင်းပြည်ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်တဲ့နေရာမှာ ပြည်ထောင်စုသားတိုင်းရင်းသားအားလုံး ပါဝင်ဖို့ လိုအပ်ပုံကိုသိပါရစေ။

ထီ။ ။ စစ်အတွင်းကာလကလည်း ပြည်ထောင်စုသားတွေ အတူတကွခံခဲ့ကြရတယ်။ လွတ်လပ်ရေးရပြန်တော့လည်း အားလုံးဟာ ကျွန်သပေါက်ဘဝကလွတ်မြောက်ပြီး လွတ်လပ်တဲ့လူမျိုး၊ လွတ်လပ်တဲ့တိုင်းပြည်အဖြစ်ခံယူပြီး ဝင့်ဝင့်ကြွားကြွား နေခဲ့ကြရတယ်၊ အဘတို့ရဲ့ အနေအထား တိုင်းပြည်ရဲ့အနေအထားအရ စုပေါင်းလက်တွဲပြီး အဘတို့ရဲ့ ဆက်ကြောင့် အခုလိုလာဆုံတွေ့ကြတယ... ဘာဖြစ်လို့လဲဆိုတော့ မျက်နှာအသွင်... အကျိုးပေးတူတာကြောင့် ဒီမြေဒီရေမှ... ကတည်းက အတူတကွ နေထိုင်ခဲ့ကြ... အခါမှာ စည်းခြားတဲ့ အနေအထားနဲ့ ေ... တိုင်းပြည်လဲ နာပါတယ်၊ အချိန်လည်... တစ်ခါက ၁၉၄၈ခုနှစ် လွတ်လပ်ရေးရပြီ... တွေကြောင့် တိုင်းတစ်ပါးသားတွေ ေ...

00/8-9 (MMK)(C3)

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့အကြို

ဂုဏ်ပြုဆောင်းပါးနှင့် ဓာတ်ပုံမှတ်တမ်း

"ပြည်ထောင်စုစိတ်ဓာတ် ပိုမိုထွန်းကားရေးမှာ တိုင်းရင်းသားတွေအားလုံးမှာ တာဝန်ရှိပါတယ်။ ဒီနိုင်ငံဟာ တိုင်းရင်းသားလူမျိုးပေါင်းစုံ စုစည်းနေထိုင်တဲ့ နိုင်ငံဖြစ်ပါတယ်။ ဥပမာတင်စားပြီး ပြောရရင် ပန်းပေါင်းစုံ ဖူးပွင့်ဝေဆာနေတဲ့ ပန်းဥယျာဉ် တစ်ခုပါပဲ"

ဦးအောင်ခမ်းထီ
ပအိုဝ်းတိုင်းရင်းသားခေါင်းဆောင်။

ကာယ ဉာဏစွမ်းအားရှိသလောက် တိုင်းပြည်တိုးတက်ရာ တိုးတက်ကြောင်း ကြိုးစားကြရမယ်၊ ပြည်ထောင်စုဟာ ပင်စည်ဖြစ်ပြီးတော့ ကျန်တဲ့ တိုင်းရင်းသား ညီအစ်ကိုတွေဟာ အကိုင်းအခက်တွေပဲဖြစ်တယ်။ ပင်စည်ကြီး ခိုင်မာမြဲမြံမှသာလျှင် အကိုင်းအခက်အသီးအနှံတွေ ဖူးပွင့်ဝေဆာမှာဖြစ်တယ်။

လင်း။ ။ အတိတ်က လွဲမှားတဲ့အယူအဆနဲ့ ယနေ့ကာလမှန်ကန်တဲ့အယူအဆကွဲပြားခြားနားပုံကို သိပါရစေ။

ထီ။ ။အဘအနေနဲ့ ပြောလိုတာက ပြည်ထောင်စုသားအားလုံးဟာ ဘဝရေစက်ဖြစ်တယ်၊ ဘာသာတရားနဲ့ ပြောမယ်ဆိုရင်ပဋ္ဌာန်းအကျိုး

တည်ငြိမ်ခြင်းမှသည် ဒေသဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်များကြောင့် ကျောက်တစ်လုံးဒေသရှိ ဖုန်ဆွေပင်ကျေးရွာကလေး၌ နေအိမ်တိုက်တာ

ဆက်ကြောင့် အခုလိုလာဆုံတွေ့ကြတယ်။ အားလုံးဟာညီအစ်ကိုတွေပါပဲ၊ ဘာဖြစ်လို့လဲဆိုတော့ မျက်နှာအသွင်ပြင် တူနေလို့ပါပဲ၊ ဒါဟာဘဝအကျိုးပေးတူတာကြောင့် ဒီမြေဒီရေမှာပဲ ဘိုးဘွားဘီဘင် လက်ထက်ကတည်းက အတူတကွ နေထိုင်ခဲ့ကြလို့ဖြစ်ပါတယ်။ ဒီနေ့ဒီအချိန်အခါမှာ စည်းခြားတဲ့ အနေအထားနဲ့ တွေးခေါ်နေရင် မောရုံပဲဖြစ်ပါတယ်။ တိုင်းပြည်လဲ နာပါတယ်၊ အချိန်လည်း နောက်ကျပါတယ်။ တစ်ချိန်တစ်ခါက ၁၉၄၈ခုနှစ် လွတ်လပ်ရေးရပြီးတဲ့နောက် နိုင်ငံရေး အစာမကျေမှုတွေကြောင့် တိုင်းတစ်ပါးသားတွေ ပြောတာကို ယုံကြည်မက်မောပြီး

အရှုံးထကြလို့ ဖွံ့ဖြိုးမှု နောက်ကျခဲ့ရတယ်။ ဒါမှ မဟုတ်ရင်ဒီထက်မကတိုးတက်နေပါပြီ။

လင်း။ ။အနာဂတ်နိုင်ငံတော်ကြီး တိုးတက်အောင် ရှေ့ဆက် လျှောက်လှမ်းမယ့်လုပ်ငန်းအစီအစဉ်များကို သိပါရစေ။

ထီ။ ။ပြီးခဲ့တာတွေကို အဘတို့ သင်ခန်းစာရယူပြီးတော့ ရှေးဆက်ပြီးခရီးမှာ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နဲ့၊ အမြင်ရှင်းရှင်းနဲ့ လူမျိုးရေးသံသယတွေ ပယ်ဖျောက်ပြီးတော့ နိုင်ငံတော်ရဲ့ ဦးဆောင်မှုကို အကြွင်းမဲ့ လက်ခံယုံကြည်မယ်။ လိုက်နာဆောင်ရွက်ကြမယ်ဆိုရင် သိပ် မကြာတော့တဲ့ အနာဂတ်ကာလမှာ အဘတို့ ပတ်ဝန်းကျင်မှာရှိတဲ့ ညီနောင်အာရှနိုင်ငံများ နည်းတူတိုးတက် လာမှာပါ။ ဒီနေ့ဒီအခါမှာ မြန်မာနိုင်ငံဟာ အရင်ကထက်စာရင် အတော်တိုးတက်နေပါပြီ။ ဒါဟာ အဘတို့အမြင်ပါ၊ လူငယ်တွေက ဒီထက်ပိုမြင်မှာပါ။

ပအိုဝ်းတိုင်းရင်းသားခေါင်းဆောင် ဦးအောင်ခမ်းထီ၏ ပြောကြားချက်များသည် လက်ရှိပကတိအရှိတရားများနှင့် ထင်ဟပ်လှသည်။ အတိတ်ကာလက နယ်ချဲ့တို့၏သွေးခွဲမှုကြောင့် တိုင်းရင်းသားများ အချင်းချင်းသံသယပွားကာ လွဲမှားသော အတွေးအခေါ် အယူအဆများ ဖြစ်ပေါ်ပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှု နောက်ကျခဲ့ရပုံ၊ မျက်မှောက်ကာလ နိုင်ငံတော်အစိုးရ၏ မှန်ကန်သော မေတ္တာစေတနာတို့ကြောင့် တိုင်းရင်းသား စည်းလုံးညီညွတ်မှု တိုးတက်လာခဲ့ပြီး နိုင်ငံအတွင်း ဒေသခံတိုင်းရင်းသား ပြည်သူတို့၏ လူမှုဘဝအေးချမ်းသာယာပုံများကို

ဝင်းယ စံပြကျေးရွာကလေးတွင် နေထိုင်ကြသော ပအိုဝ်းတိုင်းရင်းသားများအတွက် သောက်သုံးရေဖူလုံစေရန် နိုင်ငံတော်က ကျေးလက်ဒေသ ရေရရှိရေးအစီအမံများကို ဆောင်ရွက် ပေးခဲ့သည်။

ပအိုဝ်းဒေသ ပညာရေး

ရှမ်းပြည်နယ်(တောင်ပိုင်း) ကျောက်တစ်လုံးဒေသ ဝင်းယစံပြကျေးရွာအုပ်စုတွင် အခြေခံပညာ အလယ်တန်းကျောင်း (တွဲဖက်အထက်တန်းကျောင်း)ကို တည်ဆောက်ထားရာ ဒေသခံ တိုင်းရင်းသား ကလေးငယ်များ ပညာသင်ကြားမှု အခွင့်အလမ်း ပိုမိုရရှိနေပြီ ဖြစ်သည်။

စာရေးသူတို့ ကြားသိခဲ့ရပြန်သောအခါ လက်တွေ့အရှိတရားများကို လေ့လာလိုစိတ် ဖြစ်မိ၍ ပတ်ဝန်းကျင် ကျေးရွာများသို့ ကွင်းဆင်းလေ့လာခဲ့ကြသည်။

ဒေသအတွင်းရှိ ကျေးရွာများမှာ တစ်မူ ထူးခြားနေသည်။ တိုက်တာ၊ ဝင်းခြံ၊ တီဗီစလောင်းများနှင့် ဖြစ်သည်။ ကျေးရွာကို ကျေးရွာဟုမထင်ရ၊ ဖွံ့ဖြိုးတိုးတက်သည့် မြို့ပြများဟု ထင်ရသည်။ သဘာဝကပေးသော ရေအားဖြင့် လျှပ်စစ်ဓာတ်အားများ ထုတ်ယူသုံးစွဲနေကြသည်။ တိုက်နယ် ဆေးရုံနှင့် စာသင်ကျောင်းများကို တွေ့ရသည်။ ဒေသခံတိုင်းရင်းသားများနှင့် ကျောင်းသား ကလေးငယ်များကို ပျော်ရွှင်ချမ်းမြေ့စွာဖြင့် တွေ့မြင်ခဲ့ရ သည်။ ပြောမယုံ ကြုံဖူးမှ သိသော တကယ့်အရှိတရားများပင်တည်း။

ဒေသအတွင်း တည်ငြိမ်ခြင်း၊ အေးချမ်းခြင်း၊ သာယာလှပခြင်းတို့သည် နိုင်ငံတော်၏ကောင်းမွန်သော ရေခံမြေခံကောင်းများ၊ ဒေသခံတိုင်းရင်းသားများ၏ဖြူစင်ရိုးသားစွာကြိုးစားမှုများ၊ နိုင်ငံတော်၏မှန်ကန်မွန်မြတ်သော စေတနာတို့ပေါင်းဆုံမှုများကြောင့်ဖြစ်သည်။

တစ်နည်းဆိုရလျှင် ၎င်းတို့သည် တိုင်းရင်းသားညီအစ်ကိုများ၏ ပြည်ထောင်စုစိတ်ဓာတ်၊ စည်းလုံးညီညွတ်ရေးစိတ်ဓာတ်များမှတစ်ဆင့် သီးပွင့်လာသော ဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်များပင် ဖြစ်ပါတော့သည်။ ။

"ကျွန်မ စိုက်ပျိုးရေးလုပ်တာ ၁၀နှစ်ရှိပါပြီ။ ကျွန်မ ယာမှာ ကြက်သွန်ဖြူစိုက်ပါတယ်။ မုန်ညှင်းနဲ့ ပဲလဲစိုက်ပါတယ်။ အခုအခါမှာ သီးနှံအထွက်တိုးလို့ စီးပွားတွေ တိုးနေပါပြီ။"

ပအိုဝ်းတိုင်းရင်းသူ ဒေါ်နန်းအောင်
ဝင်းယစံပြကျေးရွာ

"မိမိတို့ရဲ့အနေအထား တိုင်းပြည်ရဲ့ အနေအထားအရ စုပေါင်းလက်တွဲပြီး အဘတို့ရဲ့ ကာယဉာဏစွမ်းအားရှိသလောက် တိုင်းပြည်တိုးတက်ရာတိုးတက်ကြောင်း ကြိုးစားကြရမယ်၊ ပြည်ထောင်စုဟာ ပင်စည်ဖြစ်ပြီးတော့ ကျန်တဲ့တိုင်းရင်းသား ညီအစ်ကိုတွေဟာ အကိုင်းအခက်တွေပဲ ဖြစ်တယ်၊ ပင်စည်ကြီး ခိုင်မာမြဲမြံမှသာလျှင် အကိုင်းအခက်တွေ ဖူးပွင့်ဝေဆာမှာ ဖြစ်တယ်"

နိုင်ငံအဆင့် အနာကြီးရောဂါကင်းဝေးပြီးနောက် ဆက်လက်ဆောင်ရွက်ရမည့်ရှေ့လုပ်ငန်းစဉ်များ

အနာကြီးရောဂါ ကင်းဝေးရေးအထိမ်းအမှတ်နေ့ (၆-၂-၂၀၀၄)

ကမ္ဘာ့နိုင်ငံများအတွင်း မြန်မာနိုင်ငံသည် အနာကြီးရောဂါ အဖြစ်များသော နိုင်ငံတစ်နိုင်ငံအဖြစ် တစ်ချိန်က သတ်မှတ်ခြင်းခံခဲ့ရသည်။ လွတ်လပ်ရေးရပြီး အမျိုးသားကျန်းမာရေး စီမံကိန်းလုပ်ငန်းများ စတင်စီစဉ်ရေးဆွဲကတည်းက အနာကြီးရောဂါ တိုက်ဖျက်ရေးစီမံချက်ကို ဦးစားပေးအစီအစဉ်တစ်ခုအဖြစ် သတ်မှတ် အကောင်အထည်ဖော်ခဲ့သည်။ ၁၉၅၀-၅၁ ခုနှစ်က စတင်ခဲ့သော စီမံချက်သည် အနာကြီးရောဂါဖြစ်ပွားမှုများကို စူးစမ်းလေ့လာခဲ့ရာ လေ့လာမှုများကို စနစ်တကျနှင့် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ခဲ့သည်နှင့်အမျှ အနာကြီးရောဂါဖြစ်ပွားမှုပမာဏသည် ယခင့်ယခင်က တွေးထင်ထားသည်ထက် များစွာကွာခြားနေသည်ကို တွေ့ခဲ့ရသည်။ ၁၉၇၃ ခုနှစ်တွင်လူနာပေါင်းခုနှစ်သိန်းခန့်အထိ ရှိနိုင်ကြောင်းသိခဲ့ရသည်။

ထိုကာလအတွင်း ဝန်ထမ်းနှင့် လူနာအချိုး မမျှမတဖြစ်နေ၍ လူနာတိုင်းကို ဆေးမပြတ်အောင် ပေးဝေကုသနိုင်ရေး ဆေးကုသရသည့် ကာလနှစ်ရှည်ကြာလွန်းသဖြင့် လူနာများနေ့စဉ်မှန်မှန် စားသုံးရေးစသည့် ပြဿနာများအပြင် ရောဂါပိုးကို ကုသပေးနေသော ဒက်ပဆုံး (Dapsone)က မတိုးတော့သည့် ပြဿနာများကို ကြုံတွေ့လာရသည်။ နည်းဗျူဟာများ တီထွင်စမ်းသပ်ခြင်း၊ ကုသရေးပိုင်းဆိုင်ရာ သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် ၎င်းပြဿနာများကို ကျော်လွှားနိုင်အောင် ကြိုးပမ်းခဲ့ကြရသည်။

တွေ့ရှိပြီးလူနာများကို ဆေးမှန်မှန်ကုသပေးနိုင်ရေးအတွက် လူအင်အားများများနှင့် ကျေးလက်အောက်ခြေအထိ ကျယ်ကျယ်ပြန့်ပြန့်ဖြန့်ကြက်ထားသော အခြေခံကျန်းမာရေးဌာနများမှ တာဝန်ထမ်းဆောင်နေကြသည့် သားဖွားဆရာမများက ကူညီဆေးပေးသည့် စနစ်ကို ၁၉၆၉-၇၀ခုနှစ်က စတင်စမ်းသပ်ခဲ့သည်။ နောက်ပိုင်းတွင် တွေ့ရှိပြီးလူနာများကို ဆေးမှန်မှန်ကုသပေးသည့် လုပ်ငန်းသာမက လူနာသစ်ရှာဖွေရေးလုပ်ငန်းများ၊ ပြည်သူလူထုကို အနာကြီးရောဂါဆိုင်ရာ ကျန်းမာရေးပညာပေးခြင်းလုပ်ငန်းများ စသည်တို့ကို သက်ဆိုင်ရာ ကျန်းမာရေးမှူးများနှင့် မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူးများ (မြို့နယ် ဆရာဝန်များ)၏ ကြီးကြပ်မှုဖြင့်လည်းကောင်း၊ အနာကြီးရောဂါတိုက်ဖျက်ရေး ဝန်ထမ်းများ၏ ကျွမ်းကျင်မှုနည်းပညာဆိုင်ရာ အထောက်အကူဖြင့် လည်းကောင်း၊ သားဖွား ဆရာမများသည် ထူးချွန်ပြောင်မြောက်စွာ ဆောင်ရွက်ပေးနိုင်ခဲ့ကြသဖြင့် လူနာတိုင်းရောဂါပျောက်ကင်းအောင် ကုသပေးနိုင်ခဲ့သည်သာမက ဆေးကုသပေးရန် လိုအပ်သော လူနာအမြောက်အမြားကိုလည်း ဖော်ထုတ်ပေးနိုင်ခဲ့သည်။

အနာကြီးရောဂါကို ကုသရာတွင် ပိုမိုအစွမ်းထက်သည့် ဆေးပေါင်းကုသနည်း (MDT) ကို ၁၉၈၆ခုနှစ်မှစ၍ မြန်မာနိုင်ငံတွင် အသုံးပြုလာနိုင်ခဲ့သဖြင့် ဒက်ပဆုံးဆေးမတိုးသည့် ပြဿနာကို အောင်မြင်စွာ ကျော်လွှားနိုင်ခဲ့သည်သာမက လူနာများကို ဆေးကုသပေးရသည့်ကာလကို သိသိသာသာ တိုတောင်းအောင် လျှော့ချပေးနိုင်သဖြင့် လူနာအများအပြား ရောဂါပျောက်ကင်းချမ်းသာရာရကြသည်။

ဆေးပေါင်းကုသနည်း(MDT) ကို သားဖွားဆရာမအစရှိသည့် အခြေခံကျန်းမာရေးဝန်ထမ်းများ၏ ဆောင်ရွက်ပေးမှုဖြင့် ၁၉၉၅ ခုနှစ်တွင် မြန်မာတစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ကုသပေးနိုင်ခဲ့သည်။ ဤကဲ့သို့ တိုးချဲ့ဆောင်ရွက်နိုင်ရန်အတွက်လည်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးနှင့် တကွ ဖောင်ဒေးရှင်းများ၊ အေဂျင်စီများ၊ အပြည်ပြည်ဆိုင်ရာ အနာကြီးရောဂါ ကူညီရေး မိတ်ဖက်အဖွဲ့အစည်းများက ကူညီပေးခဲ့ကြသည်။

ကမ္ဘာလုံးဆိုင်ရာ အနာကြီးရောဂါ ကင်းဝေးရေးအတွက် ကမ္ဘာ့ကျန်းမာရေး ညီလာခံကြီးတွင် ၁၉၉၁ခုနှစ် မူဝါဒရည်မှန်းချက်ချမှတ်စဉ်က အနာကြီးရောဂါ ပြဿနာရှိသော နိုင်ငံပေါင်း (တစ်နည်းအားဖြင့်) လူဦးရေတစ်သောင်းတွင် လူနာတစ်ဦးထက်ပိုသော နိုင်ငံပေါင်း၁၂၂နိုင်ငံ ရှိခဲ့သော်လည်း ၂၀၀၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၁၅နိုင်ငံသာ ကျန်ရှိသည်။ သို့သော် ထိုသို့ကျန်ရှိနေသောနိုင်ငံများသည် ကင်းဝေးရေး ရရှိသွားသောနိုင်ငံများနှင့် စာလျှင် နဂိုကတည်းက ရှိခဲ့သောအနာကြီးရောဂါပြဿနာက အတိုင်းအဆ ပိုများသောကြောင့် ကျန်ရှိရခြင်းဖြစ်သည်။ ၎င်းနိုင်ငံတို့အတွက် ရည်မှန်းချက်ကို ၂၀၀၅ ခုနှစ်သို့ပြောင်းလဲသတ်မှတ်ရာ မြန်မာနိုင်ငံသည် သတ်မှတ်ချိန်ထက် စောစီးစွာ ရည်မှန်းချက်ကို အောင်မြင်စွာရရှိခဲ့သည်။ ဤသို့ရရှိခြင်း၏ အကြောင်းတရားတစ်ရပ်မှာ နိုင်ငံတော်က ချမှတ်ကျင့်သုံးသည့် ကျန်းမာရေး စနစ်သစ်ကြောင့်လည်းဖြစ်သည်။ အနာကြီးရောဂါ ကင်းဝေးရေးအတွက် ကျန်းမာရေးဝန်ထမ်းများသာမက ပြည်တွင်းအင်အားစုများဖြစ်သည့် ဆက်စပ်နီးနွယ်သော ဌာနဆိုင်ရာများ၊ ဒေသအုပ်ချုပ်ရေးအဖွဲ့များ၊ လူမှုရေးအဖွဲ့များ၊ မီဒီယာမှပုဂ္ဂိုလ်များနှင့် မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော ပြည်သူပြည်သားတစ်ရပ်လုံးကပါ အနာကြီးရောဂါ ကင်းဝေးရေးလုပ်ငန်းများတွင် တက်ကြွစွာ ပူးပေါင်းပါဝင်လက်တွဲ ဆောင်ရွက်ခဲ့၍ဖြစ်သည်။

ရှေ့တစ်လှမ်းရောက်နေသော မြန်မာနိုင်ငံ

၂၀၀၃ ခုနှစ် ဖေဖော်ဝါရီလအတွင်းက ရန်ကုန်မြို့တွင် ပြုလုပ်ခဲ့သည့် တတိယအကြိမ်မြောက် ကမ္ဘာလုံးဆိုင်ရာအနာကြီးရောဂါ ကင်းဝေးရေးအစည်းအဝေးကြီးက ထုတ်ပြန်သော 'ရန်ကုန်ကြေညာချက်'တွင် 'အနာကြီးရောဂါ ကင်းဝေးရေးလုပ်ငန်းကို အနာကြီးရောဂါဆိုင်ရာ ကျွမ်းကျင်ရေးဝန်ထမ်းများ၏ ပံ့ပိုးကူညီမှုရယူကာ အထွေထွေ(အခြေခံ)ကျန်းမာရေးဝန်ထမ်းများ၏ ပေါင်းစည်းလုပ်ငန်း (Integrated) အသွင်ဖြင့် အရှိန်အဟုန်မြင့် ဆောင်ရွက်ရန် လိုအပ်ကြောင်း'နှိုးဆော်ထားသော်လည်း မြန်မာနိုင်ငံအနေဖြင့် ရှေ့တစ်လှမ်းတိုးကာ ကျန်းမာရေးဝန်ထမ်းများနှင့်သာမက မိတ်ဖက်အဖွဲ့အစည်းများနှင့်ပါ လက်တွဲဆောင်ရွက်ခဲ့သဖြင့် ယခုကဲ့သို့ အကျိုးကျေးဇူးများရရှိနေခြင်းဖြစ်သည်။

မြန်မာနိုင်ငံ၏အောင်မြင်မှုနှင့် ကမ္ဘာကချီးကျူးဂုဏ်ပြု

အနာကြီးရောဂါဆိုးကြီးကို တိုက်ဖျက်ရာတွင် ၁၉၅၀-၅၁ ခုနှစ်တွင် အနာကြီးရောဂါ တိုက်ဖျက်ရေးစီမံကိန်းအဖွဲ့ဖြင့်သာ စတင်ခဲ့ရာမှ ၁၉၇၀ နောက်ပိုင်းတွင် အခြေခံကျန်းမာရေး ဝန်ထမ်းများနှင့်ပူးပေါင်း၍လည်းကောင်း၊ ၁၉၉၇ခုနှစ်မှစ၍ ဒေသအာဏာပိုင်အဖွဲ့အစည်းများ၏ ဦးဆောင်ပေးမှုဖြင့်လည်းကောင်း၊ ၁၉၉၉ ခုနှစ်မှစ၍ လူမှုရေးအဖွဲ့အစည်းများနှင့် မီဒီယာများ၏ ကျယ်ကျယ်ပြန့်ပြန့် ပါဝင်ပံ့ပိုးပေးမှုများဖြင့်လည်းကောင်း ဆောင်ရွက်လာရာ အနာကြီးရောဂါ ဖြစ်ပွားမှုနှုန်းထားသည် တစ်စတစ်စ ကျဆင်းလာသည်။ လွန်ခဲ့သော ၁၉၈၈ ခုနှစ်က လူဦးရေတစ်သောင်းမှာ ၃၉ ဒသမ ၉ ဦးဖြစ်ပွားလျက်ရှိရာ ၂၀၀၂ခုနှစ်ကုန်တွင် ၁ဒသမ၀၄ဦးအထိ အချိန်တိုတိုအတွင်း ကျဆင်းလာခဲ့သည်။ ၂၀၀၃ ခုနှစ် ဇန်နဝါရီလကုန်တွင်မူ အနာကြီးရောဂါ ကင်းဝေးရေးပန်းတိုင်ဖြစ်သော လူဦးရေတစ်သောင်းမှာ လူနာတစ်ဦးနှုန်းအောက်သို့ လျော့နည်းကျဆင်းသွားပြီဖြစ်သည်။ သို့ဖြစ်ပါ၍ တတိယအကြိမ်မြောက် ကမ္ဘာလုံးဆိုင်ရာအနာကြီးရောဂါ ကင်းဝေးရေးအစည်းအဝေးကြီးမှာပင် မြန်မာနိုင်ငံသည် 'နိုင်ငံအဆင့်မှာ အနာကြီးရောဂါကင်းဝေးသွားပြီဖြစ်ကြောင်း' (Leprosy Elimination at the National Level) ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးကလည်းကောင်း၊ မြန်မာနိုင်ငံကလည်းကောင်း ကြေညာနိုင်ခဲ့သည်။ ယင်းအစည်းအဝေးမှ ထုတ်ပြန်သော 'ရန်ကုန်ကြေညာချက်' စာတမ်းအပိုဒ်(၆) တွင်လည်း 'တစ်ကမ္ဘာလုံးဆိုင်ရာ မဟာဗျူဟာကို လက်တွေ့ထိထိရောက်ရောက် အကောင်အထည်ဖော်ရာ၌လည်းကောင်း၊ အနာကြီးရောဂါ ကင်းဝေးရေးလုပ်ငန်းကို စရိတ်စကနည်းနည်းဖြင့် ထိရောက်အောင် ဆောင်ရွက်ရာ၌လည်းကောင်း စံနာမူနာပြဆောင်ရွက်နိုင်ခဲ့သော ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအား ချီးကျူးဂုဏ်ပြုပါသည်'ဟု တညီတညွတ်တည်း ဖော်ပြခဲ့သည်။

ဒေါက်တာကျော်ညွန့်စိန်

၂၀၀၃ခုနှစ် အောက်တိုဘာလကုန်တွင်လူဦးရေတစ်သောင်းမှာ ၀ဒသမ၆ဦးနှုန်းသာ ရှိပါတော့သည်။ လူနာပေါင်း၂၅၁၅၂ဦးတို့သည်လည်း ဆေးပေါင်း (MDT) ဖြင့် ရောဂါပျောက်ကင်းချမ်းသာမှု ရရှိသွားကြပြီ ဖြစ်သည်။ ယခုအခါ မြို့နယ်ပေါင်း၃၂၄ မြို့နယ်အနက် မြို့နယ်ပေါင်း ၅၀တွင်သာ တစ်ယောက်အထက်နှုန်း ရှိနေဆဲဖြစ်သည်။ ၎င်းမြို့နယ်များသည် ၂၀၀၅ ခုနှစ်မတိုင်မီ တစ်သောင်းလျှင် တစ်ယောက်နှုန်းအောက်သို့ ရောက်ရှိအောင် အနာကြီးရောဂါကင်းဝေးရေးလုပ်ငန်းများကို အရှိန်မြှင့်၍ ဆက်လက်ဆောင်ရွက်သွားကြရမှာဖြစ်သည်။ ကျန်မြို့နယ်များအနေဖြင့်လည်း ဆေးကုသရန် လိုအပ်သော လက်ကျန်လူနာများနှင့် နှစ်အလိုက်ရောဂါဖြစ်ပွားလာမည့် လူနာသစ် (Annual Incident Cases) များကို အချိန်မီ ဆက်လက်ရှာဖွေဖော်ထုတ် ကုသပေးနေရန် လိုသည်။

အနာကြီးရောဂါကင်းဝေးပြီဆိုလျှင် အနာကြီးလူနာတစ်ဦးမျှမကျန်တော့ဟု အချို့က ထင်ကောင်းထင်ကြမည်။ သို့သော် ရောဂါတစ်ခု(လုံး၀)ပပျောက်ရေး(Eradication)ဆိုသည်မှာ ရောဂါဖြစ်သူ တစ်ယောက်မျှမရှိတော့သည့်အပြင် ယင်းရောဂါကိုဖြစ်စေသော ရောဂါပိုးကိုပါ ဖယ်ရှားသုတ်သင်နိုင်ခြင်းကို ဆိုရင်းဖြစ်သည်။ ရောဂါတစ်ခုမှ ကင်းဝေးရေး (Elimination) ဆိုသည်မှာ ရောဂါဖြစ်နေသူဦးရေကို အဆင့်တစ်ဆင့်အထိလျော့နည်းသွားအောင် ဆောင်ရွက်ခြင်းဖြင့် အများပြည်သူကို ထိုရောဂါမကူးစက်စေရန်နှင့် ထိုရောဂါကြောင့် အများပြည်သူများ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးပြဿနာများ မပေါ်ပေါက်အောင် ဆောင်ရွက်ပေးခြင်းဖြစ်သည်။ မြန်မာနိုင်ငံအပါအဝင် အနာကြီးရောဂါ ကင်းဝေးရေး ရရှိပြီးသော နိုင်ငံတိုင်းတွင် လာမည့်နှစ်များအတွင်း အနာကြီးလူနာ အနည်းငယ် ဆက်လက်တွေ့ရှိနေရပါဦးမည်။ လုပ်ငန်းများ ဆက်လက် မဆောင်ရွက်လျှင် အနာကြီးရောဂါသည် နာတာရှည် ကူးစက်တတ်သော ရောဂါဖြစ်သည့်အလျောက် လူနာဦးရေ ပြန်လည်တိုးပွားလာနိုင်သည်။

ဤနေရာတွင် လက်ကျန်လူနာများ၏ သဘောသဘာဝကို အနည်းငယ် တင်ပြလိုသည်။ အနာကြီးရောဂါသည် ကူးစက်တတ်သော ရောဂါဖြစ်သည့် အလျောက် နီးနီးကပ်ကပ်အတူနေများတွင် ရောဂါဖြစ်ပွားရန် အခွင့်အလမ်း ပိုများသည်။ တစ်ဖက်ကလည်း အနာကြီးရောဂါသည် မျိုးရိုးလိုက်သည်။ သွေးသားမသန့်လို့ဖြစ်သည် စသည့် လွဲမှားသော အရိုးစွဲအယူအဆများကြောင့် အနာကြီးရောဂါဖြစ်လာလျှင် လူနာသည်လည်းကောင်း၊ မိသားစုအသိုင်းအဝိုင်းသည်လည်းကောင်း ပုန်းကွယ်ပုန်းရှောင်ကြလေ့ရှိသည်။ ၎င်းတို့ကို အကြိမ်ကြိမ် စည်းရုံး၊ ပညာပေးမှ ဆေးကုသခံယူလာသည်။

အနာကြီးရောဂါ အမှန်ကင်းဝေးသွားပြီဖြစ်သော မြို့နယ်၊ ပြည်နယ်၊ တိုင်း များတွင်လည်း အနာကြီးရောဂါကင်းဝေးရေး ဆက်လက်တည်တံ့နေစေရေး အတွက် အသစ်ဖြစ်ပေါ်လာဦးမည့် လူနာသစ်များနှင့် လူမှုရေး၊ စီးပွားရေးအရ ပြောင်းရွှေ့ဝင်ရောက်လာသည့် လူများနှင့် ရောနှောပါလာနိုင်သည့် လူနာများကို သတိဝီရိယရှိရှိ စောင့်ကြည့်ဖော်ထုတ်ကုသပေးရန်လိုသည်။

ဖော်ပြပါ လူနာအမျိုးမျိုး၏ သဘောသဘာဝများကို သိရှိပြီး သင့်တင့်လျောက်ပတ်သည့် ပညာပေး စည်းရုံးဖော်ထုတ်ကုသပေးခြင်းဖြင့် လည်းကောင်း၊ ကြွင်းကျန်နိုင်သောနေရာများကို သတ်မှတ်ဖော်ထုတ်ပြီး လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ခြင်းဖြင့်လည်းကောင်း၊ ရောဂါကူးစက်မှုနှင့် ရွှေ့ပြောင်းသွားလာမှုတို့ကို မျက်ခြည်မပြတ် စုံစမ်းလေ့လာဖော်ထုတ်ခြင်းဖြင့်လည်းကောင်း၊ ထိရောက်သောလူနာရှာဖွေ ဖော်ထုတ်ရေးနည်းလမ်းအသစ်များဖြင့် လည်းကောင်း ပြန်လည် ဦးမော့မလာနိုင်အောင် မိမိတို့ဒေသ၏ အနာကြီးရောဂါဖြစ်ပွားမှု အခြေအနေအရ ဆောင်ရွက်ရမည်ဖြစ်သည်။

ကျန်းမာရေးဝန်ထမ်းများသာမက မီဒီယာနှင့် လူမှုရေးအဖွဲ့ဝင်များ၏ ဆက်သွယ်ရေးနည်းလမ်းအသွယ်သွယ်ဖြင့် တောရောမြို့ပါ ကျေးလက်အောက်ခြေထိ ကျယ်ကျယ်ပြန့်ပြန့် ထဲထဲဝင်ဝင် အနာကြီးရောဂါနှင့်သက်ဆိုင်သော ပညာပေးမှုများကြောင့် နိုင်ငံတော်သည် ပြည်သူအများ အနာကြီးရောဂါ ဘေးဆိုးကြီးမှ ကင်းဝေးအောင် ဆောင်ရွက်နေကြောင်း၊ အနာကြီးရောဂါ၏ ဖြစ်ခါစလက္ခဏာများနှင့် ဆေးကုသ၍ ပျောက်ကင်းသောရောဂါဖြစ်ကြောင်း၊ ဆေးကုသပေးနိုင်သည့် နေရာဌာန၊ ပုဂ္ဂိုလ်တို့နှင့်တကွ အခမဲ့စမ်းသပ်စစ်ဆေး ကုသပေးနေကြောင်း စသည့်ကျန်းမာရေးအသိများသည် လျင်မြန်စွာ တိုးပွားလာနေသည်။အလေးထားပြီးဆက်လက်အသိပညာပေးရမည့် အချက်အလက်များမှာ အနာကြီးရောဂါသည် ကူးစက်တတ်သော ရောဂါတစ်မျိုးသာလျှင် ဖြစ်ကြောင်း၊ အခြားတွေးထင်ယူဆထားသကဲ့သို့မဟုတ်ကြောင်း၊ အတန်းအစား အလွှာမရွေး ဖြစ်ပွားနိုင်သော ရောဂါဖြစ်သဖြင့် မည်သူမဆို မိမိတွင် မသင်္ကာဖွယ်ရာ လက္ခဏာများတွေ့ရှိပါက အနာကြီးရောဂါ ဟုတ်မဟုတ် သေချာအောင် စမ်းသပ်စစ်ဆေးခံသင့်ကြောင်း၊ အနာကြီးရောဂါသည် အခြားရောဂါများကဲ့သို့ ဖြစ်တတ်သောရောဂါတစ်မျိုး၊ ကုသမှုခံယူလျှင် ဒိဋ္ဌပျောက်ကင်းချမ်းသာရာရသည့် ရောဂါတစ်မျိုး၊ စောစီးစွာကုသမှုကိုခံယူပါက ရောဂါ၏ နောက်ဆက်တွဲ ဆိုးကျိုးများဖြစ်သည့် ရုပ်ဆင်းအင်္ဂါပျက်စီးခြင်း၊ မသန်မစွမ်းဖြစ်ခြင်း စသည်တို့ကို မဖြစ်ပွားစေသည့်အပြင် အခြားသူများကိုလည်း ရောဂါဆက်လက် မကူးဆက်စေတော့ကြောင်း၊ အနာကြီးရောဂါ မသင်္ကာ၍ ဆေးရုံ၊ ဆေးခန်းများတွင် သွားရောက် စစ်ဆေးခံသည့်အခါ "နေမကောင်းလို့၊ သွေးတိုးလို့"စသည့်အကြောင်းများကြောင့် "ဆေးခန်းသွားပြမလို့"ဟု ပြောသည့်နည်းတူ "အကွက်ကလေးပေါ်နေလို့ သွားပြမလို့ပါ"ဟု မရှက်မကြောက် ရဲရဲဝံ့ဝံ့ပြောပြီး စစ်ဆေးကုသလာသည့် အခြေအနေကောင်းမျိုး ရောက်လာစေရန် ပြည်သူများ၊ မိသားစုများနှင့် လူနာများ၏ အသိပညာများ တိုးတက်လာအောင် ဆောင်ရွက်ပေးရပါဦးမည်။

ကျန်းမာရေးဝန်ထမ်းများကလည်း မိမိတို့ဒေသ နယ်မြေ၏ အနာကြီးရောဂါအခြေအနေပေါ်မူတည်၍ လုပ်ငန်းများ အရှိန်မြှင့်ဆောင်ရွက်ခြင်း၊ လူနာကျန်ရှိနိုင်သော နေရာများကို ဖော်ထုတ်သတ်မှတ်ပြီး၊ လူနာရှာဖွေကုသပေးခြင်း၊ မိမိနယ်မြေအတွင်း ကူးစက်မှုအခြေအနေကို အကဲခတ်လေ့လာနေခြင်း၊ အနာကြီးရောဂါ ပြန်လည်ဦးမော့ မလာစေရန်အတွက် ကင်းဝေးရေးလုပ်ငန်းများကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်နေခြင်း၊ မသင်္ကာဖွယ်ရာ လက္ခဏာရှိသူများကိုယ်တိုင်လာပြစေရန်နှင့် ပြည်သူများအနာကြီးရောဂါနှင့် ပတ်သက်၍ မှန်ကန်သောအမြင်နှင့်အပြုအမူများ တည်တံ့နေစေရန် ကြိုးပမ်းဆောင်ရွက်နေခြင်း၊ မသန်မစွမ်းဖြစ်မှုမှ ကာကွယ်စောင့်ရှောက်ရေးနှင့် ပြန်လည်ထူထောင်ရေးများ ဆောင်ရွက်ခြင်းစသည်များကို ဆက်လက်ဆောင်ရွက်ရပါဦးမည်။

မြန်မာနိုင်ငံ အနာကြီးရောဂါကင်းဝေးအောင် ဆောင်ရွက်နိုင်ခြင်းကြောင့် အောက်ပါအကျိုးကျေးဇူးများ ရရှိခဲ့သည်။ လူနာများ ရောဂါပျောက်ကင်းချမ်းသာရာရခြင်း၊ လူနာနှင့်တကွ မိသားစုအသိုက်အဝန်းတို့သည် လူပုံအလယ်တွင် တင့်တင့်တယ်တယ်ဖြစ်လာခြင်း၊ အနာကြီးရောဂါကို ထိရောက်စွာ ကုသပေးနိုင်သဖြင့် မသန်မစွမ်းသူများ လျော့နည်းသွားခြင်း၊ ရောဂါကူးစက်မှုကို လျှော့ချနိုင်သဖြင့် ပြည်သူအများ အနာကြီးရောဂါဘေးဆိုးကြီးမှ ကင်းဝေးခြင်း၊ ပြည်သူတစ်ရပ်လုံးက ကျန်းမာရေးကဏ္ဍနှင့် ပူးပေါင်းလက်တွဲဆောင်ရွက်ခဲ့သဖြင့် အနာကြီးရောဂါကင်းဝေးရေးလုပ်ငန်းကြီး အောင်မြင်မှုရခဲ့သည့် အတွေ့အကြုံကောင်းများကို အခြားကျန်းမာရေးလုပ်ငန်းများတွင်ပါ ထည့်သွင်းအသုံးပြုခြင်းဖြင့် ပြည်သူများ ကျန်းမာရေးအဆင့်အတန်း ပိုမိုမြင့်တက်လာစေခြင်း၊ နိုင်ငံသားတိုင်းက တာဝန်သိသိ၊ အမျိုးသားရေးစိတ်ဓာတ်အပြည့်ဖြင့် အနာကြီးရောဂါဘေးဆိုးကြီးမှ ကင်းဝေးအောင် မဆုတ်မနစ် ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့သဖြင့် နိုင်ငံတော်၏ ဂုဏ်သိက္ခာ တိုးတက်မြင့်မားလာစေခြင်း စသည်တို့ဖြစ်သည်။

သို့ဖြစ်ပါ၍ နိုင်ငံအဆင့်တွင် ရရှိပြီးဖြစ်သော အနာကြီးရောဂါကင်းဝေးခြင်း၏ အကျိုးကျေးဇူးများကို ပြည်သူများ ထာဝရခံစားနိုင်စေရေးအတွက် အနာကြီးရောဂါ ကင်းဝေးရေးအဆင့်ကို ဆက်လက်တည်တံ့အောင် ထိန်းသိမ်းထားနိုင်ရေးနှင့် ခရိုင်၊ မြို့နယ်အဆင့်များတွင်ပါ ၂၀၀၅ခုနှစ်မတိုင်မီ အနာကြီးရောဂါကင်းဝေးရေးရည်မှန်းချက် ရရှိစေရန်အတွက် နီးနွယ်ဆက်စပ်နေသော ဌာနဆိုင်ရာများ၊ ပြည်တွင်းပြည်ပ လူမှုရေးအဖွဲ့အစည်းများ၊ ဖောင်ဒေးရှင်းများ၊ အေဂျင်စီများ၊ မီဒီယာများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် ပြည်သူလူထု တစ်ရပ်လုံးသည် အင်တိုက်အားတိုက်၊ လက်တွဲညီညီဖြင့် အနာကြီးရောဂါ ကင်းဝေးရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်သွားကြပါရန် တိုက်တွန်းနှိုးဆော်တင်ပြအပ်ပါသည်။ ။

ဥပုသ်နေ့နှိုးဆော်ချက်

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့–

ယနေ့သည် ဗုဒ္ဓဘာသာဝင်များ သီတင်းသီလဆောက်တည်ကြသည့် ဥပုသ်နေ့ဖြစ်ပါသည်။ သီတင်းသီလ ဆောက်တည်လိုကြသူများ အတွက် နိဗ္ဗာန်အကျိုးမျှော်၍ အသိပေး နှိုးဆော်အပ်ပါသည်။

ဝန်ကြီးဦးဝင်းအောင် ဝမ်းနည်းကြောင်း လက်မှတ်ရေးထိုး

ရန်ကုန် ဖေဖော်ဝါရီ ၄

နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီးဦးဝင်းအောင်သည် ယနေ့နံနက် ၁၀နာရီတွင် အမှတ်(၅၀) ဆရာစံလမ်း ဗဟန်းမြို့နယ်ရှိ ဖိလစ်ပိုင်နိုင်ငံသံရုံးသို့ သွားရောက်၍ ကွယ်လွန်သူဖိလစ်ပိုင်နိုင်ငံ ဒုတိယ သမ္မတနှင့် နိုင်ငံခြားရေးဝန်ကြီး အဖြစ် တာဝန်ထမ်းဆောင်ခဲ့သော H.E.Mr. Salvador H.Laurel°° အတွက်ဖွင့်လှစ်ထားသော ဝမ်းနည်းကြောင်း အထိမ်းအမှတ်စာအုပ်တွင်လက်မှတ်ရေးထိုးသည်။

(သတင်းစဉ်)

စက်ချုပ်သင်တန်းဖွင့်ပွဲ၊ဆင်းပွဲနှင့် သစ်သီးအလှပြင်ပုံဖော်သင်တန်းဆင်း

ရန်ကုန် ဖေဖော်ဝါရီ ၄

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကဖွင့်လှစ်သော စက်ချုပ်သင်တန်းအမှတ်စဉ်(၃၁/၂၀၀၃) ဆင်းပွဲ၊ စက်ချုပ်သင်တန်း အမှတ်စဉ် (၃၂/၂၀၀၄)ဖွင့်ပွဲနှင့် အခြေခံသစ်သီးအလှပြင်ပုံဖော်သင်တန်းအမှတ်စဉ် (၂/၂၀၀၄)ဆင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် ပါရမီလမ်းနှင့် သံသုမာလမ်းထောင့်ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဘက်စုံအဆောက်အအုံခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ သင်တန်းကြီးကြပ်မှုကော်မတီ နာယကများ၊ သင်တန်းဆရာမများ၊ သင်တန်းသား၊ သင်တန်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် ရှေးဦးစွာအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက အမှာစကားပြောကြားသည်။**(ဓါတ်ပုံ)**

ထို့နောက် စက်ချုပ်သင်တန်း အမှတ်စဉ်(၃၁/၂၀၀၃)သင်တန်းဆင်းလက်မှတ်များကို အသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် အသင်းအတွင်းရေးမှူး ဒေါက်တာ ဒေါ်ဝေဝေသာတို့က ချီးမြှင့်ကြသည်။

ဆက်လက်၍ အခြေခံသစ်သီးအလှပြင်ပုံဖော်သင်တန်း အမှတ်စဉ် (၂/၂၀၀၄)သင်တန်းဆင်း လက်မှတ်များကို ဗဟိုအလုပ်အမှုဆောင် ဒေါ်ခင်ဆွေညွန့်က ချီးမြှင့်သည်။

ဆုချီးမြှင့်

ထို့နောက် အသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက စက်ချုပ်သင်တန်းနှင့် အခြေခံသစ်သီးအလှပြင်ပုံဖော်သင်တန်းများတွင် ထူးချွန်သူများအား ဆုများချီးမြှင့်သည်။

ဆက်လက်၍ သင်တန်းသား သင်တန်းသူများကသင်တန်းကြီးကြပ်မှုကော်မတီနာယက ဒေါ်စန်းစန်းမြင့်အား အမှတ်တရလက်ဆောင်ပစ္စည်းများကို ပေးအပ်ကြသည်။

ကျေးဇူးတင်စကားပြော

ထို့နောက် သင်တန်းသား သင်တန်းသူများကိုယ်စား သင်တန်းသူများဖြစ်ကြသော မခင်မာထွန်း၊ မမူမူသင်းနှင့် မကေခိုင်သူရတို့က ကျေးဇူးတင်စကားပြောကြားကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ဖေဖော်ဝါရီ ၄ ရက်က ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီးကျော်တင့်နှင့် ဂေါပကအဖွဲ့ခေါင်းဆောင် ဒုတိယ ဗိုလ်မှူးကြီးဘုန်းကျော်(အငြိမ်းစား) တို့က မဟာဝိဇယစေတီတော် ဗုဒ္ဓပူဇနိယပွဲတော်နှင့် ထမနဲထိုးပြိုင်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

အကောက်ခွန် နှစ်လည်မဂ္ဂဇင်းဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၄

၂၀၀၄ခုနှစ် ဇန်နဝါရီ၂၆ရက်တွင် ကျရောက်ခဲ့သော ကမ္ဘာ့အကောက်ခွန်နေ့ကို ဂုဏ်ပြုလျက် ၂၀၀၄ခုနှစ် အကောက်ခွန် နှစ်လည်မဂ္ဂဇင်းကို သရုပ်ဆောင်ခင်လေးနွယ်၏မျက်နှာဖုံးပုံဖြင့် ထုတ်ဝေဖြန့်ချိထားသည်။

(အောက်ပုံ)

ယင်းမဂ္ဂဇင်းတွင် အကောက်ခွန်နေ့ အထိမ်းအမှတ်ဓာတ်ပုံပြိုင်ပွဲ ဆုရဓာတ်ပုံများ၊ မြင်းမူမောင်နိုင်မိုး၊ ထီလာစစ်သူ၊ အောင်လှထွန်း(ရွှေတိုင်)၊ နုယဉ်၊ သူရဇော်၊ ကို(တက္ကသိုလ်)၊ နန္ဒာမိုးကြယ်၊ မောင်ဆွေငယ်၊ တင့်ထွန်း(ချောက်)၊ မောင်ယဉ်မှူး၊ ပျဉ်းမနားမောင်နီသင်း၊ ဇာနည်၊ တက္ကသိုလ်ဆန်းတင့်နိုင်၊ မင်းရဲကျော်၊ အရိုင်း(ဓညဝတီ)၊ နိုင်ထူးကျော်(စစ်တွေ)၊ အေး(သတ္တဗေဒ)၊ မင်းရွှေမင်း(အင်းစိန်)၊ ဖျာပုံမောင်မောင်စန္ဒာတို့၏ ကဗျာများ၊ ချစ်နိုင်(စိတ်ပညာ)၊ ပါရဂူ၊ မောင်လှပေါ်(မန္တလေး)၊ မင်းကျော်မင်း၊ အောင်သင်း၊ သုမောင်၊ ခင်စောတင့်၊ ကိုရီး၊ မောင်ဆုရှင်၊ တက်တိုး၊ ချစ်စံဝင်း၊ ဒေါက်တာခင်မောင်ညို၊ သိပ္ပံမင်းကြည်၊ ဦးမေဒင်၊ ကျော်စိန်(ရွှေနေချုပ်ရုံး)၊ ဦးစန်းလွင်(တရားရုံးချုပ်ရှေ့နေ)၊ ဒေါ်ကြူကြူနိုင်တို့၏ သုတ/ရသဆောင်းပါးများ၊ အိကြာကွေး၊ အဏ္ဏဝါစိုးမိုး၊ မောင်သဲကြည်(မအူပင်)၊ ချစ်ဦးညို၊ ဆောင်းဝင်းလတ်၊ နုနုရည်(အင်းဝ)၊ မောင်ဆန္ဒ(လယ်ဝေး)၊ ယုဝတီခင်စိန်လှိုင်တို့၏ ဝတ္ထုများ၊ တင်မိုးလွင်၏ မော်ဒယ်

မိတ်ဆက်၊ မောင်မြင့်သန်း(အောင်လံ)၏ နိုင်ငံရပ်ခြားဟာသ၊ ကာတွန်းနှင့် အကောက်ခွန်ဆိုင်ရာသိကောင်းစရာ ဆောင်းပါးများဖြင့် ဝေဝေဆာဆာ ဖော်ပြထားပြီး တန်ဖိုးကျပ်၁၃၀၀ဖြင့် အမှတ်၁၃၂ ကမ်းနားလမ်း အကောက်ခွန်ရုံးချုပ်၌ ဝယ်ယူနိုင်ကြောင်းသိရသည်။

(က–ပ)

ဗုဒ္ဓဘာသာယဉ်ကျေးမှု စာမေးပွဲရက်သတ်မှတ်

ရန်ကုန် ဖေဖော်ဝါရီ ၄

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ သြဝါဒနှင့်အညီ မြို့နယ်သံဃနာယကအဖွဲ့အသီးသီးက ကြီးမှူး၍ နှစ်စဉ်ဖွင့်လှစ်လျက်ရှိသော (၂၁)ကြိမ်မြောက် ဗုဒ္ဓဘာသာယဉ်ကျေးမှု စာမေးပွဲကို (၁၃၆၆ခုနှစ် နယုန်လဆန်း ၇၊ ၈နှင့် ၉ ရက်) မေ၂၅ရက်၊ ၂၆ရက် နှင့်၂၇ရက်(အင်္ဂါ၊ဗုဒ္ဓဟူးနှင့်ကြာသပတေးနေ့)များတွင် မြန်မာနိုင်ငံတစ်ဝန်းလုံး၌ တစ်ပြိုင်တည်းကျင်းပသွားရန် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က သတ်မှတ်ခဲ့ပြီးဖြစ်သည်။

ယင်းစာမေးပွဲတွင် သတ်မှတ်ထားသည့် သုံးဘာသာစလုံးကိုဖြစ်စေ၊ ကြိုက်နှစ်သက်ရာ နှစ်ဘာသာကိုဖြစ်စေ သို့မဟုတ် တစ်ဘာသာကိုဖြစ်စေ ဖြေဆိုနိုင်ကြောင်းသိရသည်။ စာမေးပွဲဖြေဆိုရန်အတွက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က အတည်ပြုပြဋ္ဌာန်းထားသောဗုဒ္ဓဘာသာယဉ်ကျေးမှု သင်ခန်းစာ စာအုပ်များကို သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနတွင် လိုသလောက်ဝယ်ယူ ရရှိနိုင်ကြောင်းနှင့် ရပ်ဝေးမှ မှာယူလိုပါက စာရေးဆက်သွယ်မှာကြားနိုင်ကြောင်း သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

မီးသတ်တပ်ဖွဲ့ စစ်ရေးပြတပ်ခွဲများ စစ်ရေးပြလေ့ကျင့်မှုဝန်ကြီးဗိုလ်ချုပ်စိန်ထွားစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၄

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားသည် ယနေ့ နံနက် ၇ နာရီက မရမ်းကုန်းမြို့နယ် နဝဒေးအားကစားပြိုင်ကွင်း၌ (၅၉)နှစ်မြောက်တပ်မတော်နေ့ စစ်ရေးပြ အခမ်းအနားတွင် အောင်ဆန်းစစ်ကြောင်းမှ ပါဝင်ချီတက်မည့် မီးသတ်တပ်ဖွဲ့ စစ်ရေးပြတပ်ခွဲနှစ်ခွဲ၏ စစ်ရေးပြလေ့ကျင့်မှုကို ကြည့်ရှုစစ်ဆေးသည်။

တက်ရောက်

ထိုသို့ကြည့်ရှုစစ်ဆေးရာတွင် ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်ကျော်မြင့်၊ အထူးအရာရှိ ဗိုလ်မှူးချုပ်သူရစိန်သောင်း၊ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့်ဌာနချုပ်မှအရာရှိကြီးများ တက်ရောက်ကြသည်။

မှာကြား

ထို့နောက် ဝန်ကြီးသည် လေ့ကျင့်လျက်ရှိသော မီးသတ်တပ်ဖွဲ့ ဝင်များအား ကျန်းမာရေးဂရုပြုရန်၊ စည်းကမ်း လိုက်နာရန်၊ စစ်ရေးပြစွမ်းရည်ပြည့်မီစွာ ဆောင်ရွက်ရန်နှင့် အုပ်ချုပ်မှုကိစ္စရပ်များအတွက် လိုအပ်သည်များကို မှာကြားသွားသည်။

(သတင်းစဉ်)

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား (၅၉)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် အောင်ဆန်းစစ်ကြောင်းမှ ပါဝင်ချီတက်မည့် မီးသတ်တပ်ဖွဲ့ စစ်ရေးပြတပ်ခွဲများ၏ စစ်ရေးပြလေ့ကျင့်မှုကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

သစ်သီးအလှပြုပြင်မှု သင်တန်းဖွင့်လှစ်မည်

ရန်ကုန် ဖေဖော်ဝါရီ ၄

မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်းကကြီးမှူးဖွင့်လှစ်မည့် သစ်သီးအလှ ပြုပြင်မှု (Fruit Curving) သင်တန်း အမှတ်စဉ် ၁/၂၀၀၄ ကို ဖေဖော်ဝါရီ ၁၆ ရက်မှ ၂၀ ရက်အထိ နေ့စဉ်နံနက် ၁၁နာရီမှ မွန်းလွဲ၂ နာရီအတွင်း သင်တန်းသား သင်တန်းသူ ၅၀ ဖြင့် ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်အတွင်းရှိ ပြည်ထောင်စု အေးရိပ်ငြိမ်ခန်းမဆောင်တွင် ဖွင့်လှစ်ရန် စီစဉ်ထားသည်။

သင်တန်းကြေးအဖြစ် အသင်းဝင်များနှင့် အစိုးရဝန်ထမ်းများအတွက် တစ်ဦးလျှင် ကျပ် ၃၀၀၀၊ ပြင်ပပုဂ္ဂိုလ်များအတွက် ကျပ် ၃၅၀၀ သတ်မှတ်ထားပြီး တက်ရောက်လိုသူများသည် ပြည်သူ့ရင်ပြင် အတွင်းရှိ အသင်းရုံး ဖုန်း–၃၇၉၃၆၁ သို့ ဆက်သွယ် တက်ရောက်နိုင်ကြောင်း သိရသည်။

(၃၀၈)

သဃ်န်းကျွန်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အဆောက်အအုံသစ်ဖွင့်ပွဲ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်အားပေး

ရန်ကုန် ဖေဖော်ဝါရီ ၄

ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံး အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီက သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏ ၂၅ ရပ်ကွက် စိန်ပန်းမြိုင်လမ်းရှိအဆိုပါအဆောက်အအုံသစ်ရှေ့၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့်ဇနီး ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီနာယက ဒေါ်ခင်သက်ဌေးတို့ တက်ရောက်အားပေးချီးမြှင့်သည်။

ရှေးဦးစွာ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီနာယက ဒေါ်ခင်သက်ဌေးက မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံးသစ်ဖွင့်လှစ်နိုင်ခြင်းနှင့်ပတ်သက်၍ ဂုဏ်ပြုအမှာစကားပြောကြားပြီး မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့်ပတ်သက်၍ရှင်းလင်းပြောကြားသည်။

ရှင်းလင်းပြောကြား

ထို့နောက် သဃ်န်းကျွန်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နန်းနွဲ့နွဲ့က မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံးသစ် အဆောက်အအုံ ဆောက်လုပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီ နာယက ဒေါ်ခင်သက်ဌေး၊ သဃ်န်းကျွန်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနာယကဆရာမကြီး ဒေါ်ခင်သန်းရီ၊ ဥက္ကဋ္ဌ ဒေါ်နန်းနွဲ့နွဲ့တို့က သဃ်န်းကျွန်းမြို့နယ် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံး အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက သဃ်န်းကျွန်းမြို့နယ် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံး ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

(သတင်းစဉ်)

ရန်ကင်းမြို့နယ် ရွှေပြည်ဟိန်း ကျန်းမာရေးယာဉ် အလှူအသင်းအတွက် အလုံမြို့နယ် သိပ္ပံဈေး သံဃဒါနဆွမ်းလောင်းအသင်း ဓမ္မသဘင် ဖြစ်မြောက်ရေး အဖွဲ့က အလှူငွေ ကျပ်တစ်သိန်းကို ဇန်နဝါရီ၂၅ရက်က ဆရာတော်အရှင်ခေမာသီရိလင်္ကာရထံ ဆက်ကပ်လှူဒါန်းရာ ဂုဏ်ပြုလွှာ ပြန်လည်ချီးမြှင့်စဉ်။ (၁၁၅)

အိုင်တီပညာဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၄

မြန်မာနိုင်ငံ ကွန်ပျူတာ အသင်းချုပ်၏ ဦးဆောင်မှုဖြင့် ITပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းမှ ကြီးမှူး၍ "Effective Communications and Presentation Skills for Project Manager" Seminarကို (အင်္ဂလိပ်ဘာသာဖြင့်) ဖေဖော်ဝါရီ ၆ရက်(သောကြာနေ့)ညနေ၄နာရီမှ ၆နာရီအထိနှင့် "Wireless Technology Awareness-Wifi and rfid" Seminarကို (အင်္ဂလိပ်ဘာသာဖြင့်) ဖေဖော်ဝါရီ၁၀ရက်(အင်္ဂါနေ့) ညနေ၄နာရီမှ ၆နာရီအထိ ကျင်းပမည်ဖြစ်သည်။ အဆိုပါ ဟောပြောပွဲသို့ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ပြီး အသေးစိတ်သိလိုပါက မြန်မာနိုင်ငံ ကွန်ပျူတာ ပညာရှင်အသင်းရုံး ဖုန်း-၆၅၂၂၇၆ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရသည်။

(က-ပ)

နှစ်(၁၀၀)ပြည့်အထိမ်းအမှတ် စာစောင်ပူဇော်ကြည်ညိုနိုင်

ရန်ကုန် ဖေဖော်ဝါရီ ၄

ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်ကြီး တည်ထောင်ဖွင့်လှစ်ခဲ့သည်မှာ နှစ်ပေါင်း(၁၀၀)ပြည့် အထိမ်းအမှတ်အဖြစ် နှစ်(၁၀၀)ပြည့်အထိမ်းအမှတ် စာစောင်ကို ပုဇွန်တောင်မြို့နယ် ချမ်းသာပုံနှိပ်လုပ်ငန်း ဦးရဲမြင့်က ပုံနှိပ်၍ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးညွန့်မောင်က ထုတ်ဝေသည်။ **(ဝဲပုံ)**

ဆရာတော်ကြီး အဆက်ဆက်က သာသနာတော်အတွက် ဆောင်ရွက်ခဲ့ပုံ၊ နိုင်ငံတော်အစိုးရ အဆက်ဆက် ကူညီဆောင်ရွက်ခဲ့ပုံများ၊ ပခုက္ကူမြို့သူမြို့သားများနှင့် အခြားမြို့ရွာတို့မှ ဒါယကာ၊ ဒါယိကာမများက လှူဒါန်းထောက်ပံ့ခဲ့ပုံစသည့် စသည့် မှတ်သားဖွယ်၊ လိုက်နာအတုယူဖွယ်ရာ၊ ကြည်ညိုဖွယ်ရာများကို ပူဇော်ကြည်ညိုနိုင်ကြောင်းသိရသည်။

(က-ပ)

မြန်မာကရာတေးဒိုအဖွဲ့ဝင်များ တရုတ်ပြည်သူ့သမ္မတနိုင်ငံထွက်ခွာ

ရန်ကုန် ဖေဖော်ဝါရီ ၄

အာရှကရာတေးဒိုအဖွဲ့ချုပ်က ကြီးမှူး၍ ဖေဖော်ဝါရီ ၃ ရက်မှ ၉ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ကျင်းပမည့် (၉)ကြိမ်မြောက် အာရှကရာတေးဒိုအဖွဲ့ချုပ် အကြီးတန်း ကရာတေးဒို တံခွန်စိုက်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန်၊ ညီလာခံတက်ရောက်ရန်နှင့် အာရှအဆင့် ဒိုင်လူကြီး အဆင့်မြင့်သင်တန်း တက်ရောက်ရန် မြန်မာကရာတေးဒိုအဖွဲ့ဝင်များ **(အပေါ်ပုံ)** သည် ယမန်နေ့နံနက်ပိုင်းရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြသည်။

ပို့ဆောင်နှုတ်ဆက်

မြန်မာကရာတေးဒိုအဖွဲ့အား အားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် မြန်မာနိုင်ငံကရာတေးဒိုအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် အမှုဆောင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင်ပို့ဆောင်နှုတ်ဆက်ကြသည်။

လိုက်ပါသွား

မြန်မာကရာတေးဒိုအဖွဲ့တွင် အဖွဲ့ခေါင်းဆောင် ဒေါက်တာရဲနိုင်ဝင်း (ဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံကရာတေးဒိုအဖွဲ့ချုပ်)က ဦးဆောင်ပြီး ညီလာခံတက်ရောက်ရန် နှစ်ဦး၊ ဒိုင်သင်တန်းတက်ရောက်ရန် ငါးဦးနှင့် ပြိုင်ပွဲယှဉ်ပြိုင်ရန် အုပ်ချုပ်သူ၊ နည်းပြ၊ အားကစားသမားရှစ်ဦး စုစုပေါင်း ၁၅ဦးတို့လိုက်ပါသွားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကင်းမြို့နယ် အမက(၂)ကျောင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ၃၁ရက်က ပြုလုပ်ရာ ပထမဆုရ မောင်ထင်ပေါ်ပြည့်အား ကျောင်းအုပ်ဆရာကြီး ဦးအေးထွန်းက ဆုချီးမြှင့်စဉ်။ (က-ပ)

မြန်အောင်မြို့နယ်အသင်း(ရန်ကုန်) သင်းလုံးကျွတ်အစည်းအဝေးကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၄

မြန်အောင်မြို့နယ်အသင်း(ရန်ကုန်)၏ (၂၁)ကြိမ်မြောက် သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီး ပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော် ဝါရီ ၂၉ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ပုဇွန်တောင်မြို့နယ်ရွှေဘုန်းပွင့်စေတီတော် သုံးထပ်ဓမ္မာရုံတွင် ကျင်းပ ပြုလုပ်မည်ဖြစ်သည်။ အသက်(၇၅)နှစ်ပြည့်နှင့်အထက် အသင်းဝင်များနှင့် အသင်းဝင်များ၏ မိဘများအား ပူဇော် ကန်တော့ခြင်း၊ ၂၀၀၂ ခုနှစ်၊ ၂၀၀၃ခုနှစ်များတွင် တက္ကသိုလ်ဝင်စာမေးပွဲကို ဂုဏ်ထူးဖြင့် အောင်မြင်ကြသော အသင်းဝင်များ၏ သားသမီးများကို ပညာရည်ချွန်ဆုချီးမြှင့်မည်ဖြစ်၍ ဘိုးဘွားစာရင်းနှင့် ဂုဏ်ထူးရကျောင်းသူကျောင်းသားများစာရင်းကိုဦးအေးကိုကို ၂၂၅/၂၂၇ပန်းဆိုးတန်း ဖုန်း-၂၈၀၅၀၄၊ ၅၆၆၆၈၇၊ ဦးကိုကိုကြီး ဖုန်း-၂၉၀၈၃၆၊ ဒုဗိုလ်မှူးကြီး သန်းအောင်(ငြိမ်း) ဖုန်း-၁၉၇၅၄၀၊ ဒေါ်ခင်မျိုးလှ ဖုန်း- ၅၄၂၆၃၀ တို့သို့ ဆက်သွယ် ပေးပို့ကြရန်နှင့် အသင်းဝင် မိသားစုများနှင့် အသင်းမဝင်ရသေးသော မြို့နယ်သူ မြို့နယ်သားမိသားစုများ မပျက်မကွက် တက်ရောက်ကြရန် ဖိတ်ကြားနိုးဆော်ထားကြောင်း သိရသည်။

(က-ပ)

ဖေဖော်ဝါရီ ၁ရက်က ရန်ကုန်မြို့ မြေနီကုန်း မြေနုလမ်း အမှတ် ၃၂ နေ ဒေါ်နုနုမေ၏ (၈၂)နှစ်ပြည့်မွေးနေ့အလှူအဖြစ် ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ) ဖောင်ဒေးရှင်းသို့ ကျပ်နှစ်သိန်းကို အလှူရှင်က ပေးအပ် လှူဒါန်းရာ ဥက္ကဋ္ဌ ဦးလှထွန်းက လက်ခံရယူစဉ်။ (က-ပ)

မြဝတီရုပ်မြင်သံကြား

၅-၂-၂၀၀၄

(ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှာဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယှဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅ ၁၀။ **အရုဏ်ဦးရဲ့ပုံရိပ်များ** ဒါရိုက်တာ-မောင်ဝဏ္ဏ သရုပ်ဆောင်- အကယ်ဒမီကျော်ရဲအောင်၊ အကယ်ဒမီမေသဥ္စာဦး၊ သင်းသင်းယုလှိုင်

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၂၀ ၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၂၅ ၅။ မြန်မာသံစဉ်ချိုနှာဝင်
၄:၃၅ ၆။ မြန်မာ့ရိုးရာယှဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄:၅၀ ၇။ မျိုးချစ်တပ်မတော်
၅:၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် (က)ပထမနှစ် (အရှေ့တိုင်းပညာ) (ခ)ပထမနှစ်(မြန်မာစာ)
၅:၃၀ ၉။ တိုင်းကျိုးပြည်ပြုတို့ရေးရှု
၅:၄၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
၆:၂၀ ၁၃။ မိုးလေဝသသတင်း
၆:၂၅ ၁၄။ မြန်မာ့ရှုခင်း
၆:၄၀ ၁၅။ လျှပ်တစ်ပြက်
၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မောင့်ရွှေနဖားစူး၊ မယ့်ရွှေနဖူးစာ"** (အပိုင်း-၄)
၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၉။ လျှပ်တစ်ပြက်
၂၀။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"လှိုင်းပုနှင့်သောင်းချမ်း"** (အပိုင်း-၂၇)

ပဋ္ဌမအကြိမ်နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇) ပါးစုံညီဒသမအစည်းအဝေး ပဋ္ဌမအကြိမ်နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ စတုတ္ထအစည်းအဝေး သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၄

ပဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ဒသမအစည်းအဝေးကို ၁၃၆၅ခုနှစ် တပေါင်းလဆန်း ၈ ရက်၊ ၉ ရက်(ဖေဖော်ဝါရီ ၂၇၊ ၂၈ ရက်)တို့တွင်လည်းကောင်း၊ ပဋ္ဌမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ စတုတ္ထအစည်းအဝေးကို ၁၃၆၅ ခုနှစ် တပေါင်းလဆန်း ၁၁၊ ၁၂၊ ၁၃ ရက်(မတ်လ ၁၊ ၂၊ ၃ရက်)တို့တွင်လည်းကောင်း ကျင်းပမည်ဖြစ်သည်။

နိုင်ငံတော်သံဃမဟာနာယကဆရာတော်များသည် ကမ္ဘာအေးကုန်းမြေ မဟာနာယကကျောင်းတော်ကြီးသို့ ၁၃၆၅ ခုနှစ် တပေါင်းလဆန်း ၄ ရက်(ဖေဖော်ဝါရီ ၂၃ ရက်)တွင် လည်းကောင်း၊ နိုင်ငံတော်ဩဝါဒါစရိယဆရာတော်များ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များသည် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေသို့ ၁၃၆၅ ခုနှစ် တပေါင်းလဆန်း ၁၀ ရက်(ဖေဖော်ဝါရီ ၂၉ ရက်)တွင်လည်းကောင်း၊ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခြင်းခံရသည့် ဘွဲ့ခံသက်သက် ဆရာတော်ကြီးများနှင့် ဘွဲ့ခံသီလရှင်ဆရာကြီးများသည် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေသို့ ၁၃၆၅ ခုနှစ် တပေါင်းလဆန်း ၁၃ ရက်(မတ်လ ၃ ရက်)တွင်လည်းကောင်း အရောက်ကြွရောက်တော်မူကြပါရန် ပင့်လျှောက်စာများ ဆက်ကပ်ထားပြီးဖြစ်ရာ ယင်းပင့်စာများ အချိန်မီမရောက်ရှိပါကလည်း အဆိုပါနေ့ရက်များတွင် အရောက်ကြွရောက်တော်မူပါရန် ပင့်လျှောက်အပ်ပါကြောင်းနှင့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အခမ်းအနားကို ၁၃၆၅ ခုနှစ် တပေါင်းလပြည့်နေ့ (မတ်လ ၅ ရက်)တွင် ကျင်းပမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

ကိုလုံဆရာတော်ကြီး၏ ဥတုဇရုပ်ကလာပ်တော် အန္တိမစျာပနဂူပိမာန်တော်သွင်းအခမ်းအနားကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၄

ရှမ်းပြည်နယ်(တောင်ပိုင်း)ပင်းတယမြို့ ကုံလုံကျောင်းတိုက်တွင် သီတင်းသုံးတော်မူသော ကုံလုံပရိယတ္တိစာသင်တိုက် ဦးစီးပဓာန မဟာနာယက နိုင်ငံတော်ဩဝါဒါစရိယဆရာတော် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တတေဇနိယ ကျေးဇူးတော်ရှင် ကုံလုံဆရာတော်ကြီး သက်တော် (၉၆)နှစ်၊ သိက္ခာတော် (၇၆)ဝါ၏ ဥတုဇရုပ်ကလာပ်တော်အား စံကျောင်းတော်ပင့် ထီးဖြူတော်ဖွင့် ပူဇော်ခြင်းအခမ်းအနားကို ဖေဖော်ဝါရီ ၈ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ကုံလုံသာသနာ့ဗိမာန် ကျောင်းဆောင် စံကျောင်းတော်၌လည်းကောင်း၊ အန္တိမစျာပန သာဓုကီဠနပူဇာသဘင် အခမ်းအနားကို ဖေဖော်ဝါရီ ၉ ရက် (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် အဆိုပါကျောင်းဆောင်၌ လည်းကောင်း ကျင်းပမည်ဖြစ်ပြီး ဥတုဇရုပ်ကလာပ်တော်အား ဂူဗိမာန်တော်သို့ အခမ်းအနားဖြင့် ပင့်ဆောင်ဂူသွင်း သင်္ဂြိုဟ်ပူဇော်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

● *မြန်မာ့ဘောလုံးမှ*

ယခင်ကာလများထက် အထိုက် အလျောက် ပြန်လည်ဦးမော့လာခဲ့ပေသည်။

အမွှမ်းတင်ရေးသား

အရှေ့တောင်အာရှဘောလုံးပြိုင်ပွဲများတွင် ၁၉၇၃ခုနှစ် နောက်ပိုင်းနှစ်ပေါင်း ၂၀တိုင် ဗိုလ်လုပွဲဖြင့်ဝေးကွာခဲ့ရာမှ ၁၉၉၃ခုနှစ် (၁၇)ကြိမ်မြောက် အရှေ့တောင်အာရှ ဘောလုံးပြိုင်ပွဲတွင် မြန်မာဘောလုံးအသင်းသည် ဗိုလ်လုပွဲသို့ တစ်ကျော့ပြန်လည် တက်လှမ်းနိုင်ခဲ့ပေသည်။ ဗိုလ်လုပွဲတွင် ပြိုင်ဘက်အသင်းအား ပွဲပြီးခါနီးမှ အနိုင်ဂိုးပေးလိုက်ရ၍ သုံးဂိုး-နှစ်ဂိုးဖြင့် ပွတ်ကာသီကာရှုံးပြီး ငွေတံဆိပ်သာ ရခဲ့သော်လည်း မြန်မာဘောလုံးအသင်း၏ ခြေစွမ်းကြောင့် ပြည်ပသတင်းစာများက "အိပ်ပျော်နေသော နဂါးကြီး ပြန်နိုးထလာပြီ"ဟုပင် အမွှမ်းတင်ရေးသားခဲ့ကြရသည်။

ထို့အတူ သက်တမ်းအလိုက် အာဆီယံပြိုင်ပွဲများတွင်လည်း မြန်မာ လူငယ်ယူ(၁၇)နှင့် ယူ(၁၈)ဘောလုံးအသင်းများသည်လည်း ချန်ပီယံဆုဖလားများ ဆွတ်ခူးနိုင်ခဲ့ကြပြန်သည်။ အမျိုးသား၊ အမျိုးသမီး ဘောလုံးအသင်းများသည်လည်း ငွေတံဆိပ်၊ ကြေးတံဆိပ်များ ပြန်လည်ဆွတ်ခူးနိုင်ခဲ့ပြန်သည်။

သွေးသစ်လောင်းပြင်ဆင်

သို့သော် ယခုအခါတွင် အဆိုပါ အောင်မြင်မှုများမှာ အကြောင်းကြောင်းကြောင့် တန့်နေသည့် အခြေအနေသို့ ပြန်လည်ရောက်ရှိနေ၍ နိုင်ငံတော်က မြန်မာ့ဘောလုံးလောကကို ပြန်လည် တစ်ခေတ်ဆန်းလာစေရန် သွေးသစ်လောင်း ပြင်ဆင်ဆောင်ရွက်လျက်ရှိပေသည်။

ကြည့်ရှုစစ်ဆေး

မြန်မာနိုင်ငံ အမျိုးသား အိုလံပစ်ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် တာဝန်ရှိသူများနှင့်အတူ ဖေဖော်ဝါရီ ၂ ရက် မွန်းလွဲ ၂ နာရီတွင် သုဝဏ္ဏလူငယ်လေ့ကျင့်ရေးစခန်းသို့ ရောက်ရှိပြီး အားကစားသမားများ၏ အိပ်ဆောင်များ၊ စားရိပ်သာနှင့် ကျိုက္ကဆံကွင်းရှိ အားကစားနှင့် ကာယပညာသိပ္ပံနှင့် ဘောလုံးလေ့ကျင့်ရေးကွင်းများကို ကြည့်ရှုစစ်ဆေးခဲ့ပေသည်။

တစ်ဆက်တည်းမှာပင် နိုင်ငံတော်ဝန်ကြီးချုပ်က တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ "အောင်နိုင်မှုများ ပြန်လည်ရရှိပြီး ထိပ်တန်းရောက်သည်အထိ ဆက်လက်တိုးမြှင့် နိုင်ရေးအတွက် ပြုပြင်ဆောင်ရွက်ဖွယ်ရာများကို ပြုပြင်သွားကြရမှာဖြစ်ကြောင်း။

ယခုအချိန်အခါတွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ကို သွေးသစ်လောင်း ပြင်ဆင်ဖွဲ့စည်းပေးခဲ့ပြီးဖြစ်ရာ ဘောလုံး လက်ရွေးစင် အားကစားသမားများ ရွေးချယ်လေ့ကျင့်ပျိုးထောင်မှု များကို စနစ်တကျမြှင့်တင်ဆောင်ရွက် သွားကြရမှာဖြစ်ကြောင်း" စသည်ဖြင့် မှာကြားခဲ့ပေသည်။

ရှေ့လုပ်ငန်းစဉ်များရှင်းလင်း

ထို့အတူ ဖေဖော်ဝါရီ ၂ရက်နေ့မှာပင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် နာယက ဗိုလ်ချုပ်ကျော်ဝင်းက မြို့တော်ရန်ကုန်တွင် ပြီးခဲ့သည့် ဇန်နဝါရီ ၁၂ ရက်မှ ၁၉ ရက်အတွင်း ကျင်းပခဲ့သည့် အသက်(၁၄)နှစ်နှင့် အောက် အာရှဇုန်(၂)တင်းနစ်ပြိုင်ပွဲနှင့် စပ်လျဉ်း၍ အားကစားကလောင်ရှင်များကို သတင်းစာရှင်းလင်းပွဲ တစ်ရပ်ပြုလုပ်ခဲ့ရာ အခမ်းအနားအပြီးတွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၏ ရှေ့လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ အကျဉ်းချုံးပြီး တစ်ဆက်တည်း ရှင်းလင်းပြောကြားသွားခဲ့သည်။

မြန်မာဘောလုံး အဆင့်အတန်း ယခုထက်ပိုမိုတိုး တက်လာပါတော့မည်။ အောက်ဖော်ပြပါ ရှင်းလင်းတင်ပြချက်များဖြင့် မြန်မာဘောလုံး ပရိသတ်များ နှိုင်းယှဉ်ခန့်မှန်းနိုင်ကြပါလိမ့်မည်။

နိုင်ငံတကာနှင့်ရင်ပေါင်တန်းနိုင်ရေး

မြန်မာဘောလုံးအဖွဲ့ချုပ် နာယက ဗိုလ်ချုပ်ကျော်ဝင်းက "မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အသစ်အနေဖြင့် လုပ်ဆောင်စရာများ အများကြီး ရှိနေကြောင်း၊ ယခုလက်ရှိကလပ်အသင်းတိုင်းက နည်းပြနှင့် အုပ်ချုပ်သူများကို အမှုဆောင်အဖွဲ့တွင် ထည့်သွင်းထားကြောင်း၊ ဘောလုံးသမားရွေးချယ်ရေးကော်မတီ၊ ဒိုင်လူကြီးကော်မတီ၊ နည်းစနစ်ကော်မတီ၊ အောင်နိုင်ရေးကော်မတီများအပါအဝင် ဆပ်ကော်မတီပေါင်း ၁၇ ဖွဲ့ကို ကော်မတီအလိုက် ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း၊ အကြံပြုပုဂ္ဂိုလ်အဖွဲ့ကိုလည်း ဆရာဦးစိန်လှိုင်၊ ဆရာကြီးတို့အပါအဝင် ဖွဲ့စည်းထားကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ပြန်ကြားရေးကော်မတီကို နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရန်အတွက် စနစ်တကျ ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ဦးစားပေးဆောင်ရွက်မည်

သက်တမ်းအလိုက် လက်ရွေးစင်အသင်းများ အမျိုးသား၊ အမျိုးသမီး လက်ရွေးစင်အသင်းများကိုအဖွဲ့ချုပ်က ကြည့်ရှုကြပ်မတ်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း၊ လူရွေးချယ်မှု အပိုင်းတွင် တစ်ဦးတစ်ယောက်၏ ဆုံးဖြတ်ချက်အရ မဟုတ်ဘဲ ရွေးချယ်ရေးကော်မတီကသာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လူငယ်စီမံကိန်းအစီအစဉ်များကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အရည်အချင်းပြည့်မီသည့် နည်းပြများ၊ ဒိုင်လူကြီးများ မွေးထုတ်နိုင်ရေးအတွက် သင်တန်းများ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံခြားနည်းပြဆရာငှားရမ်းရန် စီစဉ်နေကြောင်း၊ နိုင်ငံတကာအသင်းများနှင့် ခြေစမ်းသည်ကို ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း အကြံပြုတင်ပြချက်များရှိပါက မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ထံ စာဖြင့်ဆက်သွယ်ရေးသားနိုင်ကြောင်း" စသည်ဖြင့် ရှင်းလင်းပြောကြားသွားခဲ့သည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် နာယက ဗိုလ်ချုပ်ကျော်ဝင်း၏ အထက်ပါရှင်းလင်းတင်ပြမှုများကို လေ့လာကြည့်ပါလျှင် မျက်မှောက်မြန်မာဘောလုံးလောက၏ အရုဏ်ဦးရောင်ခြည်သည် လင်းလက်လာနေပြီဖြစ်ကြောင်း၊ တစ်ဆက်တည်းမှာပင် မြန်မာ့ဘောလုံးအဆင့် အတန်းသည်လည်း အနာဂတ်ကာလတွင် တိုးတက်လာတော့မည်ဖြစ်ကြောင်း ယုံကြည်မိပေသည်။ ။ **(မြန်မာ့အလင်း)**

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၅ ခုနှစ်၊ တပို့တွဲလပြည့်နေ့ (ဥပုသ်နေ့)

၅-၂-၂၀၀၄ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ ကျေးဇူးရှင် မင်းကွန်းဆရာတော်ဘုရားကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရုအဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်

၇:၁၅ ၂။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီရိန္ဒာဘိဝံသ(ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်

၇:၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့

၇:၃၀ ၄။ နံနက်ခင်းသတင်း

၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး

၇:၅၀ ၆။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက

၈:၀၀ ၇။ (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်

၈:၁၀ ၈။ အကပဒေသာ

၈:၂၀ ၉။ အတီးပြိုင်ပွဲ

၈:၃၀ ၁၀။ International News

၈:၄၅ ၁၁။ Let's Go.

၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၁၄:၅၀ ၁။ ၂၀၀၄ ခုနှစ်(၄၉)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုဒိုင်း အမျိုးသား(အလွတ်တန်း)ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် **(ပထမအကြိုဗိုလ်လုပွဲ)** (ဧရာဝတီတိုင်းနှင့် မန္တလေးတိုင်း)

၁၆:၄၅ ၂။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ

၁၆:၅၅ ၃။ ချစ်စရာ့အရွယ်ကကြိုးသွယ်

၁၇:၀၅ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ်(သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒအထူးပြု) (သင်္ချာ)

၁၇:၂၀ ၅။ **"အားဆေး"**(မိုးဒီ၊ဇော်ထက်အောင်၊ဆောင်းအိန္ဒြေထွန်း) (ဒါရိုက်တာ-စောစန္ဒာလှိုင်)

၁၇:၃၀ ၆။ (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်

၁၇:၄၀ ၇။ နိုင်ငံ့အဝန်းသစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်

၁၇:၅၀ ၈။ (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်

၁၈:၀၀ ၉။ (၅၉)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် ပန်းချီ၊ ပန်းပု ပြိုင်ပွဲ ပြပွဲကြိုတင်ပြင်ဆင်မှုများ(ပန်းပု)

၁၈:၁၀ ၁၀။ သီတဂူဆရာတော် အရှင်ဉာဏိသရ၏ တပို့တွဲလပြည့် ဩဝါဒပါတိမောက်အခါတော်နေ့ တရားတော်

၁၈:၃၀ ၁၁။ ညနေခင်းသတင်း

၁၈:၀၀ ၁၂။ မိုးလေဝသအခြေအနေ

၁၉:၀၅ ၁၃။ Milo Success in Soccer

၁၉:၁၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **"မိုးမြေဆုံးစေတော့ကွယ်"**(အပိုင်း-၁၃)

၁၉:၄၅ ၁၅။ ပြည်ထောင်စု စိတ်ဓာတ် မပြတ်ရင့်သန် ခိုင်မာရန်မှာ ဒို့ဝန်တာ "တောင်ဇလပ်ပန်း ပွင့်လန်းဝေဆာ သွေးချင်းတို့ ချင်းဌာနေမှာ"

၂၀:၀၀ ၁၆။ ပြည်တွင်းသတင်း

၁၇။ နိုင်ငံတကာသတင်းများ

၁၈။ မိုးလေဝသအခြေအနေ

၁၉။ (၅၄)နှစ်မြောက် ပြည်ထောင်စုနေ့ တိုင်းရင်းသားရိုးရာ ပဒေသာကပွဲ(အပိုင်း-၁)

၂၀။ မင်းကွန်းဆရာတော် ဘုရားကြီး ဦးဝိစိတ္တသာရာဘိဝံသ၏အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်းတရားတော်

ဆဲပင်းဒေးနယူးစ်ဂျာနယ် အတွဲ(၂)၊ အမှတ်(၄၆)ဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၄

ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ် ခေတ်မီအဆောက်အအုံကြီး ၂၀၀၅ခုနှစ် ဒီဇင်ဘာတွင် လုပ်ဆောင်ပြီးစီးရန်လျာထား နိုင်ငံတကာအဆင့်မီ လေဆိပ်ကြီးအဖြစ် ပေါ်ထွန်းလာမည်၊ အပျော်စီးခရီးသွားလိုသူ ချင်းတွင်းနှင့် သံလွင်သင်္ဘောများ ငှားရမ်းနိုင်၊ ကဏန်းများ တရုတ်နိုင်ငံသို့ တင်ပို့၊ ဆေးလိပ် ကြော်ငြာဆိုင်းဘုတ်များ ယခုနှစ် စာချုပ်သက်တမ်း ကုန်လွန်လျှင် လုံးဝဖြုတ်သိမ်းမည် သက်တမ်းသစ်မတိုးနိုင်ရန် ကြိုတင်အသိပေးစောင့်ကြပ်သွားမည် စသည့် ပြည်တွင်းရေးရာ သတင်းဝေဝေဆာဆာဖြင့် ထွက်ရှိနေသည်။ **(အပေါ်ပုံ)**

(က-ပ)

သီတဂူဗုဒ္ဓတက္ကသိုလ်အလှူတော်တရားပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၄

(၁၁)ကြိမ်မြောက် သီတဂူဗုဒ္ဓတက္ကသိုလ် အလှူတော်တရားပွဲကို ဗဟန်းမြို့နယ် ဗိုလ်စိန်မှန်အားကစားကွင်း၌ ဖေဖော်ဝါရီ ၉ ရက်တွင် ဓမ္မဒူတ အရှင်ဆေကိန္ဒ၊ ၁၀ ရက်တွင် သီတဂူကြယ်တစ်ပွင့် အရှင်ပညာနန္ဒ၊ ၁၁ရက်တွင် သီတဂူကြာတပွင့် အရှင်ခေမာသိရီလင်္ကာရ(ရွှေပြည်ဟိန်းကျောင်း)၊ ၁၂ရက်တွင် သီတဂူဆရာတော် အရှင်ဉာဏိဿရတို့က ညစဉ်နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားမည်ဖြစ်ပါသဖြင့် တရားတော်နာကြွရောက်ရန် ဖိတ်ကြားထားကြောင်း သိရသည်။ (က-ပ)

တိမ်အသင့်အတင့်

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

စတုဒိသာ ကျွေးမွေးလှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၄

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် ရွှေဘုန်းပွင့်စေတီတော်ဂေါပကအဖွဲ့က ကြီးမှူး၍ နှစ်စဉ်ကျင်းပမြဲဖြစ်သည့် နှမ်းမနဲစတုဒိသာ ကျွေးမွေးလှူဒါန်းပွဲကို ယနေ့ ညနေ ၃နာရီခွဲတွင် ရွှေဘုန်းပွင့်စေတီတော် ရင်ပြင်၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး ရွှေဘုန်းပွင့်စေတီတော် ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးကိုကိုကြီးက နှမ်းမနဲစတုဒိသာ ကျွေးမွေးလှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး အခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကာ စတုဒိသာနှမ်းမနဲဖြင့် ကျွေးမွေးသည်။ **(သတင်းစဉ်)**

ဇန်နဝါရီ ၃၁ ရက်က ဒဂုံမြို့နယ် အလက(၂)တွင် ၂၀၀၂-၂၀၀၃ ပညာသင်နှစ် မိဘဆရာအသင်းအစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကျင်းပရာ ကျောင်းအုပ် ဆရာကြီး ဦးထွန်းကြည်က ပဥ္စမတန်းတွင် ပထမ ရရှိသော မောင်ရဲမြင့်သော်အား ဆုချီးမြှင့်စဉ်။ (က-ပ)

ဒုတိယအကြိမ် တရားစခန်းဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၄

ရန်ကုန်တိုင်း ဒဂုံမြို့သစ်(တောင်ပိုင်း) ဆိပ်ကမ်းမြို့နယ် အမှတ်(၉၁)ရပ်ကွက်ရှိ မော်ကွန်းဝင်ကျောင်းတိုက် ဆရာတော် ဦးတေဇဝန္တ ကို ဦးထိပ်ပန်ဆင်လျက် ဒုတိယအကြိမ် တရားစခန်းပွဲကို အဂ္ဂမဟာပဏ္ဍိတ မိုးကုတ် ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း မိုးကုတ်နယ်လှည့် ဓမ္မကထိက ရွှေနံ့သာဆရာတော် အရှင်ဉာဏောဘာသ က ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပါဒ်သစ္စာလေးပါး တရားတော်ကို ဖေဖော်ဝါရီ ၁၈ ရက်မှ ၂၄ ရက်အထိ ခုနစ်ရက်တိုင်တိုင် ဟောကြားပြသမည်ဖြစ်ရာ ဖုန်း-၀၅၆-၂၁၉၆၁ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(က-ပ)

မင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ ဗိုလ်ကြီးလှဝင်းလှိုင်(ငြိမ်း)-ဒေါ်ခင်သန်းမြင့် တို့၏သား

ဗိုလ်ကြီးဝင်းဆွေ B.A°(Geog)

(ကာကွယ်ရေးဝန်ကြီးဌာန)

နှင့်

ရန်ကုန်မြို့နေ

ဦးလှရွှေ-ဒေါ်ရှုရှုမြ တို့၏သမီး

မငွေငွေဝင်း M.C.Sc

တို့၏ ၁-၂-၂၀၀၄ ရက်နေ့တွင် Sedona ဟိုတယ်၌ကျင်းပသော မင်္ဂလာဧည့်ခံပွဲသို့ မေတ္တာဖြင့် မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်သော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေ၊ ကိုယ်တိုင်ကြွရောက်ချီးမြှင့်ပေးသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၏ ဇနီး ဒေါ်ခင်လေးသက်၊ မေတ္တာဖြင့် မင်္ဂလာလက်ဖွဲ့ ပေးပို့ချီးမြှင့်သော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွဲ့၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်၏ ဇနီး ဒေါ်ခင်ခင်ဝင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ချီးမြှင့်ပေးသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးနှင့် ဇနီး ဒေါ်ခင်နှင်းဝေ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၏ ဇနီး ဒေါ်စန်းစန်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်စိုးသိန်း၏ ဇနီး ဒေါ်ခင်အေးကျင်၊ ကာကွယ်ရေးဦးစီးချုပ်(လေ)ဗိုလ်ချုပ်မြတ်ဟိန်း၏ ဇနီး ဒေါ်ထွေးထွေးညွန့်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသော ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် ဇနီး ဒေါ်ခင်လေးမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်း၊ ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့် ဇနီး ဒေါ်ကြည်ကြည်အုန်း၊ စစ်ဘက် နယ်ဘက်မှ ဌာနဆိုင်ရာ အရာရှိကြီးများ၊ ဂုဏ်သရေရှိလူကြီးမင်းများ၊ နှစ်ဖက်သောဆွေမျိုးမိတ်သင်္ဂဟများ၊ မင်္ဂလာပန်းကုံးနှင့် လက်စွပ်ကိုင်ဆောင်ပေးသော မစုမြတ်မြင့်ထွန်း၊ မင်္ဂလာပွဲအောင်မြင်ပြီးမြောက်အောင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသောသူများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးကို လှိုက်လှဲစွာဖြင့် ဂါရဝပြု ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ကြီးဝင်းဆွေ-မငွေငွေဝင်း။

ဝန်ထမ်း အလိုရှိသည်

(ပြည်တွင်း၌သာခန့်ထားရန်)

ရွှေသာယာ Wagon မော်တော်ကားထုတ်လုပ်ရေး တိုးချဲ့လုပ်ကိုင်ရန်အတွက် အောက်ပါဝန်ထမ်းများ အလိုရှိပါသည်။

၁။ မော်တော်ယာဉ်ကိုယ်ထည် လုပ်ငန်းကျွမ်းကျင်သူ ကျား(၂၀)ဦး
၂။ ကားကြီး၊ကားလေး ဖရိန်ပိုင်းဆိုင်ရာကျွမ်းကျင် ကျား(၁၀)ဦး
၃။ ဆေးမှုတ်ကျွမ်းကျင် ကျား(၁၀)ဦး

အမှတ်စဉ်(၁) - မော်တော်ယာဉ်ကိုယ်ထည် အစိတ်အပိုင်း အားလုံးကို ပုံစံထုတ်သည့်အတိုင်း ကျွမ်းကျင်စွာ ထုလုပ်နိုင်သူဖြစ်ရမည်။

အမှတ်စဉ်(၂) - ဖရိန်ပိုင်းဆိုင်ရာ ဂဟေဆက်ခြင်း ကျွမ်းကျင်သူဖြစ်ရမည်။

အမှတ်စဉ်(၃) - ကားကြီး၊ကားလေးကို ကျွမ်းကျင်စွာ ဆေးမှုတ်နိုင်သူဖြစ်ပြီး လုပ်ငန်းအတွေ့အကြုံအနည်းဆုံးနှစ်နှစ် ရှိရမည်။

အလုပ်လျှောက်လွှာများကို အလုပ်သမားမှတ်ပုံတင်မိတ္တူနှင့်တကွ ကြော်ငြာသည့်နေ့မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါလိပ်စာတွင် လျှောက်ထားနိုင်သည်။

မှတ်ချက်။ (၁) လုပ်ငန်းအတွေ့အကြုံရှိသူ အငြိမ်းစားများပါလျှောက်ထားနိုင်ပါသည်။
(၂) နယ်မှလျှောက်ထားသူများ ခန့်ထားခြင်းခံရပါက နေထိုင်ရေး အခက်အခဲရှိလျှင် စီစဉ်ပေးမည်။
(၃) လုပ်ငန်းအပေါ် စိတ်ဝင်စားပြီး တိုးတက်ရန် ကြိုးစားဆောင်ရွက်လိုသူများသာ လျှောက်ထားနိုင်ပါသည်။

မိဘကျေးဇူးကုမ္ပဏီလီမိတက်
တိုက်အမှတ်(၃၄)၊ အခန်း(A)၊ ကမ္ဘာအေးစေတီလမ်း၊ သာသနာ့ရိပ်သာရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့ (နှင်းဆီကုန်းဘိုးဘွားရိပ်သာအနီး)။

ဂမ္ဘီရမြင်ကွင်းဂျာနယ် ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၄

မင်းသိင်္ခ၊ ရတနာပုံဆရာခန့်၊ လှမိုး (ပညာရေး)၊ ရွှေယမင်းဦး၊ နန်းထိုက်စိုး (နိုင်ငံခြားဘာသာသိပ္ပံ)၊ ပိုင်ဟိန်းကျော် (မရမ်းတလင်း)၊ ဆရာမ ဆုလှဲ့ရတနာ တို့၏လက်ရာ ဆောင်းပါးကောင်းများ ပါဝင်ပြီး အပတ်စဉ်ကြာသပတေးနေ့တိုင်း ထုတ်ဝေသည့် ဂမ္ဘီရမြင်ကွင်းဂျာနယ် အတွဲ(၁)၊ အမှတ်(၂၁)ကို ထုတ်ဝေဖြန့်ချိထားကြောင်း သိရသည်။ **(အပေါ်ပုံ) (က-ပ)**

ချိန်ခါမဟုတ် မိုးရွာမည်

ရန်ကုန် ဖေဖော်ဝါရီ ၄

ယနေ့နံနက် မြန်မာစံတော်ချိန် ၀၉း၃၀ နာရီအချိန် တိုင်းထွာချက်များအရ ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ပဲခူးတိုင်း၊ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးရွာနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနကသတင်းထုတ်ပြန်သည်။

ကျိုက္ခမီမြို့ ဆုတောင်းပြည့် ရေလယ်ဆံတော်ရှင်မြတ်ဘုရားကြီး ဂန္ဓကုဋိတိုက်အမိုးအသစ်ပြန်လည် မွမ်းမံပြင်ဆင်မည်

ကျိုက္ခမီ ဇန်နဝါရီ ၃၀

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ကျိုက္ခမီမြို့ရှိသမိုင်းဝင်ဆုတောင်းပြည့် ရေလယ်ဆံတော်ရှင်မြတ်ဘုရားကြီး ဂန္ဓကုဋိတိုက်တော်ကြီး၏ အမိုးအား အသစ်တစ်ဖန် ပြန်လည်ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများကို ဇန်နဝါရီ တတိယပတ်မှစတင်ဆောင်ရွက်မည်ဖြစ်သည်။

အဆိုပါ လုပ်ငန်းများ အဆင်ပြေစေရန်အတွက် အနယ်နယ် အရပ်ရပ်မှ စေတနာရှင် ပြည်သူများအနေဖြင့် အလူမီနီယံဇင့်သွပ် တစ်ပေလျှင် ကျပ် ၁၀၀၀ နှုန်းနှင့် ခုနစ်ပေ အလူမီနီယံဇင့်သွပ်တစ်ချပ်လျှင်ကျပ် ၇၀၀၀ဖြင့် ဝယ်ယူလှူဒါန်းနိုင်ကြောင်းနှင့် ပါဝင်လှူဒါန်းလိုသည့် စေတနာရှင်အလှူရှင်များ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ ဘာသာရေးအသင်းအဖွဲ့များသည် ကျိုက္ခမီမြို့ ဆုတောင်းပြည့်ရေလယ်ဆံတော်ရှင်မြတ်ဘုရားကြီး နာယကဗိုလ်မှူးကြီးခင်မောင်စိုး၊မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းဝင်းနှင့် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးချမ်းစိန်၊ အတွင်းရေးမှူး ဦးလှကြည်တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)



(၄၉) ကြိမ်မြောက် ပရိယတ္တိရေး ဖြေ စာမေးပွဲကို ဇန်နဝါရီ ၂၅ ရက် မှ ၃၁ ရက်ထိ မွန်ပြည်နယ် ချောင်းဆုံမြို့ သာသနာ့ ဗိမာန်တော်တွင် ကျင်းပစဉ်။ (မြို့နယ် ပြန်/ဆက်)

ကျပန်းစကားပြောပြိုင်ပွဲ ဆုချီးမြှင့်

ကောလင်း ဇန်နဝါရီ ၂၆

ကောလင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးပြုလုပ်သော ကျပန်းစကားပြောပြိုင်ပွဲ ဆုပေးအပ်ပွဲကို ဇန်နဝါရီ ၄ ရက် မွန်းလွဲ ၁ နာရီက မြို့နယ်ရုံးအစည်းအဝေးခန်းမဆောင်၌ ကျင်းပသည်။ ပြိုင်ပွဲတွင် ကျောင်းသူကျောင်းသား ၁၃ ဦးက ပါဝင်ယှဉ်ပြိုင်ကြသည်။

ဆုပေးအပ်ပွဲတွင် ပထမဆုရ မောင်နေဇာအောင်၊ ဒုတိယဆုရ မောင်ပြည့်စုံအောင်၊ တတိယဆုရ မောင်ဆန်းမင်းအောင်တို့အား ဒုရဲမှူး ဌေးလွင်က ဆုချီးမြှင့်ကြောင်း သိရသည်။ (၀၂၆)

မိုးဟုတ်ကျေးရွာ၌ လက်နှိပ်ပန့်ရေတုံကင်ဖွင့်

ညောင်တုန်း ဖေဖော်ဝါရီ ၁

(၅၇) နှစ်မြောက်ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ညောင်တုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့သော ကျေးလက်ရေရရှိရေး လက်နှိပ်ပန့်ရေတုံကင်ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၉ ရက်က ညောင်တုန်းမြို့နယ် မိုးဟုတ်ကျေးရွာအုပ်စု အညာစုကျေးရွာတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အဖွဲ့ အဖွဲ့ဝင်(၂)ဦးစိုးမြင့်ထွန်း၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသက်ပိုင်၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း မြို့နယ်အလုပ်အမှုဆောင် ဦးကျော်ဝင်းဦးတို့က လက်နှိပ်ပန့်ရေတုံကင်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)**

အဆိုပါ မိုးဟုတ်ကျေးရွာတွင် သောက်သုံးရေအခက်အခဲရှိပြီး ရေရှားပါးသောရွာဖြစ်သဖြင့် သောက်သုံးရေရသဖြင့် ကျေးရွာတွင် ရေအခက်အခဲမရှိတော့ကြောင်း သိရသည်။ (၀၉၈)

ခရိုင်ဥက္ကဋ္ဌ ဂန့်ဂေါမြို့နယ် လမ်းများစစ်ဆေး

ဂန့်ဂေါ ဇန်နဝါရီ ၂၇

မုံရွာ-ပုလဲ-ဂန့်ဂေါကားလမ်း ဂန့်ဂေါမြို့နယ် လမ်းပိုင်းတွင် ထပ်ပိုးလွှာခင်း၍ ရေပိတ်လွှာခင်းခြင်း၊ ကတ္တရာလမ်းပေါက်များ လောင်းဖာခြင်း၊ တံတားများ ပြုပြင်ဆောက်လုပ်ခြင်း လုပ်ငန်းများကို ဂန့်ဂေါမြို့နယ် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ဂန့်ဂေါမြို့နယ်အတွင်းရှိ လမ်းပိုင်းသို့ ဂန့်ဂေါခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး လှဆွေသည် ဇန်နဝါရီ ၂၅ ရက်က သွားရောက်ကွင်းဆင်းကြည့်ရှုရာ မြို့နယ်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လက်ထောက်အင်ဂျင်နီယာ ဦးသန်းမြင့်က လုပ်ငန်းဆောင်ရွက်မှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြသည်နှင့်ပတ်သက်၍ ခရိုင်ဥက္ကဋ္ဌက ပုံညာတောင်အတက်အဆင်းနှင့် ပုံတောင်အတက်လမ်းများတွင် လမ်းချိုင့်များ မရှိစေရန်နှင့် တံတားများ စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ရေးတို့ကို မှာကြားကြောင်း သိရသည်။ (၂၇၃)

အမြို့မြို့ အနယ်နယ် သတင်းများ

မုဒုံမြို့နယ်၌ မွေးမြူရေးလုပ်ငန်းအဖွဲ့ ဖွဲ့စည်း

မုဒုံ ဇန်နဝါရီ ၂၈

မွန်ပြည်နယ် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်က ကြီးမှူး၍ မြို့နယ်အဆင့်မွေးမြူရေးလုပ်ငန်းအဖွဲ့ (မုဒုံမြို့နယ်) ဖွဲ့စည်းခြင်းအခမ်းအနားကို ဇန်နဝါရီ ၁၈ ရက်က မုဒုံမြို့ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန အစည်းအဝေး ခန်းမတွင် ကျင်းပသည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံမွေးမြူရေး လုပ်ငန်းအဖွဲ့ချုပ် (မွန်ပြည်နယ်) ဥက္ကဋ္ဌ ဒေါက်တာမင်းစိန်သောင်း၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန (ပြည်နယ်ဦးစီးဌာနမှူး) ဒေါက်တာ ခင်မောင်မောင်နှင့် မြို့နယ်အတွင်းရေးမှူး ဦးချစ်ရီတို့က အမှာစကားပြောကြားကြသည်။

ထို့နောက် မွန်ပြည်နယ်မွေးမြူရေးနှင့် လုပ်ငန်းအဖွဲ့ချုပ်အတွင်းရေးမှူး ဦးမောင်အေးက ဖွဲ့စည်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး ၂၀၀၄-၂၀၀၇ ခုနှစ်အတွက် အမှုဆောင်အဖွဲ့အဖြစ် ဥက္ကဋ္ဌ ဒေါက်တာသက်ထွေး၊ အတွင်းရေးမှူး ဦးအောင်နိုင်ဦးတို့ပါဝင်သော အမှုဆောင် ၁၅ ဦး ကို ရွေးချယ်ကြပြီး သဘာပတိ ရှေ့မှောက်၌ ကတိသစ္စာခံယူကြသည်။**(အပေါ်ပုံ)(မြို့နယ်ပြန်/ဆက်)**

သားဖွားဆောင်တည်ဆောက်မှု မြို့နယ်ဥက္ကဋ္ဌကြည့်ရှု

မင်းဘူး(စကု) ဇန်နဝါရီ ၂၀

မင်းဘူး(စကု) မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ဦးသည် ဇန်နဝါရီ ၂၀ ရက်က စကုမြို့စိမ်းလန်းစိုပြည်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို စကုအမှတ်(၁)(၂)(၃)ရပ်ကွက်ဥက္ကဋ္ဌများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များနှင့် ဆောက်လုပ်ရေးကော်မတီဝင်များက မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ သားဖွားဆောင် တည်ဆောက်မှုကို ကြည့်ရှုရာ မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်ဦးက လိုအပ်သည်များဆောင်ရွက်ပေးသည်။ **(အောက်ပုံ)** (၃၅၇)

ဗီဒီယိုလုပ်ငန်းရှင်များလိုက်နာရန် စည်းကမ်းချက် ရှင်းလင်း

ကျောက်ပန်းတောင်း ဇန်နဝါရီ ၂၅

မန္တလေးတိုင်း မြင်းခြံခရိုင် ကျောက်ပန်းတောင်းမြို့နယ် ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီက ဗီဒီယိုလုပ်ငန်းရှင်များ လိုက်နာရန် စည်းကမ်းချက်များ ရှင်းလင်းပွဲကို ဒီဇင်ဘာ ၃၁ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးစပါးအစည်းအဝေးခန်းမတွင် ကျင်းပသည်။

အစည်းအဝေးတွင် သဘာပတိ မြို့နယ်အဖွဲ့ဝင် (၂) ဦးလင်းကြည်က အမှာစကားပြောကြားပြီး မြို့နယ် ဗီဒီယိုလုပ်ငန်းအခြေခံဥက္ကဋ္ဌ ဦးမောင်လှက ဗီဒီယိုလုပ်ငန်းပိုင်းဆိုင်ရာများနှင့် လုပ်ငန်းရှင်များ လိုက်နာရန် စည်းကမ်းချက်များကို ရှင်းလင်းတင်ပြသည်။

မြို့နယ်ဗီဒီယိုလုပ်ငန်းရှင်များ လိုက်နာရန်ရှင်းလင်းပွဲသို့ ကျေးရွာဥက္ကဋ္ဌများနှင့် လုပ်ငန်းရှင် ၁၅၀ ကျော် တက်ရောက်ကြောင်း သိရသည်။ (၀၆၁)

ဇန်နဝါရီ ၁၃ရက်က ၂၀၀၃-၂၀၀၄ ပညာသင်နှစ် ပဲခူးမြို့နယ် ပညာရေးစုံညီပွဲတော်တွင် စတုတ္ထတန်းဆင့် မြို့နယ်ဘာသာစုံ ထူးချွန်နှင့်ဘက်စုံထူးချွန်ပထမဆုရ မောင်စိုးဝေယံအား မြို့နယ်ပညာရေးမှူးဦးအေးချို က ထူးချွန်ဆုပေးအပ်စဉ်။ (က-ပ)

တောင်ငူမြို့နယ်စာနယ်ဇင်းအဖွဲ့ နှစ်ပတ်လည်စည်းဝေး

တောင်ငူ ဇန်နဝါရီ ၃၁

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ တောင်ငူမြို့နယ်၏လုပ်ငန်းဆိုင်ရာ နှစ်ပတ်လည် အစည်းအဝေးကို ဇန်နဝါရီ ၁၇ ရက် နံနက် ၉ နာရီက အဖွဲ့ရုံးခန်းမ၌ကျင်းပရာ အစည်းအဝေးတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန့်ဇင်တက်ရောက်အမှာစကား ပြောကြားပြီး အလုပ်အမှုဆောင်အဖွဲ့ အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းများ တင်ပြအတည်ပြုကြကြောင်း သိရသည်။ (က-ပ)

ကလေးပြိုင်ပွဲဆုချီးမြှင့်

ရေစကြို ဇန်နဝါရီ ၂၅

ရေစကြိုမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူး၍ (၅၆) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကလေးပြိုင်ပွဲဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၄ ရက်က ရေစကြိုမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ရေစကြိုမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်စိုးက အဖွင့်အမှာစကားပြောကြားပြီး တာဝန်ရှိသူများက ဆုများအသီးသီး ချီးမြှင့်ကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

ဇန်နဝါရီ ၂၇ ရက်က အောင်လံမြို့ စက်ရုံရပ် အမက(၁)ပညာရည်ချွန်ဆုပေးပွဲတွင် ကျောင်းအုပ်ဆရာကြီး ဦးအောင်သန်းက သူငယ်တန်းမှ စတုတ္ထတန်းထိ ငါးနှစ်ဆက်တိုက် ထူးချွန်ဆုရ မထူးမြတ်မြတ်လွင်အား ဆုချီးမြှင့်စဉ်။ (က-ပ)

ဝေနေယျသုခရေချမ်းစင်အသင်း ဆရာတော်ကြီးသုံးပါးနှင့် ဒုတိယဥက္ကဋ္ဌတစ်ဦးဘွဲ့တံဆိပ်များ ချီးမြှင့်ခံရ

ရန်ကုန် ဖေဖော်ဝါရီ ၄

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ၂၀၀၄ခုနှစ် ဇန်နဝါရီ ၄ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၀၄ ဖြင့် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များဆက်ကပ်လှူဒါန်းရာတွင် ဝေနေယျသုခရေချမ်းစင်အသင်း၏ ဩဝါဒါစရိယ ဆရာတော်ကြီးသုံးပါး ဘွဲ့တံဆိပ်တော်များ ထပ်မံဆက်ကပ်လှူဒါန်းခြင်းခံရသည်။ ထိုဆရာတော်သုံးပါးမှာ စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့ သီတဂူကမ္ဘာ့တက္ကသိုလ်အဓိပတိ ဘဒ္ဒန္တဉာဏိဿရအား အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ ဘွဲ့တံဆိပ်တော်၊ ချင်းပြည်နယ် မင်းတပ်မြို့ အနောက်ရပ်ကွက် တောင်ပုလုပရိယတ္တိ ပဋိပတ္တိတိုက်ခွဲ ပဓာနနာယက ဆရာတော် ဘဒ္ဒန္တပညာသိရီအား အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇနှင့် စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့နယ် ဝါးချက် ကျေးရွာ ကျစွာချောင် မဟာဝိဇယရံသီ စာသင်တိုက်နှင့် မဟာအတုလရံသီ ဓမ္မရိပ်သာပဓာန နာယကဆရာတော် ဘဒ္ဒန္တလက္ခဏ တို့အား အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော် ဆက်ကပ်အပ်နှင်းခြင်း ခံရသည်။

အလားတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အမိန့်ကြော်ငြာစာ အမှတ် ၂/၂၀၀၄ ဖြင့် ဂုဏ်ထူးဆောင် တံဆိပ်များ အပ်နှင်းရာတွင် ဝေနေယျသုခရေချမ်းစင်အသင်း ဒုတိယဥက္ကဋ္ဌ ဦးလှမြိုင် (ကိုဆောင်း) အငြိမ်းစား အယ်ဒီတာချုပ်အား ဝိဇ္ဇာပညာထူးချွန် တံဆိပ် (ဒုတိယဆင့်) ချီးမြှင့်အပ်နှင်းခြင်း ခံရပါ၍ အမှုဆောင်အဖွဲ့ အစည်းအဝေးက ၎င်းတို့အတွက် ဝမ်းမြောက်စွာ ဂုဏ်ပြုကြကြောင်းသိရသည်။

(က-ပ)

ဖေဖော်ဝါရီ ၃ ရက်က ဗဟန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဗဟန်းအလက (၁)တွင် နယ်လှည့် စာဖတ်ခန်း၊ နံရံကပ် စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲ အခမ်းအနား ဖွင့်ပွဲတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းနွဲ့နှင့် မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဌေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

(မြန်မာ့အလင်း)

တွံတေးမြို့နယ်အသင်း (ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးနှင့် သက်ကြီးပူဇော်မည်

ရန်ကုန် ဖေဖော်ဝါရီ ၄

နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးနှင့်သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၂၉ရက် နံနက် ၈နာရီတွင် ရွှေတိဂုံဘုရားလမ်းတောင်ဘက်မုခ် မွန်ဓမ္မာရုံတွင် ကျင်းပမည်ဖြစ်ရာ အသင်းသားများနှင့်စိတ်ဝင်စားသူများ တက်ရောက်ပါရန် နှိုးဆော်ထားသည်။ ထို့အပြင် အသင်း သားများ၏ သားသမီးများမှ ၂၀၀၀-၂၀၀၁၊ ၂၀၀၂-၂၀၀၃ခုနှစ်များတွင် အခြေခံပညာ အထက်တန်းစာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်သူများ၊ နိုင်ငံတော်အဆင့် စာပေ၊ အားကစား၊ ဂီတ၊ သဘင်တို့တွင် ပထမ၊ ဒုတိယ၊ တတိယရသူများနှင့် သက်ကြီးပူဇော်ပွဲ အတွက် (၇၅)နှစ်နှင့် အထက် အသင်းသားများနှင့် မိဘများ အမည်စာရင်းများကို ဖေဖော်ဝါရီ ၂၂ ရက်နောက်ဆုံးထား၍ ဒေါ်သင်းသင်း ၅၆၅၈၈၁၊ ဖုန်း-ဦးလှသိန်း ဖုန်း-၅၇၈၆၇၁၊ဒေါ်လဲ့လဲ့ဝင်းဖုန်း-၂၄၃၁၆၃ နှင့် နီးစပ်ရာ အမှုဆောင်များထံ သတင်း ပေးပို့နိုင်ကြောင်း သိရသည်။

(က-ပ)



အမှတ် ၄/၁၇၇ မေခလမ်း ဝေဘာဂီ ရန်ကုန်မြို့က ထုတ်ဝေသည့် ကွမ်ဖူးစိုးမြင့် မြန်မာပြန်သည့် အမျိုးသမီးများအတွက် အရေးပေါ် ခုခံတိုက်ခိုက်နည်းပညာ စာအုပ် မျက်နှာဖုံး။

(က-ပ)

ဇန်နဝါရီ ၂၇ ရက်က ဗန်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိဦးကျော်သူနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမျိုးတို့က ကန်တော်ကြီး ကိုယ့်အားကိုယ်ကိုး ကတ္တရာ ရေပိတ်လွှာလောင်းခြင်းကို အနီးကပ်ကြီးကြပ်ဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)

ရန်ကုန်ကုန်စည်ပြပွဲ-၂၀၀၄ နောက်ဆုံးနေ့ခင်းကျင်းပြသ

ရန်ကုန် ဖေဖော်ဝါရီ ၄

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် Quartz International Co.,Ltd.က စုစည်းကျင်းပသော ရန်ကုန် ကုန်စည်ပြပွဲ-၂၀၀၄ကို ရန်ကုန်မြို့ အထက်ပုဇွန်တောင်လမ်းရှိ ရန်ကုန်ကုန်သွယ်မှုဗဟိုဌာန၌ ဖေဖော်ဝါရီ ၂ရက်က နောက်ဆုံးနေ့အဖြစ်ဆက်လက်ခင်းကျင်းပြသရာ စီးပွားရေးလုပ်ငန်းရှင်များ၊ ပြည်သူများ၊ ကြည့်ရှုလေ့လာ ဝယ်ယူသူများဖြင့် အထူးစည်ကားလှသည်။

ယင်းပြပွဲတွင် ပြပွဲလာရောက်သူများအား ကံစမ်းမဲအစီအစဉ်အရ ကံထူးကံစမ်းမဲအမှတ်စဉ်(၄၄၉) အမှတ်(၄) ကျောင်းလမ်း(၆)လွှာ မင်္ဂလာတောင်ညွန့်နေ မဟေမာအောင်အား ကံထူးဆုငွေကျပ်တစ်သိန်းနှင့် ပြပွဲ၌ ပြခန်းအလှပဆုံး ခင်းကျင်းပြသသော လုံမေလက်ဖက်နှင့်အကြော်စုံ လုပ်ငန်းတို့အား Quartz International Co.,Ltd. မန်နေဂျင်း ဒါရိုက်တာ ဒေါ်မြသက်အေးက ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက်ပါဝင်ပြသသောကုမ္ပဏီလုပ်ငန်းများအား ဂုဏ်ပြုပန်းခြင်းများကို ပေးအပ်ကြောင်း သတင်းရရှိသည်။ **(ဝဲပုံ)** **(သတင်းစဉ်)**

ခန္ဓာကိုယ် အဆီချနည်းအထူးသင်တန်းဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၄

အမျိုးသမီးများအတွက် တတ်သင့်သောအလှပြင်နည်းပညာရပ်များနှင့် ခန္ဓာကိုယ် အချိုးအစားကျအောင် ထိုင်းနိုင်ငံမှ နာမည်ကြီးဝါရင့် ဆရာမကြီးများ ကိုယ်တိုင် ချေးချွတ်ခြင်း၊ ပေါင်းတင်ခြင်း၊ အဆီချခြင်းများကို စက်ဖြင့်၊ လက်ဖြင့် စနစ်တကျ တာဝန်ယူသင်ကြားပေးသည်။ လူဦးရေကန့်သတ်ထားသည်။ စိတ်ဝင်စားသူများနှင့် သင်တန်းတက်လိုသူများ SUDSUAI အမှတ် ၂၈၃၊ မြေညီထပ်၊ လမ်း ၄၀ ကျောက်တံတားမြို့နယ်၊ ဝါဝါသန်း အလှပြုပြင်ရေး အမှတ် ၆၈၊ မြေညီထပ် အနော်ရထာလမ်းနှင့် ဗိုလ်အောင်ကျော် လမ်းထောင့် ရန်ကုန်မြို့ ဖုန်း-၂၄၅၄၈၃နှင့် Cute Care Good Manufacturing Co., Ltd. အမှတ် (၅၅-စီ)၊ ရှင်စောပုလမ်း စမ်းချောင်းမြို့နယ် ရန်ကုန်မြို့သို့ ဆက်သွယ် စုံစမ်းနိုင်ကြောင်း သိရသည်။

(က-ပ)

သန်လျင်မြို့နယ် ဘုရားကုန်းကျေးရွာ အခြေခံမီးသတ်သင်တန်းဆင်းပွဲနှင့် ဝတ်စုံပေးအပ်ပွဲကို ဇန်နဝါရီ ၂၅ ရက်က ကျေးရွာရုံးခန်းမ၌ ပြုလုပ်ရာ သင်တန်းဆင်းလက်မှတ်များကို ကျေးရွာမီးသတ်တပ်ခွဲမှူး ဦးဖိုးထပ်က ပေးအပ်စဉ်။

(က-ပ)

ကွန်ပျူတာပရိုဂရမ်ရေးဆွဲနည်း သင်တန်းများဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၄

ကွန်ပျူတာနှင့်ပတ်သက်၍အခြေခံမှစတင်၍ လေ့လာလိုသူများအတွက် True Hope Computer Business Centreမှ ကွန်ပျူတာသင်တန်းများကို ဖွင့်လှစ်လျက်ရှိရာ ကွန်ပျူတာ အခြေခံသင်တန်းဖြစ်သော Office Automation Course ကို ဖေဖော်ဝါရီ ၉ရက်တနင်္လာနေ့မှစ၍လည်းကောင်း၊ Programming အခြေခံ Course ဖြစ်သော C/C++ Programming Course ကို ဖေဖော်ဝါရီ ၂၈ရက် စနေနေ့မှစ၍လည်းကောင်း၊ လုပ်ငန်းခွင်သုံး Programming Subject တစ်ခုဖြစ်သော Visual Basic Course ကို ဖေဖော်ဝါရီ ၁၉ရက် ကြာသပတေးနေ့မှစ၍လည်းကောင်း ဖွင့်လှစ်သင်ကြားမည်ဖြစ်သည်။

ရင်သွေးငယ်များအတွက် အထူးကွန်ပျူတာသင်တန်း Computer for Kidsကိုအိမ်အရောက် သင်ကြားပေးရန် အစီအစဉ်ရှိရာ အသေးစိတ်သိလိုပါက တိုက်အမှတ် (၇) အခန်း (၂၁) စံပြ ဖဆပလအိမ်ရာ၊ မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၅၀၃၅၂သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(က-ပ)

စုပေါင်းသန့်ရှင်းဆောင်ရွက်

မိုးညှင်း ဇန်နဝါရီ ၅

ကချင်ပြည်နယ် မိုးညှင်းမြို့ မြို့မစည်ပင်သာယာဈေးကြီးအတွင်း ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် စည်ပင်သာယာရေးဝန်ထမ်းများ၊ ဈေးသူဈေးသားများစုပေါင်း၍ ဒီဇင်ဘာ ၈ရက်က ဈေးအတွင်း ရေနုတ်မြောင်းတူးဖော်ခြင်းနှင့် ဈေးအတွင်းသန့်ရှင်းရေးတို့ကို ဆောင်ရွက်ကြကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

နွေရာသီအင်္ဂလိပ်စာ သင်တန်းဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၄

မူလတန်း၊ အလယ်တန်း၊ အထက်တန်း ကျောင်းသားကျောင်းသူများ လွယ်ကူစွာ သင်ယူနိုင်ရန်အတွက် ဆရာ ဦးကံညွန့်မောင် ကိုယ်တိုင် အင်္ဂလိပ်စာကို ရှင်းလင်းပြတ်သားစွာဖြင့် နွေရာသီတွင် သင်ပေးမည်ဖြစ်သည်။ ဆေးကျောင်း၊ စက်မှု၊ ကွန်ပျူတာ တက္ကသိုလ်များကို အမှတ်ကောင်းလိုသူများ၊ Top Tenစာရင်းဝင်လိုသူများ၊ အာဆီယံပညာတော်သင်ဆုမှန်းသူများသည် နွေရာသီသင်တန်းတွင် တက်ရောက်နိုင်ရန် အတွက် အမှတ် ၁၈၀ (ပထပ်)၊ ၃၈လမ်း (အလယ်)၊ ကျောက်တံတားမြို့နယ် ရန်ကုန်မြို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(က-ပ)

ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်

ဟိုပုံး ဇန်နဝါရီ ၁၀

ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုပုံးမြို့နယ် မိုင်းပျဉ်းကျေးရွာတွင် ဒီဇင်ဘာ ၁၅ရက်က ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲနှင့် စာအုပ်လှူဒါန်းပွဲကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ တက်ရောက်ကြပြီး ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အတွက် စာအုပ်ပေါင်း ၂၅၀အုပ် လှူဒါန်းကြသည်။

(မြို့နယ် ပြန်/ဆက်)

ဇန်နဝါရီ ၂၃ ရက်က စည်ပင်သာယာရေးဦးစီးဌာန(ရုံးချုပ်)ညွှန်ကြားရေးမှူး ဦးဝင်းမောင်နှင့် အဖွဲ့သည် ကျောက်တန်းမြို့နယ် စည်ပင်သာယာရေး အဖွဲ့က အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သောမြို့သန့်ရှင်းသာယာလှပရေး လုပ်ငန်းများ၊ ပျိုးဥယျာဉ်ထူထောင်ထားမှု၊ မြေခင်းအလှပြုပြင်ခြင်းလုပ်ငန်းများအား ကွင်းဆင်းကြည့်ရှု စစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကြည်တင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးလှိုင်အေး တို့က ရှင်းလင်းပြသကြစဉ်။ (က-ပ)

ရေတာရှည်မြို့နယ် သာဂရကျေးရွာမှ ဆင်ပေါင်ဝဲမြို့နယ် ကိုးပင်ကျေးရွာသို့ ဆက်သွယ်ဖောက်လုပ်ထားသော သာဂရ–ကိုးပင်ရိုးမဖြတ်ကျော်လမ်းဖွင့်

သာဂရ–ကိုးပင်လမ်းသည် ပဲခူးတိုင်း ရေတာရှည်မြို့နယ် သာဂရကျေးရွာမှ ပဲခူးရိုးမ တောင်ကြောများကို ဖြတ်ကျော်ပြီး မကွေးတိုင်း ဆင်ပေါင်ဝဲမြို့နယ် ကိုးပင်ကျေးရွာသို့ ဆက်သွယ်ဖောက်လုပ်ထားသည့် ရိုးမဖြတ်ကျော်လမ်းဖြစ်ကြောင်း။ ယင်းလမ်း၏

ဝင်ငွေ အများအပြား ရှာဖွေပေးနိုင်မည်ဆိုသည့် ပြည်သူများ၏ အမျိုးသား အကျိုးစီးပွား ဖြစ်ထွန်းစေရေး ရည်ရွယ်ချက်ဖြင့် ပင်ပန်း ကြမ်းတမ်းသည့် ဒဏ်များကို မမှုဘဲ မွန်မြတ်သော စေတနာဖြင့် ဖောက်လုပ်ပေးခဲ့ခြင်း ဖြစ်ကြောင်း၊ ဤလမ်းသည် မကွေး

ရန်ကုန် ဖေဖော်ဝါရီ ၄

သစ်တောရေးရာဝန်ကြီးဌာနက တာဝန်ယူဖောက်လုပ်ပြီးစီးသွားသည့် ပဲခူးတိုင်း (အရှေ့ပိုင်း) ရေတာရှည်မြို့နယ် သာဂရကျေးရွာမှ ပဲခူးရိုးမတောင်ကြောကို ဖြတ်ကျော်၍ မကွေးတိုင်း ဆင်ပေါင်ဝဲမြို့နယ် ကိုးပင်ကျေးရွာသို့ ဆက်သွယ်ဖောက်လုပ်ထားသော ခရီးမိုင် ၉၆မိုင် ၃ဖာလုံရှိ သာဂရ–ကိုးပင် ရိုးမဖြတ်ကျော်လမ်းဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၃၀ရက် နံနက်ပိုင်းက ရေတာရှည်မြို့နယ် သာဂရကျေးရွာ ဖိုးကျားတောင်ခြေစခန်းရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပသည်။

ရှေးဦးစွာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက အမှာစကား ပြောကြားရာတွင် ယနေ့ဖွင့်လှစ်သည့် သာဂရ–ကိုးပင် ရိုးမဖြတ်ကျော်လမ်းသည် ပဲခူးတိုင်း (အရှေ့) ရေတာရှည်မြို့နယ် သာဂရကျေးရွာမှ ပဲခူးရိုးမတောင်ကြောကို ဖြတ်ကျော်၍ မကွေးတိုင်း ဆင်ပေါင်ဝဲမြို့နယ် ကိုးပင် ကျေးရွာသို့ ဖောက်လုပ်ထားခြင်းဖြစ်ပြီး ခရီးမိုင်အားဖြင့်၉၆မိုင်၃ဖာလုံကွာဝေးကြောင်း နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ တာဝန်ပေးချက်အရ သစ်တောရေးရာဝန်ကြီးဌာနက ရှိပြီး သစ်တိုက်လမ်းတစ်ကြောင်းထိုး ဆက်သွယ်ဖောက်လုပ်ခဲ့သော လမ်းကို လမ်းအူကြောင်းအဖြစ် အခြေခံ၍ အဆင့်ဆင့် တစ်နှစ်ပြီးတစ်နှစ် တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ပဲခူးတိုင်းသာဂရမှ မကွေးတိုင်း ကိုးပင်သို့ ယခုဖွင့်လှစ်သည့် ပဲခူးရိုးမဖြတ်ကျော်လမ်းအတိုင်းသွားပါက ၉၆မိုင် ၃ဖာလုံသာရှိမည်ဖြစ်ကြောင်း၊ ပြည်–ရန်ကုန် ကားလမ်းမကြီးအတိုင်း ထောက်ကြံ့မှတစ်ဆင့် ရန်ကုန်–မန္တလေး လမ်းမကြီးအတိုင်း သွားမည်ဆိုပါက သာဂရမှ ကိုးပင်အထိ ၄၁၇ မိုင်ခန့် ရှိသည့်အတွက် ခရီးမိုင် ၃၂၀ ၅ဖာလုံခန့် သက်သာကြောင်း တွေ့ရှိရကြောင်း၊ ထို့အတူ သာဂရမှ ကိုးပင်သို့ ရန်ကုန်–မန္တလေး ကားလမ်းမကြီး အတိုင်း ပျဉ်းမနား– တောင်တွင်းကြီးမှ တစ်ဆင့်သွားပါက ၁၂၇မိုင် ၇ဖာလုံခန့် ဖြစ်သည့်အတွက် ခရီးမိုင် ၃၁မိုင် ၄ ဖာလုံသက်သာကြောင်းတွေ့ရကြောင်း၊ ထို့ကြောင့် ယင်းလမ်းမကြီးဖောက်လုပ်ကြီးများ၊ ဝိုင်းဝန်းကူညီခဲ့ကြသော ဒေသအာဏာပိုင်များနှင့် ပြည်သူများအား အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် ကျန်ရှိနေသေးသည့် တိုက်ကြီး–ဖောင်ကြီး–ပဲခူးရိုးမဖြတ်ကျော်လမ်းနှင့် လက်ပံတန်း–ဘုရားကြီး ပဲခူးရိုးမဖြတ်ကျော်လမ်းများကိုလည်း ဒေသခံပြည်သူများ အပါအဝင် တာဝန်ရှိသူများ အားလုံးက ကြိုးစားဆောင်ရွက်ဖောက်လုပ်သွားကြရန်၊ ယခုဖွင့်လှစ်သည့် လမ်းမကြီးကိုလည်း အရှည်တည်တံ့ခိုင်မြဲအောင် မိမိတို့အကျိုး၊ ဒေသအကျိုး၊ နိုင်ငံအကျိုးကို မျှော်မှန်းပြီး ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သွားကြပါဟု တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားသွားသည်။

ဆက်လက်၍နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသော ဒုတိယဗိုလ်ချုပ်ကြီး



သာဂရ–ကိုးပင် ပဲခူးရိုးမဖြတ်ကျော်လမ်းပြ မြေပုံကို တွေ့ရစဉ်။ (သတင်းစဉ်)

ရဲမြင့်နှင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူးများဖြစ်ကြသော ဗိုလ်ချုပ်ရဲမြင့်နှင့်ဗိုလ်မှူးချုပ်ကိုကို၊ ဝန်ကြီးများနှင့် အဖွဲ့ဝင်များသည် လမ်းဖွင့်ပွဲကျင်းပမည့် မှန်ဦးသို့ သွားရောက်နေရာယူကြသည်။

ထို့နောက် မင်္ဂလာအချိန်ကျရောက်သည်နှင့် ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တောင်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်ကိုကို၊ ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စောထွန်းနှင့် သစ်တောရေးရာ ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်တို့က ဖဲကြိုးဖြတ်၍ သာဂရ–ကိုးပင် ရိုးမဖြတ်ကျော်လမ်းကို ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့်အဖွဲ့ဝင်များသည် သာဂရ–ကိုးပင်ရိုးမဖြတ်ကျော်လမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ထွက်ခွာလာကြရာ မွန်းလွဲ ၁၂ နာရီ ၃၅ မိနစ်တွင် သာဂရ–ကိုးပင်ရိုးမဖြတ်ကျော်လမ်း(ကိုးပင်ဘက်ခြမ်း) ဖွင့်ပွဲအခမ်းအနားကျင်းပမည့် မကွေးတိုင်း ဆင်ပေါင်ဝဲမြို့နယ် ကိုးပင်ကျေးရွာအနီးရှိ မင်္ဂလာမဏ္ဍပ်သို့ ရောက်ရှိကြသည်။

သာဂရ–ကိုးပင်ရိုးမဖြတ်ကျော်လမ်း(ကိုးပင်ဘက်ခြမ်း) ဖွင့်ပွဲအခမ်းအနားကို မွန်းလွဲ ၁၂ နာရီမိနစ် ၅၀ တွင် ကျင်းပရာ ရှေးဦးစွာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က အမှာစကား ပြောကြားရာ၌–

သာဂရ–ကိုးပင် ပဲခူးရိုးမဖြတ်ကျော်လမ်း(ကိုးပင်ဘက်ခြမ်း)ကို ဖဲကြိုးဖြတ် ဖွင့်လှစ်အပြီး တွေ့ရစဉ်။ (သတင်းစဉ်)

ပဲခူးတိုင်း၊ သာဂရဘက်ခြမ်းကို နံနက်ပိုင်းက ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ဖွင့်လှစ်ပေးခဲ့ပြီး ဖြစ်သည့်အတွက် ယခုမကွေးတိုင်း ကိုးပင်ဘက်ခြမ်းကို မိမိက ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း။

ကြန့်ကြာခဲ့

ယခုကဲ့သို့ အရှေ့နှင့်အနောက် သွယ်တန်းထားသည့် လမ်းများကို ဖောက်လုပ်လာသည်နှင့်အမျှ ဒေသတစ်ခု၏ အရှေ့ခြမ်းနှင့် ဒေသတစ်ခု၏ အနောက်ခြမ်းတို့သည် အချိန်တိုတို ခရီးနီးနီးဖြင့် အသွားအလာလွယ်ကူတော့မည်ဖြစ်ကြောင်း။ ယခင်ကဆိုလျှင် ပဲခူးတိုင်းအရှေ့ခြမ်းနှင့် ပဲခူးတိုင်းအနောက်ခြမ်း၊ ပဲခူးတိုင်း အရှေ့ခြမ်းနှင့် မကွေးတိုင်းတို့ အကြားဆက်သွယ်သွားလာရာတွင် ရန်ကုန်–ထောက်ကြံ့ဘက်မှဖြစ်စေ၊ မိတ္ထီလာ–သာစည်ဘက်မှဖြစ်စေ ရှည်လျားစွာကွေ့ပတ်သွားခဲ့ရသည့်အတွက် အချိန်ကုန် လူပန်းပြီး စရိတ်စကများစွာ ကုန်ကျခဲ့ရသည့်အပြင် ကုန်စည်စီးဆင်းမှုသည်လည်း နှောင့်နှေး ကြန့်ကြာခဲ့သည်ကို အားလုံး အသိပင်ဖြစ်ကြောင်း။

အတားအဆီးများ

ယခုဆိုလျှင် ယင်းအခက်အခဲ အတားအဆီးများကို ဖြတ်ကျော်နိုင်ရန် ရိုးမဖြတ်ကျော်လမ်းများ ဖောက်လုပ်ပေးခဲ့ကြောင်း။

ယနေ့ ဖွင့်လှစ်လိုက်သည့် သာဂရ–ကိုးပင် ရိုးမဖြတ်လမ်း၏ ထူးခြားမှုမှာ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း သုံးတိုင်းကိုဖြတ်သွားသည့်လမ်းဖြစ်ကြောင်း၊ ယင်းလမ်းအပြင် မကွေးတိုင်း၊ မန္တလေးတိုင်းကို ဖြတ်၍ ဆက်သွယ်ထားသည့် အရှေ့အနောက်လမ်းများကို ကြည့်လျှင် ပျဉ်းမနား–တောင်ညို–တောင်တွင်းကြီးလမ်း၊ ပျော်ဘွယ်–ရွာမွန်–နတ်မောက်–မကွေးလမ်းများသည်လည်း ကတ္တရာ လမ်းအဆင့်ထိ တိုးတက်ပြီး အများ ပြည်သူလွယ်ကူစွာ သွားလာနိုင်ပြီဖြစ် ကြောင်း၊ ထို့အပြင် တောင်မြောက်လမ်းများအနေဖြင့်နတ်မောက်–ရွာမွန်–ဇရပ်ကွင်း–ကျောက်ပန်းတောင်းလမ်း၊ နတ်မောက်–ရွာမွန်–ဇရပ်ကုန်း–ပြင်စီ(နွားထိုးကြီး) ကားလမ်းများလည်းဖောက်လုပ်ပြီးဖြစ်သည့် အပြင် ရွာမွန်–ကျောက်ပန်းတောင်းလမ်းသည် ကတ္တရာ လမ်းအဆင့်ထိ တိုးမြှင့်ပြီးဖြစ်ကြောင်း။

ယင်းလမ်းကြီးဖောက်လုပ်ခြင်းဖြင့် ဒေသနှစ်ခု ဖွံ့ဖြိုးတိုးတက်လာမည်၊ ဒေသနေ ပြည်သူများသွားလာရေး၊ ဆက်သွယ်ရေးလွယ်ကူသည်နှင့်အမျှ စားဝတ်နေမှု ဖူလုံလာမည်၊ နောက်ပြီး ရိုးမတစ်ကြော၌ရှိသည့် သစ်နှင့် သစ်တောထွက်သယံဇာတများကိုဤလမ်းကနေတစ်ဆင့် ထုတ်ယူနိုင်ပြီး နိုင်ငံ

တိုင်းဘက်ခြမ်း ကိုးပင်မှ နယ်ခြားဆုံရပ်အထိ ၄၆ မိုင်ကျော်ကျော် ရှိကြောင်း။

နယ်ခြားဆုံရပ်ကနေ ပဲခူးတိုင်း သာဂရအထိ မိုင် ၅၀ကျော်ရှိကြောင်း၊ လောလောဆယ်တွင် မြေသားလမ်းသာ ဖြစ်သော်လည်း မကြာမီတွင် ကျောက်လမ်း၊ ကတ္တရာလမ်းအဖြစ် တစ်ဆင့်ပြီးတစ်ဆင့် တိုးမြှင့်ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း၊ ယခုဤလမ်းမကြီးကို ဖွင့်လှစ်လိုက်သည့်အတွက် ကားလမ်းကြောင်း ဝဲယာနှင့် အတွင်းပိုင်းကျသည့် ကျေးရွာများမှ ကျေးလက်နေပြည်သူများသည် ဤလမ်းကို အသုံးပြုပြီး ဤလမ်းကတစ်ဆင့် ကူးသန်းသွားလာကြခြင်းဖြင့် ဒေသထွက်ကုန် စပါး၊ မြေပဲ သီးနှံများကို မြို့သို့ အလွယ်တကူ တင်ပို့နိုင်မည်ဖြစ်ကြောင်း၊ ထို့အတူပင် ပဲခူးရိုးမတစ်ကြောတွင်ရှိသည့် အဖိုးတန်ကျွန်းနှင့်သစ်မာများကိုလည်း ဤလမ်းကနေပြီး အလွယ်တကူထုတ်လုပ်နိုင်တော့မည်ဖြစ်ကြောင်း၊ ယင်းဒေသတွင်းတွင်ရှိသည့် ဒေသခံပြည်သူလူထု၏ လူနေမှု ဘဝသည်လည်း ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း။

ကောင်းမွန်အောင်

နိဂုံးချုပ်အနေဖြင့် ဤသာဂရ–ကိုးပင် ရိုးမဖြတ်ကျော်လမ်းကို အောင်မြင်အောင် ဖောက်လုပ်ပေးခဲ့သည့် သစ်တောရေးရာဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အင်ဂျင်နီယာများ၊ ဝန်ထမ်းများ၊ လုပ်သားကြီးများ၊ ဒေသအုပ်ချုပ်ရေးအဆင့်ဆင့်မှ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများအားလုံးကို အထူးကျေးဇူးတင် ဂုဏ်ပြုရင်းဖြင့် ဤလမ်းကြီး အရှည်တည်တံ့အောင်၊ ယခုထက် ပိုမိုကောင်းမွန်အောင် ဝိုင်းဝန်း ကြိုးပမ်းထိန်းသိမ်းကြစေလိုကြောင်းဖြင့် ပြောကြားသွားသည်။

ယင်းနောက် သစ်တောရေးရာဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က သာဂရ–ကိုးပင် ရိုးမဖြတ်ကျော်လမ်းနှင့်ပတ်သက်သောစာရွက်စာတမ်းများကိုဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စောထွန်းထံ လွှဲပြောင်းပေးအပ်သည်။

ဖွင့်လှစ်ပေး

ယင်းနောက် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ရဲမြင့်၊ ဆောက်လုပ်ရေး ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စောထွန်းနှင့် သစ်တောရေးရာဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်တို့က ဖဲကြိုးဖြတ်၍ သာဂရ–ကိုးပင် ရိုးမဖြတ်ကျော်လမ်း (ကိုးပင်ဘက်ခြမ်း)ကို ဖွင့်လှစ်ပေးလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပိုမိုပြေပြစ်သော၊အတက်အဆင်း နည်းသော ပေ ၃၀အကျယ် မြေသားလမ်းအဖြစ် ပြုပြင်ဖောက်လုပ်ခဲ့ခြင်း ဖြစ်ကြောင်း၊ ယင်းလမ်းမကြီး၏ အရှေ့ခြမ်း သာဂရ/ဆုံရပ်အပိုင်းတွင် မိုင်တိုင်အမှတ် (၇)၌ အရှည် ပေ၅၀၊ အကျယ် ၁၆ပေရှိ သစ်သားတံတားတစ်စင်းကိုလည်း ထည့်သွင်းတည်ဆောက်ပေးခဲ့ရကြောင်း၊ ယင်းလမ်းသည် နိုင်ငံတော်က ဖောက်လုပ်ရန် လမ်းညွှန်စီမံထားသည့် ပဲခူးရိုးမဖြတ်ကျော် ကားလမ်းမကြီး ငါးခုဖြစ်သော အုတ်တွင်း–ပေါက်ခေါင်းလမ်း ၈၉မိုင် ၃ဖာလုံ၊ မြို့ချောင်း–စိန်ကန့်လန့်လမ်း မိုင်၇၀ ၂ဖာလုံ၊ကိုးပင်–သာဂရလမ်း ၉၆မိုင် ၃ဖာလုံ၊ လက်ပံတန်း–ဓောင်းတူ–ဘုရားကြီးလမ်း ၉၉မိုင် ၁ဖာလုံ၊ တိုက်ကြီး–ပဲခူးလမ်း ၄၂မိုင် ၅ဖာလုံ တို့အနက် တစ်ခု အပါအဝင် ဖြစ်ကြောင်း၊ ယင်းလမ်းသည် အုတ်တွင်း–ပေါက်ခေါင်းလမ်းနှင့် မြို့ချောင်း စိန်ကန့်လန့်လမ်းများ ဖွင့်ပြီးသည့်နောက် တတိယမြောက် ဖောက်လုပ်ပြီး ဖွင့်လှစ်သောလမ်းလည်းဖြစ်ကြောင်း၊ ယခု သာဂရ–ဖိုးကျားအကြား ၁၀မိုင် ၁ ဖာလုံသာ ကျောက်ခင်းလမ်း ဖြစ်ပြီး ကျန်အပိုင်းများမှာ မြေသားလမ်းအဆင့်သာရှိပြီး နွေရာသီသွားလမ်းအဖြစ်သာ ဖွင့်လှစ်ပေးခြင်း ဖြစ်ကြောင်း၊ ထိုမှတစ်ဆင့် ကျောက်လမ်း၊ ကျောက်ချောလမ်း၊ ကတ္တရာလမ်း

ဖွင့်လှစ်ပေးလိုက်ခြင်းကြောင့် အချိန်ကုန် သက်သာသည့်အပြင် အစစအရာရာ တိုးတက်လာပြီး ကားလမ်းကြောင်း၏ ဝဲယာတွင်ရှိသည့် ကျေးရွာများ အားလုံးသည်လည်း ပိုမို ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ထို့အပြင် နိုင်ငံတော်အတွက် တန်ဖိုးရှိသော ကျွန်းသစ်နှင့် သစ်မာများကိုလည်း ဤလမ်းမကြီးကို အသုံးပြုပြီး အလွယ်တကူ လျင်မြန်စွာ ထုတ်ယူနိုင်တော့မည် ဖြစ်ကြောင်း။

ဖွံ့ဖြိုးလာမည်

ဤဖိုးကျားစခန်းသည် Eco-Tourismအဖြစ်သဘာဝကို အခြေခံသည့် ခရီးသွားလုပ်ငန်း စခန်းအဖြစ် ဖွင့်လှစ်တည်ထောင်ထားပြီးဖြစ်သည့်အတွက် မကြာမီကာလတွင် ပြည်တွင်းက တိုင်းရင်းသားများသာမက နိုင်ငံခြားသားများပါ ဤခရီး ဤလမ်းကို အသုံးပြုတော့မည် ဖြစ်သည့်အတွက် ဤဒေသ၏ စီးပွားရေး၊ လူမှုရေး၊ အခြေအနေများသည်လည်း တစ်ဆင့်ပြီး တစ်ဆင့် ဖွံ့ဖြိုးလာမည်ဖြစ်ကြောင်း။ နိဂုံးချုပ်အနေဖြင့် သာဂရ–ကိုးပင် ရိုးမဖြတ်လမ်းမကြီးကို အချိန်တိုအတွင်း အောင်မြင်ပြီးစီးအောင် ဖောက်လုပ်ခဲ့သည့် သစ်တောရေးရာဝန်ကြီး ဌာနမှ ဝန်ကြီးနှင့် တာဝန်ရှိ ပုဂ္ဂိုလ်များ၊ စက်ယန္တရားကြီးများဖြင့် နေ့ရောညပါ ဖောက်လုပ်ပေးခဲ့ကြသော အင်ဂျင်နီယာများ၊ ဝန်ထမ်းများ၊ လုပ်သား

ရိုးမဖြတ်ကျော်လမ်းများပြ မြေပုံကို တွေ့ရစဉ်။ (သတင်းစဉ်)



လက်ထပ်မင်္ဂလာကျေးဇူးတင်လွှာ

မကွေးမြို့၊ ရွာသစ်ရပ်၊ ပြည်တော်သာလမ်းနေ
ဦးအောင်ခိုင်–ဒေါ်သန်းသန်းမြင့် (ရွှေသရဖူရွှေဆိုင်နှင့် ပါဝါစတိုး)တို့၏သား
မောင်သက်ခိုင်ဦး B.Sc (Physics), M.I.Sc (UCSM) နည်းပြ
(Government Computer College, Magway) နှင့်
မကွေးမြို့၊ ရွာသစ်ရပ်၊ ၁၆ လမ်းနေ
ဦးမြလှိုင်–ဒေါ်ရွှေစီ(ကုန်သည်)တို့၏သမီး
မထက်ထက်လှိုင် 3rd Year Computer
(Government Computer College, Magway)
တို့၏ ၄–၂–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့)တွင် မြို့တော်ခန်းမ၌ကျင်းပပြုလုပ်သော လက်ထပ်မင်္ဂလာညစာစားပွဲအခမ်းအနားသို့ ကြွရောက်ချီးမြှင့်ကြသော ဂုဏ်သရေရှိလူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့် သူငယ်ချင်းများအားလုံးကို လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်သက်ခိုင်ဦး–မထက်ထက်လှိုင်။

ဒေါ်ကြွနွဲ့ဝတီ၏ ၇၅နှစ်ပြည့် စိန်ရတုမွေးနေ့မင်္ဂလာ

မော်လမြိုင်မြို့ မောင်ငံရပ် မြသီတာ သီလရှင်စာသင်တိုက်ကြီး၏ ပဓာနနာယကဆရာတော်ကြီးဖြစ်သော ဒေါ်ကြွနွဲ့ဝတီ၏ မွေးနေ့မင်္ဂလာအခမ်းအနားကို ၅–၂–၂၀၀၄ ရက်မှ ၈–၂–၂၀၀၄ရက်အထိ ကျင်းပမည်ဖြစ်ပါကြောင်း၊ တပည့်ယောဂီများ၊ ဒါယကာ၊ ဒါယိကာမများ ပူဇော်ကန်တော့နိုင်ရန် ဖိတ်ကြားအပ်ပါသည်။ **မြသီတာသီလရှင်စာသင်တိုက် မောင်ငံရပ်၊ မော်လမြိုင်**

အမည်ပြောင်း

ဦးခင်မောင်ရင်–ဒေါ်သီသီစိုးတို့၏သား မောင်ချမ်းငြိမ်းအောင်အား မောင်ကျော်သူစိုးဟု ပြောင်းလဲ ခေါ်ပါရန်။

မောင်ကျော်သူစိုး

ဟောချက်က ဒက်တိ လုပ်ဆောင်ချက်က ကွက်တိ ဓာတ်ရိုက် ဓာတ်ဆင် လက္ခဏာဗေဒင်

လမင်းသာ ဦးမျိုးအောင် ဗေဒင်လက္ခဏာ

၁ ရက်မှ ၂၅ ရက်အထိ
အမှတ်–၆၊ လမ်း ၁၄၀၊ မအူကုန်း၊ ရန်ကုန်၊ ဖုန်း–၂၀၂၄၂၄
၂၆ ရက်မှ လကုန်အထိ၊ အမှတ်–၄၁၄၊ မရမ်းကုန်းရပ်၊မော်လမြိုင်မြို့

အမည်ပြောင်း ဦးကိုကိုကြီး၏သား အထက(၄)ကျိုင်းတုံသူငယ်တန်း(ဂ)မှ မောင်ဝင်းသူရထွန်းအား မောင်ရဲဘုန်းမြင့်ဟု ခေါ်ပါရန်။ **မောင်ရဲဘုန်းမြင့်**

အမည်ပြောင်း ဦးညွန့်ဝင်း–ဒေါ်ယဉ်ယဉ်ပြုံးတို့၏သား အမက(၁)ဒဂုံ ဒုတိယတန်းမှ မောင်ပြုံးလင်းညွန့်အား မောင်မင်းဘုန်းညွန့်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်မင်းဘုန်းညွန့်**



ဝမ်းမြောက်ဂုဏ်ပြုခြင်း

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အမိန့်ကြော်ငြာစာအမှတ်(၂/၂၀၀၄) ဖြင့် စီမံထူးချွန် (တတိယဆင့်) ချီးမြှင့်ခံရသူ ပုလောမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစံငွေအား ဝမ်းမြောက်ဂုဏ်ယူကြောင်းနှင့် ဆတက်ထမ်းပိုး နိုင်ငံ့အကျိုးများ သယ်ပိုးလုပ်ဆောင်နိုင်ပါစေ ဟု ဆုမွန်ကောင်းတောင်းပါသည်။

အမှုဆောင်အဖွဲ့ပုလောမြို့
ပုလောမြို့နယ်အသင်း (ရန်ကုန်)

နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးစီးခြင်း

သထုံမြို့နေ ကျွန်တော် မောင်မောင်စိန်(ဘ)ဦးစုစိန် TTN/၁၂၅၈၈၅ နှင့် သိမ်ဆိပ်ကျေးရွာနေ ကျွန်မ မယုယုခိုင်(ဘ)ဦးကြွက်နီတို့သည် သဘောချင်း မတိုက်ဆိုင်ပါသဖြင့် ၂၁–၁၂–၂၀၀၃ ရက်တွင် နှစ်ဦးသဘောတူ ကွာရှင်း ပြတ်စဲပြီးကြောင်း အများသိစေအပ်ပါသည်။ **ဦးမောင်မောင်စိန်**



ဝမ်းနည်းကြေကွဲခြင်း

ကိုမောင်မောင်နိုင်
(Dir-Everloyal Co., Ltd.)

မယ်ဇလီပင်လမ်း ဆွမ်းကြီးလောင်းအဖွဲ့ နာယက
အသက်(၃၉)နှစ်

၃၁–၁–၂၀၀၄ရက်က ကွယ်လွန်ကြောင်း ကြားသိရသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

မယ်ဇလီပင်လမ်း ဆွမ်းကြီးလောင်းအဖွဲ့။

ဒေါ်တင်တင် (ပခုက္ကူ)
အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဦးဝိစာရအိမ်ရာ၊ တိုက် ၁၅၊ အခန်း ၁၁ နေ (ဦးကျော်ဒွန်း–ဒေါ်သီ)တို့၏သမီး၊ (အငြိမ်းစားတိုင်းမင်းကြီး ဦးတင်မောင်)၏ဇနီး၊ အငြိမ်းစား ဒုတိယဗိုလ်မှူးကြီး ပါမောက္ခ ဒေါက်တာဦးလှမင်း(တပ်မတော်ဆေးရုံကြီး၊ မင်္ဂလာဒုံ)–ဒေါ်ခင်ခင်အေး၊ (Mr. Nagai)–ဒေါ်ခင်ခင်သိန်း၊ ဦးအေးကို၊ (ဦးဇော်သက်)–ဒေါ်ခင်ခင်ထွေးတို့၏မိခင်၊ မြေးခုနစ်ယောက်၊ မြစ်နှစ်ယောက်တို့၏အဘွားသည် ၃–၂–၂၀၀၄ရက် နံနက် ၈း၁၅ နာရီတွင် ကန်တော်ကြီး ကန်သာယာဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပြီဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

အလ္လာရှင်မြတ်အမိန့်တော်ခံယူခြင်း

ဦးဘရီ(ခ)အပွဒူကရင်မ်
(ရွှေကျင်–ကျွဲတဲရပ်)
သတင်းစာကိုယ်စားလှယ်
အသက်(၈၁)နှစ်

ရန်ကုန်တိုင်း၊ ပုဇွန်တောင်မြို့နယ်၊ အိုးဘိုလမ်း၊ အမှတ် ၅/၇ နေ ဒေါ်ရှရီ၏ခင်ပွန်း၊ ကိုသက်ရှည်၊ ကိုစိန်မောင်၊ မကြည်ကြည်၊ မရီရီ၊ မသီသီ၊ မခင်ခင်ထွေးတို့၏ဖခင်သည် ၃–၂–၂၀၀၄ရက် နံနက် ၂း၃၀ နာရီတွင် အလ္လာရှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ညနေ ၄ နာရီတွင် ရေဝေးစွန်နီကဘာရ်စတန်၌ဒါဖနာပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

အလ္လာရှင်မြတ်အမိန့်တော်ခံယူခြင်း

ဦးအေကယွန်း
(Admint T.T.F Co.,)
အသက်(၇၄)နှစ်

ရန်ကုန်မြို့၊အမှတ် ၁၈၃၊ ၃၁ လမ်း၊ ပန်းဘဲတန်းနေ (အပွဒူလ်ဝါဟပ်–ဒေါ်ဗသွတ်လ်ဘီ)တို့၏သားကြီး၊ ဒေါ်ဘီဘီ၏ခင်ပွန်း၊ ဦးအေဟိုက်–ဒေါ်ခင်မာလွင်၊ မရဲနပ်စ်၊ မောင်နအင်း၊ မရှာဟင်း၊ မောင်နဒင်တို့၏ဖခင်၊ မြေးသုံးယောက်တို့၏အဘိုးသည် ၁–၂–၂၀၀၄ ရက် မွန်းလွဲ၂း၄၅ နာရီတွင် အလ္လာရှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ညနေ ၆ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင် ဒါဖနာပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း

Tg.Tuang Za Khai (ခ) ကိုခိုင်နိုး
(Kei Zaang)
အသက်(၃၃)နှစ်

ရန်ကုန်တိုင်း၊ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ (၂၉)ရပ်ကွက်၊ နွယ်သာကီလမ်း၊ အမှတ် ၃၄ နေ Pa Cin Tuan (အကောက်ခွန်၊ ငြိမ်း)–Nu Huai Khan Cing တို့၏ တတိယမြောက်သား၊ Lut Khaw Thang၊ Zam Khan Ciin၊ Khoi Khan Niang၊ Thang Suan Nginတို့၏ညီ/မောင်၊ S.Chin Lian Mang၊ Kham Suan Dal (ခ) ကိုဒါးလ်၊ Sian Hon Thangတို့၏အစ်ကိုသည် ၃–၂–၂၀၀၄ရက် (အင်္ဂါနေ့) ည ၇း၃၀ နာရီတွင် အထက်ပါနေအိမ်တွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၆–၂–၂၀၀၄ရက် (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေး ခရစ်ယာန်ဂိုဏ်းပေါင်းစုံခန်းမဆောင်၌ဝတ်ပြုကိုးကွယ်ပြီးဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(ကုန်သည်လမ်းနှင့် ရွှေဘုံသာလမ်းထောင့် Full Gospel Asembly နှင့် မ/ဒဂုံ၊ မန္တလေးမှတ်တိုင်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

မောင်လှဝင်း(ခ) လျှိုဝေခိုင်
CDC. 34413
Second Mate
(လားရှိုး)
အသက်(၃၁)နှစ်

လားရှိုးမြို့၊ ရပ်ကွက်(၃)၊ ကြာဖြူလမ်း၊ အမှတ် ၁၅၄ နေ (ဦးလျှိုမူဝါ–ဒေါ်အိ)တို့၏သားထွေး၊ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ပန်းလှိုင်အိမ်ရာ၊ တိုက် ၃၊ အခန်း ၂နေ ကိုဝင်းဖေ၊ မမေကွန်–ကိုစောနိုင်၊ မမေဟန် (ဟိန်းမြန်မာ Co., Ltd.)၊ ကိုဝင်းအောင်–မဝင်းဝင်းမော်၊ ကိုကျော်ဆွေဝင်းတို့၏ညီ/မောင်၊ တူမ လေးယောက်တို့၏ဦးလေးသည် ၄–၂–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၀၀း၃၀ နာရီတွင် ကြည့်မြင်တိုင်မြို့နယ် ပန်းလှိုင်အိမ်ရာ နေအိမ်၌ ကွယ်လွန်ပါ၍ ၆–၂–၂၀၀၄ရက် (သောကြာနေ့) ညနေ ၃ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဆင်ဖြူကျွန်းဦးတင်ဆောင်(ခ) သိပ္ပံဆရာမင်းတင်
အသက်(၇၀)

ဆင်ဖြူကျွန်းမြို့နေ (ဦးထွန်းအိမ်–ဒေါ်စန်းကြည်)၊ ဝါးခယ်မမြို့နေ (ဦးတင်အောင်)–ဒေါ်ကျင်အေးတို့၏ သားသမက်၊ တောင်ဥက္ကလာပမြို့နယ်၊ သူရ ၆ လမ်းနေ ဦးကျော်မြင့်–ဒေါ်ပြုံးပြုံးခိုင်တို့၏တူ၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၄၇) ရပ်ကွက်၊ အမှတ် ၄၅၊ ဘုရင့်နောင်လမ်းမနေ ဒေါ်ထားထားဦး၏ ခင်ပွန်း၊ ဦးတင်မြင့်ခိုင်၊ ဒေါ်သင်းသင်းမိုး၊ ဦးသန်းထွေး–ဒေါ်သင်းသင်းစိုး၊ ဦးလှမျိုးခိုင်တို့၏အစ်ကို၊ မောင်ကျော်မိုးနိုင်(ခ)မိုးမိုး၊ မမြသီတာ၊ မောင်မင်းခန့်ကိုကိုတို့၏ဖခင်သည် ၁–၂–၂၀၀၄ရက် (တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် ကွယ်လွန်သွားပါ၍ ၅–၂–၂၀၀၄ရက် (ကြာသပတေးနေ့)တွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဦးစိုးတင့် (B.Com)
စာရင်းကိုင်ချုပ်၊ဒဂုံအင်တာနေရှင်နယ်
(လမ်းတံတား)
စာရင်းစစ်မှူး(ငြိမ်း)၊အင်းစိန်စာရင်းရုံး
အသက်(၅၆)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၃)ရပ်ကွက်၊ ၃ လမ်း၊ အမှတ် ၂၅ နေ ဗိုလ်မှူးအောင်ခိုင်(ငြိမ်း)–ဒေါ်မြမြသန်းတို့၏သားကြီး၊ (ဦးမောင်ရှိန်–ဒေါ်ခင်နွေး)တို့၏သားသမက်၊ မင်္ဂလာဒုံမြို့နယ်၊ အမှတ် ၃၊ မာလာလမ်း၊ စမ်းကြီး၀ ရပ်ကွက်နေ ဒေါ်ခင်သန်းခိုင်–ဦးတင်ဝင်း၊ တကကက/စရ ဦးသီဟ–ဒေါ်ဌေးဌေး၊ ဦးကျော်ထွန်း၊ (ဦးတင်အောင်စိုး)၊ ဦးဇော်စိုးလင်း–ဒေါ်မာမာထွေး၊ ဦးကျော်သူရ–ဒေါ်နီနီထွန်းတို့၏ အစ်ကိုကြီး၊ (ဦးအောင်ကြင်)–ဒေါ်ခင်ဆွေဝင်းတို့၏ညီ၊ (ဦးကျင်စိန်)–ဒေါ်ညွန့်ညွန့်ရှိန် (Y.C.D.C၊ အင်/ယာ ရေသန့်)၊ ဒေါ်ကြည်ကြည်ရှိန် (Y.C.D.C၊ စစ်ဆေးရေးဌာန)၊ ဦးဟန်ဆွေ၊ ဦးစိုးနန္ဒာ–ဒေါ်ခင်မာရှိန်တို့၏ မောင်/အစ်ကို၊ ဒေါ်တင်တင်ရှိန်၏ခင်ပွန်း၊ မောင်ထွန်းထွန်းအောင်–မဝါဝါမေတို့၏ဖခင်၊ တူ တူမ ၁၄ ယောက်တို့၏ ဘကြီးသည် ၄–၂–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၄း၁၅ နာရီတွင် ရန်ကုန်ဆေးရုံကြီး အဆုတ်နှင့်ရင်ခေါင်းဌာန၌ ကွယ်လွန်သွားပါ၍ ၆–၂–၂၀၀၄ရက် (သောကြာနေ့)ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

မင်းပြားမြို့နယ်အသင်း

ဦးမောင်စောသိန်း
စာတိုက်မှူး(မင်္ဂလာဒုံလေဆိပ်)
အသက်(၄၉)နှစ်

မင်းပြားမြို့နယ်အသင်း(ရန်ကုန်)၏ အသင်းဝင် ဦးမောင်စောသိန်း(စာတိုက်မှူး၊ မင်္ဂလာဒုံလေဆိပ်)သည် ဆယ်မိုင်ကုန်းနေအိမ်၌ ၃–၂–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၅–၂–၂၀၀၄ ရက်(ကြာသပတေးနေ့)မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ အသင်းသူ အသင်းသားများလိုက်ပါပို့ဆောင်ကြပါရန်။(နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) အမှုဆောင်အဖွဲ့။

ကိုဆန်နီ(ခ)ကိုထင်အောင်
(မော်လမြိုင်ကျွန်း)
ပြည်တွင်းအခွန်ဦးစီးဌာန
အသက်(၄၃)နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ (၁၆/၂)ရပ်ကွက်၊ အေးရတနာလမ်း၊ အမှတ် ခ/၄၇၉ နေ(ဦးမြအေး–ဒေါ်လှမြင့်)တို့၏သားသည် ၄–၂–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၁ နာရီတွင် သဃ်န်းကျွန်း စံပြဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၆–၂–၂၀၀၄ရက်(သောကြာနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးကျော်စိန် (ကညွတ်ကွင်း)
အသက်(၈၅)နှစ်

ဖြူးမြို့နယ်၊ ကညွတ်ကွင်းမြို့နှင့် ရန်ကုန်မြို့၊ လမ်း ၅၀၊ အိမ်အမှတ် ၁၁၁ နေ (ဦးချမ်းသာ–ဒေါ်ရင်)တို့၏ သားကြီး၊ ဒေါ်သန်း၏မောင်၊ (ဦးခင်မောင်) (အဖွဲ့ဝင်၊ ကုန်သွယ်ရေး–၅)–(ဒေါ်ရှုကြည်)၊ (ဦးခင်ဇော်)–ဒေါ်လှညွန့်၊ ဦးစိန်အောင်(ငွေစာရင်းမန်နေဂျာ၊ ကုန်သွယ်/လယ်ယာ၊ ငြိမ်း)–ဒေါ်စန်းကြည်(အထပြ၊ ငြိမ်း)၊ (ဦးသောင်းစိန်)–ဒေါ်မြင့်မြင့်၊ ဦးထွန်းဦး–ဒေါ်အုံးကြည်၊ ဦးကြည်ဝင်း–ဒေါ်အုန်းရီ၊ ဦးအောင်မြင့်(ဌာနမန်နေဂျာ၊ရန်ကုန်တိုင်း၊ကုန်သွယ်/လယ်ယာ၊ငြိမ်း)–ဒေါ်မြမြဝေ(မန်နေဂျာ၊ မြန်မာ့ကုန်တိုက်၊ ငြိမ်း)၊ ဒေါက်တာစိုးလွင်–ဒေါ်နီနီ၊ ဒေါ်ခင်အေးတို့၏ အစ်ကိုကြီး၊ ဦးကျော်ဇေယျ–ဒေါက်တာလှစိန်ဝေ၊ ဦးရန်နိုင်ထွန်း–ဒေါ်ခင်ဝင်းမာ၊ ဦးထွန်းလှအောင်–ဒေါ်ခင်မာလာ၊ ဦးညီညီလွင်–ဒေါ်ညီညီခင်၊ တူ တူမ ၂၁ ယောက်တို့၏ဘဘကြီး၊ မြေး ၁၈ ယောက်တို့၏ဘိုးဘိုးကြီးသည် ၄–၂–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၄း၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၆–၂–၂၀၀၄ရက် (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

အရာခံဗိုလ်ခင်မောင်လင်း (ငြိမ်း)
(ရွှေမန်းသူ သယ်ယူပို့ဆောင်ရေး)
အသက်(၆၃)နှစ်

ထားဝယ်မြို့နေ (ဦးထွန်းမြိုင်–ဒေါ်အင်းသား)တို့၏သား၊တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ စစ်ကိုင်းလမ်း ၃၀၊ အိမ်အမှတ် ၅၃၁ နေ ဒေါ်ခင်ဌေးရီ၏ခင်ပွန်း၊ မမေသန္တာလင်း (ငွေဖုန်ကုမ္ပဏီ)၊မနွေဥမ္မာလင်း(အာရှနေဘဏ်)၊ မနွယ်ဝတီလင်း၊ မတင်ရူပါလင်း၊ မောင်ဇော်ဘိုဘိုလင်းတို့၏ဖခင်သည် ၂–၂–၂၀၀၄ရက်(တနင်္လာနေ့)ညနေ ၅ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၆–၂–၂၀၀၄ရက် (သောကြာနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးကျော်မြင့်ထွန်း
(ဝါးခယ်မမြို့)
အသက်(၆၃)နှစ်

ဝါးခယ်မမြို့နေ (ဦးပို–ဒေါ်စိန်မေ) တို့၏သား၊ ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ၃၄ လမ်း၊ အမှတ် ၁၅၃ နေ (ဦးလှသောင်း–ဒေါ်ဖွားခုံ)တို့၏ သားသမက်၊ (ဦးကျော်တင့်–ဒေါ်ဌေးအောင်)၊ (ဦးသိန်းဟန်)–ဒေါ်သန်းသန်း၊ (ဒေါ်ရီရီဆွေ)၊ (ဦးတင့်လွင်)–ဒေါ်တင်တင်တို့၏ညီ/မောင်၊ ဦးမြင့်ဝင်း(မြန်မာ့ဆိပ်ကမ်းအာဏာပိုင်)၏အစ်ကို၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ မဟာမြိုင်အိမ်ရာ၊ တိုက် ၃၉၊ အခန်း B-4နေ ဒေါ်ရင်မေ၏ခင်ပွန်း၊ဦးကျုံဟန်–ဒေါ်မိမိ၊ကိုအောင်အောင်၊ မစုစုမွန်တို့၏ဖခင်၊ မောင်မျိုးမြတ်ဦး၊ မပုပုဟန်၊ မောင်ကောင်းဆက်ဟန်တို့၏အဘိုးသည် ၃–၂–၂၀၀၄ရက် ညနေ ၅း၁၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၅–၂–၂၀၀၄ရက် (ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ [အထက်ပါ ဒဂုံမြို့သစ် (မြောက်ပိုင်း)နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။]

ကျန်ရစ်သူမိသားစု။

ဒေါ်နန်းနူးနိုး
မူ/အုပ် အမက၊ မိုင်းယောင်း
တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးသိပ္ပံ
အမှတ်စဉ်(၃)
အသက်(၅၀)

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊မိုင်းယောင်းမြို့နေ ဦးနန်လိုင်–(ဒေါ်နန်းခမ်းခေး) တို့၏သမီးကြီး၊ (ဦးစပ်အွန်ကျောက်)၏ဇနီး၊ ဒေါက်တာစိုင်းခမ်းအွန် (မတ္တရာပြည်သူ့ဆေးရုံကြီး) – ဒေါ်နန်းရွှေအိမ်၊ ဒေါ်နန်းခမ်းမိုင် – Mr. Masao Nishizawa၊ ဦးစိုင်းခမ်းချစ်–ဒေါ်နန်းအွန်ကျောက်၊ ဒေါ်နန်းဒါဆွမ်း– ဦးစိုင်းထွန်း၊ ဦးစိုင်းစမင်းရှုန်၊ ဦးစိုင်းဒါးဏီး–ဒေါ်တိုးတိုးအေး၊ ဒေါ်နန်းနေခေး၊ ဦးစိုင်းကောင်ကျောက်၊ ဒေါ်နန်းခမ်းဖဲ–ခွန်စံဝိဆလွန်းနန္ဒာတို့၏ အစ်မကြီး၊ မနန်းမိုခေး၊ မောင်စိုင်းဟက်ခေး၊ မနန်းခမ်းဆိမ်းတို့၏မိခင်သည် ၁–၂–၂၀၀၄ရက် (တနင်္ဂနွေနေ့)ည ၁၁ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး ခါတ်ရောင်ခြည်ဌာန၌ကွယ်လွန်သွားပါ၍ ၅–၂–၂၀၀၄ ရက်(ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (ရန်ကုန်ဆေးရုံကြီး အအေးတိုက်မှကားများ မွန်းလွဲ ၂ နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဦးမျိုးလှိုင်(ခ)ဦးကစ္စိုး
(လားရှိုး)
အသက်(၇၇)နှစ်

ပခုက္ကူမြို့နေ ဒေါ်ခင်ရှု၏ခင်ပွန်း၊ ရန်ကုန်မြို့နေ (ဦးကိုကိုကြီး)၊ ပခုက္ကူမြို့နေ ဦးထွန်းကြည်–ဒေါ်စုစုလှိုင် (စိန်မှန်ဆိစက်နှင့်ဒီးခွဲစက်)၊ လားရှိုးမြို့၊ (၁၂) ရပ်ကွက်၊ နယ်မြေ ၈၊ ပေါင်းဝါလမ်း၊ အိမ်အမှတ် ၈၉ နေ ဦးကိုကိုလေး–ဒေါ်လှလှ၊ မြင်းခြံမြို့နေ ဦးမြမောင်–(ဒေါ်နုနုလှိုင်)၊ ဦးမြင့်လှိုင်–ဒေါ်ဝင်းကြည်၊ ဦးဝင်းအောင်–ဒေါ်ချိုချိုလှိုင်၊ ဦးမိုးသူ–ဒေါ်နီနီမာတို့၏ဖခင်၊မြေး ၁၇ ယောက်တို့၏အဘိုးသည် ၂၇–၁–၂၀၀၄ ရက် (အင်္ဂါနေ့) နံနက် ၁း၃၀ နာရီတွင် လားရှိုးမြို့၌ ကွယ်လွန်သွားပါသဖြင့် ၂၉–၁–၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးရှိ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အသိပေးအပ်ပါသည်။

လိုက်ပါပို့ဆောင်ပေးကြသည့် တရုတ်ဘုံကျောင်းအဖွဲ့နှင့် ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အားကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု။

ဦးတိုးမြင့်(ခ)ဦးတိုနီမြင့်
ဥက္ကဋ္ဌ (R.A.M) Co.,
အသက်(၅၇)နှစ်

ရန်ကုန်မြို့၊ လှိုင်မြင့်မိုရ်အိမ်ရာ၊ တိုက် ၃၂၊ အခန်း ၂၄ နေ ဦးသိန်းမြင့်–ဒေါ်စန်းတင်တို့၏သားသမက်၊ (ဦးထွန်းမြင့်–ဒေါ်ရီရီ)တို့၏သား၊ ရန်ကုန်မြို့၊ အမှတ် ၅၂၊ပထမထပ်၊ကျားကွက်သစ်လမ်းနေ ဒေါ်မွန်မွန်မြင့်(Mon Mon Beauty Saloon)၏ခင်ပွန်း၊တကကက အောင်ကိုကိုမြတ်၊ ဒေါ်နွဲ့ယဉ်ယဉ်မြင့်၊ ဒေါ်အိဇင်ဇင်မြင့်[အိ(ဗ) GVG]၊ မသင်းဖြူဖြူမြင့်၊ မောင်ဇေယျာမင်းသိဏ်း၊ မောင်အောင်ဇော်မင်းသိဏ်းတို့၏ ခဲအိုယောက်ဖသည် ၄–၂–၂၀၀၄ရက် မွန်းလွဲ ၁း၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆–၂–၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့၊ အမှတ် ၅၇၊ ပထမထပ်၊ ကျားကွက်သစ်လမ်းမှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

မောင်ကျော်စွာလင်း(ခ) ဖိုးကျော်
မြန်မာစာနောက်ဆုံးနှစ်
(ဒဂုံတက္ကသိုလ်)
အသက်(၂၃)နှစ်

ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊မာဃလုလင်လမ်းနေ (ဦးတင်)–ဒေါ်နု၊ ဦးကျော်မြ–ဒေါ်ပိုတို့၏မြေး၊ ဦးအေးသောင်း–ဒေါ်ကျင်ဟန်တို့၏သား၊ မနွေဇာဇာအေး (ထက်ထက်ဝင်းစတိုး၊ ၁၀ မိုင်ဈေး)၏မောင်သည် ၃–၂–၂၀၀၄ရက်(အင်္ဂါနေ့) ည ၉း၄၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၇–၂–၂၀၀၄ရက် (စနေနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၁၅ နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

မောင်ကိုကိုကောင်း
(ကောင်းမြတ်)
ဆဋ္ဌမတန်း(အေ)
(အလက–၄၊သာကေတ)
အသက်(၁၂)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၄/တောင်ရပ်ကွက်၊ အောင်မေတ္တာလမ်း၊ အမှတ် ၄၇၇/က နေ ဦးမြင့်သိန်း(၂၆)(ဒုအကောက်ခွန်မှူး) – ဒေါ်ခင်မာချို (သာကေတမြို့နယ် အမျိုးသမီးရေးရာ)တို့၏သားကြီး၊ ဦးစံညွှန့် (ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ)–ဒေါ်တင်ရီ (ဦးစိန်)–ဒေါ်ရီတို့၏မြေး၊ (ဦးခင်မောင်ဝေ)–ဒေါ်လှလှဌေး၊ (မစန်းစန်းဌေး)၊ (မောင်သိန်းတိုး)–မအေးအေးသိန်း၊ မောင်ကျော်ဝင်းခိုင်–မတင်တင်ထွေး၊ မောင်ဇော်ဝင်းခိုင်–မခင်သက်မာညွန့်၊ မသဉ္ဇာအေး၊ မသဉ္ဇာထွေး၊ မစိမ့်ချိုအောင်(အမျိုးသမီးဘောလုံး)၊ မောင်ဇော်လင်းအောင်တို့၏တူ၊ မောင်ထင်အောင်ကျော်၏ညီ၊ မောင်သော်ဇင်ထူး၊ မောင်ဖိုဖိုကောင်း၊ မောင်အောင်ခန့်ကျော်၊ မောင်ဝိုင်းချစ်တို့၏အစ်ကိုသည် ၁–၂–၂၀၀၄ရက်(တနင်္ဂနွေနေ့)ည ၁၁း၄၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅–၂–၂၀၀၄ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၇–၂–၂၀၀၄ရက် (စနေနေ့) နံနက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာယူမည်ဖြစ်ပါ၍ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဦးဂန္ဓသာရ(ခ)ဦးထွန်းညို
(မဟာသိဒ္ဓိကျောင်း)
(ပုသိမ်)
သက်တော်(၈၆)နှစ်၊
သိက္ခာတော်(၂၅)ဝါ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ (၆၅)ရပ်ကွက်၊ မင်္ဂလာရာမလမ်း၊ အိမ်အမှတ် ၈၇၅ နေ ဒေါ်ဒေါ်၏ခင်ပွန်း၊ ဦးဌေးအောင်–ဒေါ်ခင်အေးမော်၊ ဦးဇော်ဝင်းမြင့်–ဒေါ်သန်းသန်းချို တို့၏ ဖခင်၊ မယမင်းရွှေရည်၊ မောင်ကောင်းခန့်ဇော်တို့၏ အဘိုးသည် ၃–၂–၂၀၀၄ရက် (အင်္ဂါနေ့) မွန်းလွဲ ၁း၄၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၅–၂–၂၀၀၄ရက် (ကြာသပတေးနေ့) ညနေ ၃ နာရီတွင် သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (မဟာသိဒ္ဓိကျောင်းမှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးနီ
ကုန်သွယ်ရေး(အငြိမ်းစား)
ရေကျော်မက်သဒစ်ကျောင်းသားဟောင်း
အသက်(၈၅)နှစ်

ရန်ကုန်မြို့၊မြောက်ဥက္ကလာပမြို့နယ်၊ ဝေဘာဂီမြို့သစ်၊(၆)ရပ်ကွက်၊ ပိတောက်လမ်း၊အမှတ် ၆၁ နေ(ဦးလွယ်–ဒေါ်အုန်းခင်)တို့၏သား၊ (ဦးကိုကိုကြီး–ဒေါ်သိန်းခင်)တို့၏သားသမက်၊ (ဦးမြမောင်–ဒေါ်မြမေ)တို့၏ညီ/မောင်၊ (ဒေါ်မြဆွေ)၏ခင်ပွန်း၊ (ဦးကိုကိုလတ်–ဒေါ်အေးအေးသန်း)၊ ဦးတင်ဦး–ဒေါ်ခင်ဝင်းဆွေ၊ ဦးမြင့်သန်း–ဒေါ်ကြည်ကြည်ဝင်း၊(ဦးတိုးအောင်)–ဒေါ်ဌေးဌေး၊ ဦးကျော်ထွေး၊ ဒေါ်အေးအေး၊ ဦးဝင်းမောင်–ဒေါ်ရီရီမြင့်၊ ဒေါ်မာလာ၊ ဦးတင်ဝင်း၊ ဦးဌေးဝင်း–ဒေါ်အေးအေးစိုး၊ ဦးမြင့်ထွန်း–ဒေါ်လှလှဌေး၊ ဦးအောင်သန်းထွန်း–(ဒေါ်ခင်ခင်အေး)တို့၏ဖခင်၊ မြေး ၁၃ ယောက်၊ မြစ် ၁၀ ယောက်တို့၏ အဘိုးသည် ၃–၂–၂၀၀၄ရက် (အင်္ဂါနေ့) ည ၁၀း၂၀ နာရီတွင် အထက်ပါနေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၅–၂–၂၀၀၄ရက် ညနေ ၅ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ ညနေ ၄ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်းဒါယကာကြီး

ဦးမောင်မြင့်
အရာခံဗိုလ်(ငြိမ်း)
အသက်(၆၆)နှစ်

ဧရာဝတီတိုင်း၊ မအူပင်မြို့နယ် (ဦးစိုးမင်း–ဒေါ်မြ)တို့၏သား၊ (ဦးထွန်းလှ–ဒေါ်လှခင်)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ ရွှေပေါက်ကံမြို့သစ်၊ မြောက်ဥက္ကလာပမြို့နယ်၊ (၁၆)ရပ်ကွက်၊ လက်ဝဲသုန္ဒရလမ်း၊ အမှတ် ၁၃၃ နေ ဒေါ်မြင့်သန်း၏ခင်ပွန်း၊ ကိုမောင်ဦး–မမြင့်မြင့်ကြူ၊ ကိုအောင်နိုင်–မကြူကြူ၊ ကိုတင်နိုင်–မအေးအေးအောင်၊ ကိုကိုနိုင်–မဝေဝေလွင်၊ ကိုဌေးအောင်–မသီတာ၊ ကိုမျိုးနိုင်၊ ကိုရဲမင်းတို့၏ဖခင်၊ မြေး ရှစ်ယောက်တို့၏အဘိုးသည် ၄–၂–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉း၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၆–၂–၂၀၀၄ရက် (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဦးမြထူး
(အလပြ၊ ငြိမ်း)
အထက(၁)သဃ်န်းကျွန်း
အသက်(၅၂)နှစ်

ရန်ကုန်မြို့နေ ဦးလှတင်–ဒေါ်မြမေတို့၏သား၊ ဦးခင်မောင်–ဒေါ်မြရီတို့၏ သားသမက်၊ ဒေါ်ဖြူဖြူခင် (တောင်ဒဂုံ၊ အမက)၏ခင်ပွန်း၊ ဦးမြဦး(ရုံးအဖွဲ့မှူး၊ စီမံ/စီးပွား)–ဒေါ်ခင်မြင့်ဦး (ဗဟိုဘဏ်) တို့၏ညီ၊ ဒေါ်တင်ညွန့်၊ ဒေါ်ခင်ညွန့် (မြန်မာနိုင်ငံသားများဘဏ်)၊ ဒေါ်ဌေးဌေးမူ၊ ဒေါ်အေးအေး(အလပြ၊ အမက–၂၂၊ သာကေတ)၊ ဒေါက်တာဒေါ်ထားရီ၊ ဦးသန်းဦး (မထသခွဲ–၆)–ဒေါ်ခင်ခင်ဝင်း၊ ဒုရဲအုပ်တိုးလွင် (မှုခင်းတပ်ဖွဲ့)–ဒေါ်ယဉ်ယဉ်စန်း(မြန်မာနိုင်ငံ ရဲတပ်ဖွဲ့)တို့၏အစ်ကို၊ မလေးမိုမိုထူး–မောင်ကျော်၊ မောင်ကျော်ဇေယျထူး–မခိုင်ခင်မြင့်တို့၏ဖခင်၊ မြေးနှစ်ယောက်တို့၏ အဘိုးသည် ၁–၂–၂၀၀၄ရက်တွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂–၂–၂၀၀၄ရက်(တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ရန်ကုန်ဆေးရုံကြီးမှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဦးခင်ဟုတ် (ကျုံမငေး)
(အငြိမ်းစား၊ လ/ထတိုင်းပညာရေးမှူး၊ ပဲခူးတိုင်း)
အသက်(၈၀)

ကျုံမငေးမြို့နေ (ဦးစစ်တင်–ဒေါ်တင်စိန်)တို့၏သားကြီး၊ ရန်ကုန်မြို့၊ အမှတ် ၆၇/၂၊ ၆ လမ်း၊ မြင်သာ (၁၄/၁) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နေ ဒေါ်ခင်ဆုံ၏ခင်ပွန်း၊ (ဦးမြင့်ဦးမောင်)–ဒေါ်တင်တင်နွယ်၊ ဦးထင်လင်းမောင်–ဒေါ်အေးအေးတိုး၊ ဗိုလ်မှူး ညီဇော်မြင့်–ဒေါ်ခင်လတ်လတ်မွန်(ကထိက၊ရက္ခဗေဒဌာန၊ တောင်ငူတက္ကသိုလ်)၊ ဒေါ်ခင်အေးအေးမွန်တို့၏ဖခင်၊ ကျုံမငေးမြို့နေ ဒေါ်တင်တင်လှ၊ ရန်ကုန်မြို့နေ ဒေါ်သန်းသန်း၊ ဦးသိန်းထိုက်–ဒေါ်စန်းစန်းမြင့်၊ ဦးအောင်ဖုန်း–ဒေါ်ခင်စစ်အေး၊ ဦးသန်းလွင်–ဒေါ်အေးအေးသင်၊ ဦးမောင်မောင်တို့၏အစ်ကိုကြီး၊ ဦးဝင်းကို–ဒေါ်အေးသန္တာ၊ ဦးစည်သူ–ဒေါ်သီဂီမျိုးမြင့်၊ ဦးစစ်တိုင်းအောင် – ဒေါ်ယဉ်ဝင်းဝင်းအောင် (လက်ထောက်ကထိက၊ ဓာတုဗေဒဌာန)၊ ဦးဝေဖြိုးလင်း–ဒေါ်နွေဦးလွင်၊ ဦးစစ်သွေးအောင်–ဒေါ်သဉ္ဇာထွန်းတို့၏ဘကြီး၊ မချမ်းမြေ့ကျော်၊ မောင်ကျော်စွာအောင်၊ မနှင်းဝေလင်း၊ မောင်ဟိန်းထက်အောင်၊ မမေမီမောင်၊ မောင်ထက်လင်းအောင်၊ မယွန်းပွင့်အောင်၊ မောင်အောင်မင်းခန့်တို့၏ဘိုးဘိုးကြီးသည် ၃–၂–၂၀၀၄ရက်တွင် ဆာကူရာဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၅–၂–၂၀၀၄ ရက် နံနက် ၉ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၇း၃၀ နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးဝင်းရှိန် (ကျိုက်လတ်)
အသက်(၇၇)နှစ်

ကျိုက်လတ်မြို့နေ (ဦးပြန့်–ဒေါ်ပါး) တို့၏သား၊ ရန်ကုန်မြို့၊အလုံမြို့နယ်၊ အမှတ်၇၃၊၄၀လမ်းနေ (ဦးဟုတ်ရှဲ)–ဒေါ်သန်းတို့၏ညီ/မောင်၊ ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ဝါးတန်းလမ်း၊ အမှတ်၃၆၊ပထပ်နေ ဒေါ်ခင်မာရီ၏ ခင်ပွန်း၊ မလဲ့လဲ့ဦး–ကိုကြီးမြတ်၊ ကိုသိန်းထွဋ်ဝင်းတို့၏ဖခင်၊ မောင်ရဲလင်းအောင်(Kg. E°အလက–၁၊ဒဂုံ)၊ မဆုလဲ့ယဉ်ဝင်းတို့၏အဘိုးသည် ၄–၂–၂၀၀၄ရက်မွန်းလွဲ၁း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၆–၂–၂၀၀၄ရက် (သောကြာနေ့)နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက်၉း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်မြမြသီ (စစ်ကိုင်း)
အသက်(၆၀)

ရန်ကုန်မြို့၊တာမွေမြို့နယ်၊ကျောက်မြောင်းကြီးရပ်ကွက်၊ သုခလမ်း၊ အမှတ် ၆၇၊ ပထမထပ်(ဝဲဘက်)နေ ဗိုလ်မှူးရဲမြင့် (ငြိမ်း)၏ဇနီး၊ ဦးသီဟနောင်–ဒေါ်ဌေးဌေးခိုင်၊ ဦးကျော်ဇေယျ– ဒေါ်နန်းနုဝါ၊ ဦးဇော်မင်းသူ – ဒေါ်အေးနှင်းဦးတို့၏မိခင်ကြီး၊ မြေးငါးယောက်တို့၏အဘွားသည် ၄–၂–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉း၄၀နာရီတွင် အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ကွယ်လွန်ပါ၍ ၆–၂–၂၀၀၄ရက်(သောကြာနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထွေထွေရောဂါကုဆေးရုံသစ်ကြီးမှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးမောင်စောသိန်း
ဆသရ စာတိုက်မှူး
(မင်္ဂလာဒုံလေဆိပ်)
အသက်(၄၉)နှစ်

မင်းပြားမြို့နေ (ဦးလှထွန်းဖြူ)–ဒေါ်ကြာလှဦးတို့၏သား၊ (ဦးသံခဲအောင်–ဒေါ်ဦးစိန်သာ)၊ (ဦးစိန်ကျော်အောင်)–ဒေါ်ကြာခိုင်ဖြူ၊ ဦးစိန်လှကျော်၊ ဒေါ်နန်းစိန်၊ ဦးကျော်ခိုင်–ဒေါ်ခင်ခင်၊ (ဦးရွှေလှ–ဒေါ်ခိုင်မဖြူ)၊ (ဦးစံသာ)–ဒေါ်လုံးမ၊ ဦးမောင်ဖြူ၊ ဦးမောင်နု၊ ဒေါ်သန်းစိန်၊ ဦးဘိန်းနု၊ ဒေါ်ကြင်ဥ၊ ဦးမြင့်ဇော်၊ ဒေါ်လှသိန်းမေတို့၏ ညီ/မောင်၊ ဦးကျော်လှ၊ ဒေါ်သန်းနုတို့၏ အစ်ကို၊ ဒေါ်နုစိန်၏ခင်ပွန်း၊ မောင်ရဲထွန်းဘော်၊ မောင်ရဲထွန်းအောင်၊ မစောလှရွှေတူ၊ စောလှသန္တာတို့၏ဖခင်သည် ၃–၂–၂၀၀၄ရက် နံနက် ၅း၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၅–၂–၂၀၀၄ရက် (ကြာသပတေးနေ့)မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(အမှတ် ၅၁၊ ကန်ကြီးအောင်လမ်း၊ ဆယ်မိုင်ကုန်း နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်ခင်ခင် (မော်လမြိုင်)
(ညောင်ပင်ဆိပ်)
အသက်(၈၉)နှစ်

မော်လမြိုင်မြို့၊ သီရိမြိုင်ရပ်၊ ၁၃ လမ်း၊ အမှတ် ၂၂နေ(ဦးစံညွန့်–ဒေါ်ရွှေညာ)တို့၏သမီး၊ (ဦးအံတွန်–ဒေါ်သိန်းရွှေ)တို့၏သမီးချွေးမ၊ (ဦးစိန်ကြိုင်)၏ဇနီး၊ (ဦးကျော်ရှိန်)–ဒေါ်မေမေခင်တို့၏အစ်မ၊ဦးစွန်အီ–ဒေါ်မြင့်မြင့်ကြီး၊ ဒုတိယဗိုလ်မှူးကြီးစိုးဌေး(ရေ၊ငြိမ်း)–ဒေါ်သန်းဝင်း(ဦးစီးအရာရှိ၊နယ်စပ်ကုန်သွယ်ရေး၊ ငြိမ်း)၊ ဦးကင်ချွန်းတင်–ဒေါ်အေးအေးမော်၊ (ဦးအောင်ရွှေ)–ဒေါ်စုစုသိန်း၊ ဦးတင်မောင်ဝင်း–ဒေါ်ကျင်စွမ်း၊ ဦးကိုကိုကြီး–ဒေါ်သိန်းသိန်းအေး၊ ဦးဝင်းမြင့်–ဒေါ်တင်မိုမိုနိုင်တို့၏မိခင်၊ မြေး ၃၀ ယောက်၊ မြစ် ၁၃ ယောက်တို့၏အဘွားသည် ၁၆–၁–၂၀၀၄ရက်(သောကြာနေ့) နံနက် ၉း၁၀ နာရီတွင် အထက်ပါ နေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၈–၁–၂၀၀၄ရက်(တနင်္ဂနွေနေ့)မွန်းတည့် ၁၂ နာရီတွင် မော်လမြိုင် ပိန္နဲကုန်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဦးဘိုအေး
ပြည်တွင်းအခွန်များဦးစီးဌာနမှူး(ငြိမ်း)
အသက်(၆၈)နှစ်

ရန်ကုန်မြို့၊ ကျောက်မြောင်းနေ (ဦးဘာနီ–ဒေါ်ကျင်အေး)တို့၏ သား၊ တံတားကြီးရွာနေ (ဦးမြ–ဒေါ်ပန်းသင်)၊ (ဦးသောင်း) – ဒေါ်ဟန်တို့၏ သားသမက်၊ ရွှေပြည်သာမြို့၊ ၆/၁၂/၁၈၅ (ခ)၊ မကွေး ၃ လမ်းနေ ဒေါ်မြင့်မြင့်သန်း၏ခင်ပွန်း၊ ဦးမိုးကျော်သူ–ဒေါ်သန်းသန်းစိုး၊ (ဦးရဲထွဋ်အေး)–ဒေါ်တင်တင်နွယ်၊ ဦးရည်ဆွေ–ဒေါ်အိရွှေစင်အေးတို့၏ဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၃–၂–၂၀၀၄ရက် (အင်္ဂါနေ့)နံနက် ၁၁း၁၁ နာရီတွင် ကွယ်လွန်သွားပါ၍ ၅–၂–၂၀၀၄ရက် ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဦးမြမောင်
(မလှိုင်၊အောင်စည်)
အသက်(၆၀)

မလှိုင်မြို့နယ်၊အောင်စည်ကျေးရွာနေ (ဦးလှ–ဒေါ်တော်)တို့၏သား၊ ဒေါ်ခင်သိန်း၏ခင်ပွန်း၊ (ဦးထွန်းရီ)၊ (ဦးချစ်မောင်)–ဒေါ်နန်းနွဲ့နွဲ့ရီ(တောင်ကြီးမြို့)တို့၏ညီ၊ ဦးသန်းမောင်(ထေရဝါဒ ဗုဒ္ဓတက္ကသိုလ်)၏အစ်ကို၊ ဦးမျိုးအောင် (ဆလက၊ဖျာပုံ)–ဒေါ်ခင်မိုးလှိုင်၊ ကိုတင်ထွန်းနိုင်၊ ကိုအောင်ဇော်နိုင်၊ ကိုအောင်ဇော်ခိုင်–မအေးအေးခိုင်၊ ကိုဝင်းထူးနိုင်၊ မောင်စွမ်းထက်နိုင် (X-A၊ အထက–၂၊ ဒဂုံ)တို့၏ဖခင်သည် ၃–၂–၂၀၀၄ ရက် (အင်္ဂါနေ့) နံနက် ၅ နာရီတွင် ရန်ကုန်မြို့ အာရှတော်ဝင်အထူးကုဆေးခန်း၌ကွယ်လွန်သွားပါ၍ ၅–၂–၂၀၀၄ ရက်(ကြာသပတေးနေ့)မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (တိုက်အမှတ် ၃၄၊ အခန်း ၁၆၊ ဦးဝိစာရအိမ်ရာ၊ ဒဂုံမြို့နယ် နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၉–၂–၂၀၀၄ရက်(တနင်္လာနေ့)နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါ ဦးဝိစာရအိမ်ရာ နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ကျန်ရစ်သူမိသားစု။

ဦးသန်းဦး (ခ)
U Eddi Richardson
Chief Guide
(Operation Director)
Myanmar Tourex
Travel Service Ltd.
အသက်(၅၁)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျိုက္ကဆံလမ်း၊ အမှတ် ၂၇၉၊ ဒုတိယထပ်နေ (ဗိုလ်ကြီးချစ်စိန်၊ ငြိမ်း–ဒေါ်ကြည်ကြည်စိန်)တို့၏သား၊ ဦးကျော်ရွှေ–ဒေါ်ခင်စိန်တို့၏သားသမက်၊ ဒေါ်ချိုပြုံး(ခ)ဒေါ်မေဇင်နိုင်၏ခင်ပွန်း၊ ဒေါ်ညွန့်ညွန့်စိန်၊ ဒေါ်တင်တင်အေး၊ ဦးဌေးအောင်–ဒေါ်မာလာစိန်တို့၏ညီ/မောင်၊ မအေးသန္တာမြင့် (ပဥ္စမတန်း၊ အထက–၁၊ ဒဂုံ)၊ မောင်ဉာဏ်လင်းထက် (သုငယ်တန်း၊ အထက–၁၊ ဒဂုံ)တို့၏ဖခင်သည် ၃–၂–၂၀၀၄ရက် နံနက် ၁၁း၂၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅–၂–၂၀၀၄ ရက် နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ် မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။
R. 488

ညောင်တုန်းတွင်းသစ်အမှတ်(၂၁)မှ သဘာဝဓာတ်ငွေ့ ကုဗပေ ၆ ဒသမ ၉၇၄ သန်းနှင့် လေဆီ ၇၂ စည် နေ့စဉ်ထုတ်လုပ်လျက်ရှိ တွင်းပေါင်း ၁၆ တွင်းမှ သဘာဝဓာတ်ငွေ့ ကုဗပေ ၈၃ သန်းခန့်နှင့် လေဆီ ၁၁၈၄ စည်ခန့် နေ့စဉ်ထုတ်လုပ်ပေးနေ

ရန်ကုန် ဖေဖော်ဝါရီ ၄

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့ မွန်းလွဲပိုင်းတွင် ဧရာဝတီတိုင်း ညောင်တုန်းဒေသရှိ ညောင်တုန်း ရေနံနှင့် သဘာဝဓာတ်ငွေ့မြေသို့ သွားရောက်စစ်ဆေးသည်။

ဝန်ကြီးအား ညောင်တုန်းရေနံနှင့် သဘာဝဓာတ်ငွေ့မြေ ရှင်းလင်းဆောင်၌ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းအင်ဂျင်နီယာချုပ်(တူးဖော်ရေး) ဦးရဲခေါင်က ညောင်တုန်းတွင်းအမှတ်(၂၁)ကို အောင်မြင်စွာတူးဖော်ဆောင်ရွက်ခဲ့မှုအခြေအနေ၊ လက်ရှိထုတ်လုပ်နေမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြရာ ဦးဆောင်ညွှန်ကြားရေးမှူး ဦးစန်းလွင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။ ဝန်ကြီးက ညောင်တုန်းဘူမိအနေအထားနှင့် ဆက်စပ်လျက်ရှိသည့် မအူပင်၊ ပန်းတနော်၊ ညောင်တုန်း(အလယ်) ဒေသများအတွင်း တွင်းသစ်များ ဆက်လက်ရှာဖွေတူးဖော်နိုင်ရေး၊ ရေနံနှင့်သဘာဝဓာတ်ငွေ့တိုးတက်ထုတ်လုပ်နိုင်ရေး၊ ညောင်တုန်း-ရွာမ (၁၄)လက်မ သဘာဝဓာတ်ငွေ့ ပိုက်လိုင်းအသစ်ကို အချိန်မီဆက်သွယ်ခင်းကျင်းနိုင်ရေးတို့ကို မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထုတ်လုပ်လျက်ရှိ

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက တွင်းတူးဖော်ရေးဆောင်ရွက်ခဲ့ကြသည့် ဝန်ထမ်းများအား အားပေးစကားပြောကြားပြီး ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးအပ်သည်။ ဆက်လက်၍ ဝန်ကြီးသည် တွင်းသစ်အမှတ်(၂၁)သို့ သွားရောက်ပြီး တွင်းတူးဖော်ပြီးစီးမှုနှင့်

စာမျက်နှာ ၄ ကော်လံ ၁ ▼

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ ဧရာဝတီတိုင်း ညောင်တုန်းဒေသရှိ ညောင်တုန်း ရေနံနှင့် သဘာဝဓာတ်ငွေ့မြေရှိ တွင်းသစ်အမှတ်(၂၁)မှ သဘာဝဓာတ်ငွေ့နှင့် လေဆီ Condensate ထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ **(စွမ်းအင်)**

ဧရာဝတီတိုင်း ညောင်တုန်းဒေသရှိ ညောင်တုန်းရေနံနှင့်သဘာဝဓာတ်ငွေ့မြေရှိ တွင်းသစ်အမှတ်(၂၁)မှ သဘာဝဓာတ်ငွေ့ထွက်ရှိမှုကို တွေ့ရစဉ်။ **(စွမ်းအင်)**

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အသက်(၁၈)နှစ်အောက် ဘင်းမ်စတက်ဘောလုံးပြိုင်ပွဲ မြန်မာလူငယ်နှင့် အိန္ဒိယလူငယ် ဂိုးမရှိသရေကျ

ရန်ကုန် ဖေဖော်ဝါရီ ၄

ပထမအကြိမ် အသက်(၁၈)နှစ်အောက် ဘင်းမ်စတက် (BIMST-EC)လူငယ်ဘောလုံးပြိုင်ပွဲကို ထိုင်းနိုင်ငံ ဖူးကတ်မြို့၌ ယနေ့ဆက်လက်ကျင်းပရာ ဒေသစံတော်ချိန် ညနေ ၄ နာရီ၌ ယှဉ်ပြိုင်ကစားသည့် အုပ်စု(ခ)မှ မြန်မာလူငယ်အသင်းနှင့် အိန္ဒိယလူငယ်အသင်း ပွဲစဉ်တွင် တစ်ဖက်နှင့်တစ်ဖက် ဂိုးမသွင်းနိုင်ဘဲ ဂိုးမရှိသရေပွဲဖြစ်သွားသည်။

မြန်မာလူငယ်နှင့် အိန္ဒိယ လူငယ်တို့သည် ၂၀၀၂ ခုနှစ် ယူအေအီးနိုင်ငံ၌ကျင်းပသည့် အသက်(၁၇)နှစ်အောက် အာရှလူငယ်ဘောလုံးပြိုင်ပွဲတွင် ဆုံတွေ့ခဲ့ရာ အိန္ဒိယလူငယ်အသင်းက မြန်မာလူငယ်အသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ယခုပြိုင်ပွဲတွင် ပြန်လည် ဆုံတွေ့ရာ၌ ဂိုးမရှိသရေကျပြီး တစ်မှတ်စီခွဲယူလိုက်ရသဖြင့် မြန်မာလူငယ်အသင်း၏ တိုးတက်လာမှုပင်ဖြစ်သည်။

ယနေ့ပွဲ

ဖေဖော်ဝါရီ ၅ ရက် (ယနေ့) ဒေသစံတော်ချိန် ညနေ ၆ နာရီတွင် အုပ်စု(ခ)မှ မြန်မာလူငယ်အသင်းနှင့် ဘူတန်လူငယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

ဖေဖော်ဝါရီ ၃ ရက်က (၄၉)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုဒိုင်း ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပွဲစဉ်အဖြစ် (ခခ)အုပ်စုမှ ရန်ကုန်တိုင်းအသင်းနှင့် မန္တလေးတိုင်း အသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်မှုမြင်ကွင်း။ **(မြန်မာ့အလင်း)**

မြန်မာ့ဘောလုံးအနာဂတ်ခရီးမဝေးတော့ပါ

သတင်းဆောင်းပါး-မောင်မောင်ထွေး

ရန်ကုန် ဖေဖော်ဝါရီ ၄

တစ်ချိန်က အရှေ့တောင်အာရှနှင့် အာရှအဆင့်တို့တွင် မြန်မာဘောလုံးသမိုင်းကြောင်းသည် ရွှေရောင်တဖျပ်ဖျပ်ဖြင့် ခမ်းနားထည်ဝါခဲ့ရုံမက ကမ္ဘာ့အဆင့်သို့ပင်တက်လှမ်းနိုင်ခဲ့ရာ အခြားဒေသတွင်း ပြိုင်ဘက်နိုင်ငံများထက် ခြေလှမ်းပေါင်းများစွာ သာခဲ့ကြပေသည်။

သို့သော် ၁၉၇၅ ခုနှစ် နောက်ပိုင်းကာလများတွင် မြန်မာဘောလုံးအသင်းသည် အကြောင်းအမျိုးမျိုးကြောင့် တဖြည်းဖြည်း နေးကွေးကျဆင်းလာခဲ့ကြပေသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက်တွင် မြားမြောင်လှသော နိုင်ငံ့တာဝန်များကြားမှ မြန်မာဘောလုံးလောက ပြန်လည်တိုးတက်ဦးမော့လာစေရေးကို အလေးထားဆောင်ရွက်ခဲ့ကြရာ

စာမျက်နှာ ၁၃ ကော်လံ ၁ ●

ယနေ့ထုတ်ခေါင်းရေ ၁၉၉၀၈၆